မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး သတင်းစာစောင်

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီကို ထောက်ခံကြ

The Lightning Newsletter

အမှတ် (၇၉) ခရစ်နှစ်၊ ၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ　　မြန်မာသက္ကရာဇ် (၁၃၆၈)　　( ၁၅-၁-၉၉ ) ရက်နေ့တွင်စတင်တည်ထောင်သည်။

## မြန်မာပြည်ငြိမ်းချမ်းရေး၊ ခေါင်းဆောင်များလွတ်မြောက်ရေးအတွက် (၈၈) မျိုးဆက်များနှင့် ပြည်သူများ နိုင်ငံတဝှမ်းတွင်ဆုတောင်း

၈၈ မျိုးဆက်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်လူငယ်များနှင့် လူ (၁၀၀) ကျော်ပါဝင်သော ဒီမိုကရေစီထောက်ခံသူများသည် အောက်တိုဘာလ (၂၉) ရက်နေ့က ရွှေတိဂုံစေတီတော်သို့သွားရောက်၍ မြန်မာပြည်ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေးအတွက် ဆုတောင်းခဲ့ကြသည်။

ချိုးငှက်ပုံစတစ်ကာနှင့် အဖြူရောင်တီရှပ်များဆင်တူဝတ်ဆင်၍ ဖယောင်းတိုင်များကိုင်ဆောင်လာသော ဆုတောင်းဝတ်ပြုသူများ၏အနီးတဝိုက်တွင် အရပ်ဝတ်ရဲများစောင့်ကြည့်နေသော်လည်း တစုံတရာအန္တရာယ်မပြုကြောင်း ဆုတောင်းပွဲတွင်ပါဝင်သူများကပြောသည်။

တပတ်ကြာမြင့်မည့် တနင်္ဂနွေနေ့၊ နံနက် (၉) နာရီ ဆုတောင်းပွဲသည် အောက်တိုဘာလအစောပိုင်းက အဆုံးသတ်သွားသော တွေ့ဆုံဆွေးနွေးရေးနှင့် အဖမ်းခံထားရသော ခေါင်းဆောင်များလွတ်မြောက်ရေး လူထုဆန္ဒပြလက်မှတ်ထိုးပွဲ၏အဆက်ဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး၊ ခွန်ထွန်းဦး၊ (၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင်များ၊ နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေးနှင့် တွေ့ဆုံဆွေးနွေးရေး လူထုဆန္ဒပြုလွှာတွင် လူ (၅) သိန်းကျော် လက်မှတ်ထိုးခဲ့သည်၊

၎င်းလက်မှတ်ထိုးဆန္ဒပြုလွှာ စီစဉ်သူများသည် လူထုအားလိမ်လည်၍ လက်မှတ်ထိုးခိုင်းခဲ့ကြောင်း နအဖက၏သတင်းစာမှတဆင့် စွပ်စွဲခဲ့ချက်အပေါ် (၈) လေးလုံးမျိုးဆက်ခေါင်းဆောင်တဦးဖြစ်သူ ကိုအုံ့ဖွယ်ကျော်က “ဟာသတပုဒ်သာဖြစ်ကြောင်း”တုံ့ပြန်ပြောဆိုသည်။

ဆုတောင်းပွဲမတိုင်မီက (၈၈) မျိုးဆက်များသည် နိုင်ငံတဝှမ်းရှိ လူမျိုးပေါင်းစုံ ပြည်သူ လူထုအား မိမိတို့သက်ဆိုင်ရာယုံကြည်မှုအလိုက် ငြိမ်းချမ်းရေးဆုတောင်းပွဲများပြုလုပ်ရန် မေတ္တာရပ်ခံထားသည်။

“မေတ္တာတရားဆိုတဲ့ အဓိပ္ပါယ်ကို မြန်မာလူထုတွေသိတယ်။ ဒါကြောင့် ဘာသာတရားကိုင်းရှိုင်းတဲ့လူထုကို မြန်မာပြည်ကြီးငြိမ်းချမ်းရေးအတွက် ဆုတောင်းပေးကြဖို့ ကျနော်တို့ တိုက်တွန်းနေတာဖြစ်တယ်”ဟု ဆုတောင်းပွဲစီစဉ်သူတဦးဖြစ်သော ကိုကျော်မင်းယုကပြောသည်။

(၈၈) မျိုးဆက်များ၏ ငြိမ်းချမ်းရေးလှုပ်ရှားမှုကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကကြိုဆိုလိုက်ပြီး အဖွဲ့ချုပ်ဝင်များအနေဖြင့်လည်း ဆုတောင်းပွဲတွင် ကိုယ့်အစီအစဉ်နှင့်ဆန္ဒအတိုင်းပါဝင်နိုင်ကြောင်း အဖွဲ့ချုပ်ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းကပြောသည်။

မကြာမီကထွက်ပေါ်လာသော သတင်းများအရ ကုလသမဂ္ဂအထူးအရာရှိ မစ္စတာဂမ်ဘာရီသည် မြန်မာနိုင်ငံသို့ နိုဝင်ဘာ (၉) ရက်နေ့မှ (၁၂) နေ့အထိ လာရောက်မည်ဖြစ်ရာ (၈၈) မျိုးဆက်များကလည်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး၏ ကိုယ်စားလှယ်ကို တွေ့ဆုံရန်ဆန္ဒရှိနေကြောင်းသိရသည်။

မစ္စတာဂမ်ဘာရီသည် သူ၏ မေလခရီးစဉ်အတွင်း မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၊ နအဖအကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေတို့နှင့် ပထမဆုံးအကြိမ်တွေ့ဆုံခဲ့ပြီး လာမည့်ခရီးစဉ်တွင်လည်းအလားတူ အစီအစဉ်များရှိကြောင်း သံတမန်သတင်းရပ်ကွက်ကို ကိုးကားသော သတင်းများကဆိုသည်။

အောက်တိုဘာ (၂၄) နေ့က နေအိမ်အကျယ်ချုပ်သက်တမ်း (၁၁) နှစ်ပြည့်သွားသော၊ အသက် (၆၁) နှစ်အရွယ် မြန်မာ့ဒီမိုကရေစီခေါင်းဆောင်သည် လွန်ခဲ့သော (၂) လကျော်ကတည်းက မိသားစုဆရာဝန်နှင့်တွေ့ခွင့် ပိတ်ပင်ခံထားရသဖြင့် သူမ၏ကျန်းမာရေးကိုစိုးရိမ်ကြောင်း အဖွဲ့ချုပ်က မကြာမီက ထုတ်ဖော်ပြောဆိုထားသည်။ ❖

**အရေးတော်ပုံ အချုပ်ပို (၄) မျက်နှာပါဝင်သည်။**

## ကုလလက်ထောက်အတွင်းရေးမှူးချုပ်၏မြန်မာပြည်ခရီးစဉ်ပြီးဆုံး၊ ပြည်တွင်းပြည်ပဝေဖန်မှုများကျယ်ပြန့်



နိုဝင်ဘာ (၁၂) ရက်နေ့က ပြီးဆုံးသွားသော မြန်မာပြည်ခရီးစဉ်အပေါ် ကျေနပ်မှုရှိသည်ဟု ကုလသမဂ္ဂလက်ထောက်အတွင်းရေးမှူး မစ္စတာအီဘရာဟင်ဂမ်ဘာရီက နယူးယောက်သို့အပြန်၊ ဘန်ကောက်လေဆိပ်တွင် သတင်းထောက်များပြောဆိုမှုအပေါ် ပြည်တွင်းပြည်ပတွင် မေးခွန်းထုတ်နေကြသည်။

မစ္စတာဂမ်ဘာရီ၏ ခရီးစဉ်မတိုင်မီက ကုလမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်က မြန်မာပြည်တွင် သိသာသော နိုင်ငံရေးအပြောင်းအလဲများဖြစ်ပေါ်ရန် လိုအပ်ကြောင်းပြောဆိုခဲ့သော်လည်း မစ္စတာဂမ်ဘာရီ၏ နိုဝင်ဘာ (၉) မှ (၁၂) နေ့ ခရီးစဉ်အတွင်း အလားတူတောင်းဆိုမှုမျိုး မရှိခဲ့ပေ။

လုံခြုံရေးကောင်စီက မြန်မာ့အရေးတရားဝင်ဆွေးနွေးနေသည့် ကာလအတွင်း မြန်မာပြည်သို့လာရောက်ခဲ့သော မစ္စတာဂမ်ဘာရီ၏ခရီးစဉ်သည် ပြီးခဲ့သော မေလခရီးစဉ်ကဲ့သို့ ဘာမှထူးခြားမှုမရှိသော ခရီးစဉ်အဖြစ် ပြည်တွင်းပြည်ပမှ အတိုက်အခံများက ကောက်ချက်ချနေကြသည်။

စစ်အုပ်စုအားဖိအားပေးရန် မြန်မာပြည်သို့ရောက်လာသော မစ္စတာဂမ်ဘာရီသည် နိုဝင်ဘာလ (၁၀) ရက်နေ့တွင် နိုင်ငံတကာနှင့် ကုလသမဂ္ဂက အသိအမှတ်မပြုသော ညောင်နှစ်ပင်ညီလာခံသို့သွားရောက်ခဲ့ပြီး၊ နောက်တနေ့တွင် နအဖ နံပါတ် (၁) ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် နံပါတ် (၂) ခေါင်းဆောင် ဗိုလ်ချုပ်မောင်အေးတို့နှင့်လည်း တွေ့ဆုံခဲ့သည်။

စနေနေ့က ကုလလက်ထောက်အကြီးအကဲနှင့် ကြပ်ပြေး၍ တနာရီကြာတွေ့ဆုံရာတွင် နအဖအကြီးအကဲက ၎င်းတို့အနေဖြင့် လမ်းပြမြေပုံအတိုင်းသာဆက်သွားရန် ဆုံးဖြတ်ထားကြောင်း သတင်းစကားကို ကမ္ဘာသ ိ ု ့ ပြောင်ပြောင်တင်းတင်းပြောကြားခဲ့သည်။

နိုဝင်ဘာ (၁၁) ရက်နေ့ ညနေ (၅) နာရီ (၁၀) မိနစ်တွင် ရန်ကုန်မြို့ စိမ်းလဲ့ကန်သာ နအဖဧည့်ဂေဟာတွင် မြန်မာဒီမိုကရေစီခေါင်းဆောင်နှင့် တနာရီကြာ တွေ့ဆုံခဲ့ပြီးနောက် မစ္စတာဂမ်ဘာရီက ဒေါ်အောင်ဆန်းစုကြည်၏ ကျန်းမာရေးကောင်းမွန်နေသော်လည်း ကြပ်ကြပ်မတ်မတ် ဂရုစိုက်ရန်လိုအပ်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။

၎င်းကြေညာချက်နှင့်အတူ (၂၀၀၃) ခုနှစ်မေလကတည်းက ပြင်ပနှင့်အဆက်အသွယ်ဖြတ်တောက်ခံထားရသော လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ ဓာတ်ပုံကို ပထမဆုံးပြန်လည်မြင်တွေ့ရသဖြင့် လူထု၏ သောကအနည်းငယ်သက်သာသွားသော်လည်း (၁၁) ကျော်ကြာ အဖမ်းခံထားရသော ခေါင်းဆောင်ကို လွှတ်မြောက်စေလို့သောအာသီသများ ပိုမိုပြင်းပြနေကြသည်။

စာမျက်နှာ (၃) ကော်လံ (၁) သို့



မင်းဆိုးကို "မိုးကြိုး" ပစ်ပြီ

## အယ်ဒီတာ့အာဘော်

# မွဲပြာကျနေသည့် နအဖမီဒီယာသေနင်္ဂဗျူဟာ

သက္ကရာဇ် ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ (၂) ရက်နေ့တွင် နအဖသတင်းပြန်ကြားရေးကော်မတီ၏သတင်းစာရှင်းလင်းပွဲ (၇၊၂၀၀၆) ကို ယင်းကော်မတီဝင်ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း ဦးဆောင်ပြုလုပ်ခဲ့သည်။

သတင်းစာရှင်းလင်းပွဲ၏ အဓိကရည်ရွယ်ချက်မှာ အတိုက်အခံ ဒီမိုကရေစီအင်အားစုများ၏ တရားသော ဒီမိုကရေစီရေးကြိုးပမ်းမှုများကို အဖျက်လုပ်ငန်းများ၊ အကြမ်းဖက်လှုပ်ရှားမှုများ၊ အနောက်နိုင်ငံသြဇာခံများအဖြစ် အချက်အလက်မရှိ၊ အခြေအမြစ်မရှိ၊ ကျိုးကြောင်းဆက်စပ်မှုကင်းမဲ့စွာ စွပ်စွဲပြောကြားနေခြင်းအားဖြင့် ပြည်သူလူထုအတွင်း ယုံကြည်မှု မရစေကာမူ တပ်မတော်သားများအတွင်း ယုံထင်ကြောင်ထင်ဖြစ်စေလိုခြင်းဖြစ်သည်။ တနည်းအားဖြင့် ၎င်းတို့၏ ကျရှုံးနေသောအခြေအနေများကို ဖုံးကွယ်ရန်ကြိုးပမ်းသည့် ဆင်သေကိုဆိတ်သရေနှင့်ဖုံးသည့်ပြပွဲဖြစ်၏။

ဗိုလ်ချုပ်ခင်ညွန့် ဝန်ကြီးချုပ်တာဝန်မှ ဖယ်ရှားခံရပြီးနောက်ပိုင်းတွင် နအဖ၏ သေနင်္ဂဗျူဟာမှာ အပြောင်းအလဲမရှိသော်လည်း နည်းပရိယာယ်ပိုင်းတွင် ပို၍မွဲပြာကျလာသည်ကိုတွေ့မြင်နေရသည်။ ဗိုလ်ခင်ညွှန့်လက်ထက်က ဗိုလ်မှူးချုပ်သန်းထွန်း၊ ဗိုလ်မှူးကြီးစန်းပွင့် စသော ပညာတတ်ပုဂ္ဂိုလ်၏ နည်းပရိယာယ်ကြွယ်ဝမှုကြောင့် မြန်မာပြည်တွင် အေးဆေး တည်ငြိမ်သော အပြောင်းအလဲဖြစ်ပေါ်ရမည်ဟူသော နိုင်ငံတကာအသိုင်းအဝိုင်း၏ မျှော်လင့်ချက်များပျောက်ကွယ်သွားခဲ့ပြီဖြစ်သည်။

မီဒီယာကိုမီဒီယာထိုးစစ်ဖြင့်ပြန်တိုက်မည်ဟု ဟန်တလုံးပန် တလုံးကြွေးကြော်လုပ်ဆောင်နေသည့် ဗိုလ်မှူးချုပ်ကျော်ဆန်း၏ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားချက်များနှင့်တက်ရောက်လာသော သတင်းစာဆရာကြီးများ၏ ဂုဏ်သိက္ခာကိုမထောက်ငဲ့ပဲ ကက်ကက်လန်အောင် နှုတ်သီးကောင်းလျှာပါးရန်တွေ့မှုများသည် မီဒီယာလုပ်ငန်းကိုကျွမ်းကျင်လျက် မှန်ကန်သောမီဒီယာဗျူဟာကို ကျင့်သုံးနိုင်စွမ်းမရှိသည့် နအဖ၏ကျဆုံးမှုများကို ပိုမိုထင်ရှားစေသည်။

ဗိုလ်မှူးချုပ်ကျော်ဆန်း၏ပြောကြားချက်များကို သုံးသပ်ကြည့်ပါက နအဖ၏ ဆိုးရွားကြောက်ရွံ့မှုကို အထင်အရှားတွေ့မြင်နေရသည်။

ကျောင်းသားလူငယ်များ၏အကြမ်းမဖက်သော နိုင်ငံရေးအံတုမှုကို ပိုမိုစိုးရိမ်ထိတ်လန့်မှုကိုတွေ့မြင်ရသည်။ အသက် (၃၀) ကျော်ခန့်သာရှိသေးသည့် လူငယ်တဦးကို ထောင်ဒဏ် (၅၉) နှစ်ချမှတ်လျက် သေဆုံးတော့မည်ကိုသိသည့်တိုင် လွှတ်မပေးဘဲ ထောင်ထဲတွင်ပင် သူရဲကောင်းအဖြစ်ကျဆုံးစေခဲ့သည့်အထိ နအဖ၏ နည်းပရိယာယ်မွဲပြာကျမှုမှာ ခန့်မှန်းရသည်ထက် ပို၍ဆိုးရွားနေသည်ကို တွေ့မြင်နေရသည်။

၎င်းတို့အစိုးရိမ်ဆုံး၊ အကြောက်ရွံ့ဆုံးအရာမှာ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ အရေးယူဆောင်ရွက်လာမည့်အချက်ဖြစ်သည်။ ဒီမိုကရေစီဖြစ်ထွန်းရေးအတွက် တက်တက်ကြွကြွ လှုပ်ရှားနေကြသည့် NCUB၊ DPNS၊ NLD-LA ၊ ABSDF နှင့် FTUB တို့အားလည်း အခြေအမြစ်ကင်းမဲ့စွာ အကြမ်းဖက်အဖွဲ့များအဖြစ် စွပ်စွဲနေကြသည်ကို နိုင်ငံတကာလူ့အဖွဲ့အစည်းက ရယ်သွမ်းသွေးလျက်ရှိသည်။

စီးပွားရေးအရပိတ်ပင်ခံရသူများ၊ နိုင်ငံတကာမှ အကူအညီများရပ်ဆိုင်းထားမှုများ၏ လက်သည်တရားခံမှာ နအဖအုပ်ချုပ်ရေးစနစ်ပင်ဖြစ်သည်။

သို့သော် လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်အား အငြိုးအတေးကြီးစွာ သူခိုးကလူဟစ်ဆိုသကဲ့သို့ အပြစ်တင်ပြောဆိုနေကြသော နအဖကိုယ်စားလှယ် ဗိုလ်မှူးချုပ်ကျော်ဆန်းမှာ ခါချဉ်ကောင်မာန်ကြီးလို့ တောင်ကြီးဖြိုမယ့်ကြံ၊ ခါးကမသန်အဖြစ် မျိုးကြုံနေရသည်။

သူကိုယ်တိုင်မယုံကြည်တော့သည့်အကြောင်းအရာတရပ်ကို အခြားတဦး ယုံကြည်အောင်ပြောဆိုနေရမှု၏ ပင်ပန်းဆင်းရဲမှုကို တီဗွီဖန်သားထက်ရှိ ၎င်း၏မျက်နှာပေါ်တွင် ထင်ထင်ရှားရှားတွေ့မြင်နေရသည်။

ဤသတင်းစာရှင်းလင်းပွဲမှ သတိမူမိသည့်အဆိုးဝါးဆုံးအချက်မှာ နအဖ၏ ငါတကောကော ဝါဒဖြန့်ချိရေးလုပ်ဟန်ဖြစ်သည်။

နာဇီဂျာမနီခေတ်ဟစ်တလာ၏အဖြစ်မျိုးကို အတုယူကာပြောပါများက အပြောခံရသူယုံလာလိမ့်မည်ဟူသည့် နာဇီမီဒီယာသေနင်္ဂဗျူဟာကား အသုံးမဝင်တော့။

ပြည်သူတို့ကား ငြီးငွေ့သည့်အဆင့်ကိုကျော်လွန်ကာ စက်ဆုတ်ရွံရှာသည့်အခြေအနေသို့ ရောက်လာနေပြီ။ လူသားတို့၏ မွေးရာပါအခွင့်အရေးဖြစ်သော လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်(Freedom of Expression) ကို အာသာငမ်းငမ်း တောင့်တနေလေမည်။

ပြည်သူတို့၏လိုအင်ဆန္ဒအား ဘယ်အရာသည်တားဆီးနိုင်ပါအံ့သနည်း။ သတင်းစာရှင်းလင်းပွဲ (၇၊၂၀၀၆) သည် နအဖ၏ရည်ရွယ်ချက်များ အောင်မြင်ရန်ဝေးစွ။ ပြည်သူတို့အား နအဖအား ပြန်လည်တော်လှန်တိုက်ခိုက်ရန်လှုံ့ဆော်နေသည့် မီဒီယာလုပ်ငန်းဆိုပါက မှားအံ့မထင်။

❖

# တွေ့ဆုံဆွေးနွေးရေးနှင့် ခေါင်းဆောင်များလွတ်မြောက်ရေး ပြည်တွင်းပြည်ပတွင် လူ (၆) သိန်းလက်မှတ်ထိုးတောင်းဆို



ပြည်တွင်းပြည်ပ ပူးပေါင်းပါဝင် လက်မှတ်ရေးထိုးနေစဉ်

ဒေါ်အောင်ဆန်းစုကြည်၊ ခွန်ထွန်းဦး၊ (၈) လေးလုံးမျိုးဆက်ကျောင်းသားခေါင်းဆောင်များနှင့် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးနှင့် တွေ့ဆုံဆွေးနွေးရေးအတွက် ပြည်တွင်း၊ ပြည်ပ၌ လူ (၆) သိန်းလက်မှတ်ထိုး တောင်းဆိုခဲ့ကြောင်းသိရသည်။

မင်းကိုနိုင်နှင့် (၈) လေးလုံးမျိုးဆက်ခေါင်းဆောင်များ အဖမ်းခံရပြီးနောက်ပိုင်းတွင်စတင်ခဲ့သောလှုပ်ရှားမှုကို အောက်တိုဘာ (၂) ရက်နေ့က ပြည်တွင်းပြည်ပရှိ ဒီမိုကရေစီအင်အားစုများက စတင်လုပ်ဆောင်ခဲ့ခြင်းခဲ့ဖြစ်ပြီး အောက်တိုဘာ (၂၃) ရက်နေ့ကပြီးဆုံးခဲ့ရာ ပြည်တွင်း၌ လက်မှတ်ပေါင်း (၅၃၅,၅၈၀) စုဆောင်းနိုင်ခဲ့ကြောင်း စီစဉ်သူများကပြောသည်။

ပြည်တွင်း၌ (၈) လေးလုံးမျိုးဆက်များက ဦးဆောင်စီစဉ်သော လက်မှတ်ထိုးဆန္ဒပြုလှုပ်ရှားမှုသည် ရက်စက်ကြမ်းကြုတ်သော စစ်အုပ်ချုပ်ရေးလက်အောက်က လူထု၏ဆန္ဒအမှန်ကိုဖော်ထုတ်သည့် နည်းလမ်းတရပ်ဖြစ်ကြောင်း စီစဉ်သူများကပြောသည်။

လက်မှတ်ထိုးဆန္ဒပြုသောလှုပ်ရှားမှုတွင် ပါဝင်သူများကို အာဏာပိုင်များက အန္တရာယ်ပြုလာမည်စိုးရိမ်သဖြင့် စီစဉ်သူများက လက်မှတ်ထိုးသူများ၏ နာမည်အပြည့်အစုံကို လျှို့ဝှက်ထားသည်။

ယင်းလှုပ်ရှားမှုတွင်ပါဝင်ခဲ့သော ပဲခူးတိုင်း မိုးညိုမြို့နယ်မှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်တဦးဖြစ်သူ ကိုဝင်းကိုသည် ထောင်ဒဏ်သုံးနှစ်ချမှတ်ခံခဲ့ရသည်။

ထိုင်းမြန်မာနယ်စပ်တွင်လည်း ဒီမိုကရေစီအင်အားစုများ၊ ရွှေ့ပြောင်းမြန်မာအလုပ်သမားများ၊ ဒုက္ခသည်များ စုစုပေါင်း (၅) သောင်း (၂) ထောင်ကျော်သည် အဖမ်းဆီးခံခေါင်းဆောင်များလွတ်မြောက်ရေးနှင့် တွေ့ဆုံဆွေးနွေးရေးအတွက် ဆန္ဒပြုတောင်းဆိုသောလှုပ်ရှားမှုတွင် ပါဝင်ခဲ့သည်။

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ပြည်သူတို့၏ဆန္ဒအမှန်အဖြစ် စုဆောင်းရရှိသောလက်မှတ်များကို ကုလသမဂ္ဂလုံခြုံရေးကောင်စီထံသို့ ပေးပို့မည်ဖြစ်သည်။ ❖

# ဒေါ်အောင်ဆန်းစုကြည်၏နိုင်ငံရေးအမြော်အမြင်ကို ရာဇာလီချီးကျူး

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် ရဲစွမ်းသတ္တိရှိရုံမျှမက နိုင်ငံရေးအမြော်အမြင်ကြီးသူတဦးဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာကုလသမဂ္ဂကိုယ်စားလှယ်ဟောင်းက ချီးကျူးရေးသားလိုက်သည်။

မလေးရှားသံတမန်များ၏ အတွေ့အကြုံများ စုပေါင်းရေးသားထားသော Number One Wisma Putra စာအုပ်တွင် နအဖနှင့် ဒေါ်အောင်ဆန်းစုကြည်တို့တွေ့ဆုံဆွေးနွေးနိုင်ရေးအတွက် ကြားဝင်ဆောင်ရွက်ပေးနိုင်ခဲ့သူ မစ္စတာရာဇာလီအစ္စမေးက ၂၀၀၀ ခုနှစ်၊ ဇွန်လအတွင်းက ဒေါ်အောင်ဆန်းစုကြည်အား အင်းလျားကန်စောင်းနေအိမ်တွင် ပထမဆုံးအကြိမ် တွေ့ဆုံခဲ့ရသည့်အကြောင်းကို မှတ်မှတ်ရရရေးသားထားသည်။

မလေးရှားသံတမန်သည် ၂၀၀၂ မှ ၂၀၀၄ ခုနှစ်အတွင်း မြန်မာပြည်သို့ (၁၄) ကြိမ်သွားရောက်ခွင့်ရခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်နှင့်လည်း အကြိမ် (၂၀) ကျော်ဆွေးနွေးခွင့်ရခဲ့သော ရှားရှားပါးပါး နိုင်ငံတကာသံတမန်တဦးဖြစ်သည်။

၂၀၀၄ ခုနှစ် မတ်လကတည်းက မြန်မာပြည်သို့ ပြည်ဝင်ခွင့်ပိတ်ပင်ခံခဲ့ရသော မစ္စတာရာဇာလီကဒေါ်အောင်ဆန်းစုကြည်သာ မြန်မာပြည်ဝန်ကြီးချုပ်ဖြစ်လာခဲ့လျှင် အခြားအာဆီယံခေါင်းဆောင်များနှင့် ဒီမိုကရေစီအကြောင်းကို အချေအတင် ရင်ဘောင်တန်းပြောဆိုနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်းကို ဒေါ်အောင်ဆန်းစုကြည်အား တိုက်ရိုက်ထုတ်ဖော်ပြောဆိုခဲ့ဖူးကြောင်းကို ရေးသားထားသည်။

အာဆီယံအဖွဲ့နှင့်ပတ်သက်၍ ဒေါ်အောင်ဆန်းစုကြည်သည် ထိုစဉ်ကတည်းက မှန်မှန်ကန်ကန်သုံးသပ်နိုင်ခဲ့ပုံကိုလည်း သူက ဆောင်းပါးတွင် ချီးကျူးထားသည်။

မစ္စတာရာဇာလီသည် မြန်မာနိုင်ငံဆိုင်ရာကုလသမဂ္ဂကိုယ်စားလှယ်အဖြစ် ၂၀၀၀ ခုနှစ်၊ ဧပြီလမှ ၂၀၀၆ နှစ်ဆန်းပိုင်းအထိ တာဝန်ပေးအပ်ခြင်းခံခဲ့ရပြီး သူ၏ကြိုးပမ်းချက်များသည် ၂၀၀၀ ခုနှစ်၊ အောက်တိုဘာလကဖြစ်မြောက်ခဲ့သော တွေ့ဆုံဆွေးနွေးရေး၏ အကြောင်းအရင်းတခုဖြစ်ခဲ့သည်။

❖



## တန်းတူမှုမရှိသော တွေ့ဆုံဆွေးနွေးမှုမျိုးကို ကေအဲန်ယူကလက်မခံ

နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့်အဖြေရှာရန် ကေအဲန်ယူတွင် ဆန္ဒရှိသော်လည်း သဘောထားမမှန်သော နအဖ၏ လက်ရှိတွေ့ဆုံဆွေးနွေးမှုပုံစံမျိုးကို လက်ခံမည်မဟုတ်ကြောင်း ကရင်အမျိုးသားအစည်းအရုံးက ပြောကြားလိုက်သည်။

ကေအဲန်ယူ ထိန်းချုပ်နယ်မြေတနေရာတွင် ယခုလ (၆) ရက်နေ့မှ (၁၀) ရက်နေ့အထိကျင်းပသော (၁၃) ကြိမ်မြောက် ကေအဲန်ယူကွန်ဂရက်၏ ဗဟိုကော်မတီအစည်းအဝေးတွင် နအဖနှင့်တွေ့ဆုံဆွေးနွေးရေးကိစ္စကို ဗဟို၏ညွှန်ကြားမှုအောက်တွင်သာ ဆက်လက်လုပ်ဆောင်ရန် တပ်မဟာ (၇) ခုစလုံးမှ ခေါင်းဆောင်များက သဘောတူဆုံးဖြတ်ခဲ့ကြသည်။

"တွေ့ဆုံဆွေးနွေးရေးကိစ္စကို ဗဟိုဌာနချုပ်ကလွဲလို့ ဘယ်သူမှမလုပ်ဖို့၊ သေသေချာချာဆုံးဖြတ်ပြီးပြီ။ တပ်မဟာမှူးလည်းပါတယ်။ ဗဟိုက တပ်တွေလည်းပါတယ်။ ကရင်ပြည်သူတွေလည်း လက်မခံဘူး။ ကရင်တော်လှန်ရေးတခုလုံးလည်း လက်မခံဘူး"ဟု ကေအဲန်ယူ အထွေထွေအတွင်းရေးမှူး ပဒိုမန်းရှာလာဖန်းကပြောသည်။

ဆက်လက်၍ "ခရိုင်တခုချင်းအလိုက်၊ တပ်မဟာတခုချင်းအလိုက် ခွဲခွဲပြီး ချဉ်းကပ်တာကို ကျနော်တို့လက်မခံဘူး။ တပ်မဟာအားလုံး၊ ခရိုင်အားလုံးလည်း လက်ခံမှာမဟုတ်ဘူး။ မှန်ကန်တဲ့သဘောထားမှ မဟုတ်တာ"ဟု အစည်းအဝေးအပြီး သတင်းစာရှင်းလင်းပွဲတွင် ကေအဲန်ယူအထွေထွေအတွင်းရေးမှူး ပဒိုမန်းရှာလာဖန်းက ပြောသည်။

ကေအဲန်ယူကို နအဖက အခြားအပစ်အခတ်ရပ်သွားသော အဖွဲ့အစည်းများနည်းတူ လက်နက်စွန့်စေလို့သော်လည်း ကေအဲန်ယူဘက်က တန်းတူမှုရှိသော တွေ့ဆုံဆွေးနွေးမှုကိုသာလိုလားကြောင်း၊ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် မဖြေရှင်းနိုင်လျှင် တန်ပြန်စစ်ကို ဆက်လက်ဆင်နွှဲသွားရုံမှတပါး နည်းလမ်းမရှိကြောင်း ကေအဲန်ယူကဆိုသည်။

စက်တင်ဘာလကုန်ပိုင်းက နအဖအရာရှိများက ကေအဲန်ယူနှင့်နအဖအကြားက အပစ်အခတ်ရပ်စဲရေးနှုတ်ကတိသည် ယခုအခါပျက်ပြယ်သွားပြီဖြစ်ကြောင်း ကေအဲန်ယူအရာရှိများအား တရားဝင်ပြောကြားခဲ့သည်။

(၂၀၀၄) ခုနှစ်က ထားရှိခဲ့သော အပစ်အခတ်ရပ်စဲရေးနှုတ်ကတိကို ချိုးဖောက်သော ယခုနှစ်နအဖ၏ စစ်ဆင်ရေးများအတွင်း ကရင်အရပ်သား (၂) သောင်းကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။

တွေ့ဆုံဆွေးနွေးရေးကိစ္စအပြင် မြန်မာပြည်နိုင်ငံရေးအခြေအနေများအပေါ် ဆွေးနွေးသုံးသပ်သော အစည်းအဝေးက နိုင်ငံရေးအကျဉ်းသားအားလုံးကို ချက်ချင်းပြန်လွှတ်ပေးရန်၊ လူမျိုးစုံတိုင်းရင်းသားများအပေါ် စစ်ဆင်မှုများကိုရပ်တန့်ပြီး တနိုင်ငံလုံးအတိုင်းအတာနှင့် အပစ်အခတ်ရပ်စဲရေး (Nationwide Ceasefire) ကြေညာပေးရန်၊ စစ်မှန်သောတွေ့ဆုံဆွေးနွေးရေး လုပ်ဆောင်ရန် တောင်းဆိုသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီက မြန်မာ့အရေးတရားဝင်ဆွေးနွေးနေသည့်ကိစ္စနှင့် ပတ်သက်၍ကြိုဆိုသော်လည်း လက်တွေ့ကျသော အရေးယူမှုမျိုးကိုလုပ်ဆောင်ရန် ကေအဲန်ယူက တောင်းဆိုသည်။ ❖

**ရှေ့ဖုံးစာမျက်နှာ ကုလလက်ထောက်သတင်းမှ**

ကုလထိပ်တန်းအရာရှိသည် မတရားအဖမ်းခံထားရသော ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်နှင့် (၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင်များကိစ္စ၊ နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေးကိစ္စ စသောအမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အရေးတကြီးကိစ္စများကို ထုတ်ဖော်ပြောဆိုရန်ပျက်ကွက်ခဲ့ပြီး ခရီးစဉ်ကိုအဆုံးသတ်ခဲ့သည်အပေါ် အတိုက်အခံများက မကျေမနပ်ဖြစ်နေကြသည်။

သောကြာနေ့က ထုတ်ပြန်သော မစ္စတာဂမ်ဘာရီ၏ကြေညာချက်တွင် "ငြိမ်းချမ်းရေးမရှိဘဲ ဖွံ့ဖြိုးရေး မလုပ်ဆောင်နိုင်ကြောင်း၊ အရှည်တည့်တံသော ဖွံ့ဖြိုးရေးသည် မပျက်ဆီးနိုင်သော ငြိမ်းချမ်းရေးအပေါ် အခြေတည်ကြောင်း၊ ငြိမ်းချမ်းမှုနှင့်ဖွံ့ဖြိုးမှုအတွက် ဒီမိုကရေစီနှင့်လူ့အခွင့်အရေးသည် အရေးကြီးကြောင်း စသောသဘောတရားရေးများသာပါဝင်ပြီး လက်တွေ့ကျသော တောင်းဆိုတိုက်တွန်းမှုများ မပြုလုပ်ခဲ့ကြောင်း ဝေဖန်သူများကဆိုသည်။

မစ္စတာဂမ်ဘာရီသည် ဒေါ်အောင်ဆန်းစုကြည်နှင့် မတွေ့ဆုံခင်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌဦးအောင်ရွှေ၊ အတွင်းရေးမှူး ဦးလွင်၊ ဦးလွန်းတင်၊ ဦးညွန့်ဝေ၊ ဦးစိုးမြင့်၊ ဦးသန်းထွန်း၊ ဦးလှဖေတို့နှင့် တွေ့ဆုံခဲ့ကြောင်း ရန်ကုန် ကုလသမဂ္ဂပြန်ကြားရေးဌာနက သတင်းထုတ်ပြန်သည်။

မစ္စတာဂမ်ဘာရီသည် ခရီးစဉ်မပြီးဆုံးခင် ယခုလ (၁၂) ရက်နေ့ မနက်ပိုင်းက ရွှေတိဂုံဘုရားလမ်းရှိ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်၏အုတ်ဂူသို့ သွားရောက်ဂါရဝပြုခဲ့ကြောင်းသိရသည်။❖

> **သတင်းစာဆရာကောင်း**
>
> **သတင်းစာဆရာကောင်းသည် အရေးကြီးသောသတင်းများကို ပြည်သူတို့စိတ်ဝင်စားအောင်ပြု၍ ထိုစိတ်ဝင်စားမှုကို အင်အားအဖြစ်အသုံးချကာ တိုင်းပြည်တွင်လိုအပ်သော ပြုပြင်ရေးနှင့် ကြီးပွားတိုးတက်ရေးတို့အတွက် ဆောင်ရွက်နိုင်စွမ်းရှိသော ပုဂ္ဂိုလ်ဖြစ်သည်။**
>
> **သတင်းစာဆရာကြီး ဇဝန**

## လူထုဒေါ်အမာ၏မွေးနေ့ ကျင်းပခွင့်ရရန်မသေချာ



နိုဝင်ဘာ (၂၉) တွင် အသက် (၉၁) ပြည့်သို့ ကျရောက်တော့မည်ဖြစ်သော လူထုဒေါ်အမာ

မြန်မာနိုင်ငံတွင် ထင်ရှားကျော်ကြားသော မန္တလေးမှ စာရေးဆရာမကြီး လူထုဒေါ်အမာ၏ နိုဝင်ဘာ (၂၉) ရက်နေ့တွင် ကျရောက်မည့် (၉၁) နှစ်ပြည့်မွေးနေ့ကျင်းပရန်အတွက်စီစဉ်ရာတွင် အခက်အခဲများရှိနေကြောင်း မွေးနေ့စီစဉ်သူများကပြောသည်။

ပြည်တွင်း၌ နိုင်ငံရေးလှုပ်ရှားမှုများ အရှိန်ရနေချိန်တွင် နိုင်ငံရေးနှင့်အနုပညာဘက်တွင် အရှိန်အဝါကြီးသောပုဂ္ဂိုလ်များ တက်ရောက်လေ့ရှိသော အမေမာ၏မွေးနေ့ကျင်းပရေးအတွက် သက်ဆိုင်ရာမှ ခွင့်ပြုချက်မိန့်ရရန် မသေချာကြောင်း စီစဉ်သူများကဆိုသည်။

အမေမာ၏မွေးနေ့မတိုင်ခင်ကလည်း မန္တလေးတွင် အဖြူရောင်သက်တံကဗျာရွတ်ပွဲ၊ ကဗျာဆရာမောင်ချောနွယ်အထိမ်းအမှတ်၊ ဆရာမကြီးခင်နှင်းယု အထိမ်းအမှတ်ကဗျာရွတ်ပွဲများကို အာဏာပိုင်များပိတ်ပင်ခဲ့သည်။

နအဖစစ်အုပ်စုသည် ၎င်းတို့ဘာသာ ရန်သူအဖြစ်သတ်မှတ်ထားသော၊ လူထုအပေါ် ဩဇာကြီးသူများ တက်ရောက်လေ့ရှိသော အမေမာ၏မွေးနေ့ပွဲကို နိုင်ငံရေးအသွင်သို့ ကူးပြောင်းသွားမည်ကိုစိုးရိမ်၍ ပိတ်ပင်လျှင် အလွန်သရဲဘောကြောင်ခြင်းကို ပြသရာရောက်မည်သာဖြစ်ကြောင်း စာပေအသိုင်းအဝိုင်းကပုဂ္ဂိုလ်များက ပြောသည်။

ပြီးခဲ့သည့်နှစ်က အမေမာ၏ အသက် (၉၀) ပြည့်မွေးနေ့ပွဲသို့ မြန်မာစာနယ်ဇင်းအသိုင်းအဝိုင်းနှင့် နိုင်ငံရေးလောကမှ ပရိသတ် (၈၀၀) ခန့်တက်ရောက်ခဲ့ရာ ဆရာကြီး ဒဂုံတာရာ၊ လူထုစိန်ဝင်း၊ ကွယ်လွန်သူ ဆရာကြီးသန်းထွန်းနှင့် လက်ရှိအဖမ်းခံထားရသော ကျောင်းသားခေါင်းဆောင်မင်းကိုနိုင်တို့အဖွဲ့လည်း ဂါရဝပြုသူများတွင်ပါဝင်ခဲ့သည်။

အမေမာ၏သားတော်သူ ရဲဘော်ဖိုးသံချောင်းနှင့် သားအရင်းသဖွယ် ရင်းနှီးသော သတင်းစာဆရာကြီး ဟံသာဝတီဦးဝင်းတင်တို့သည် အမေမာမွေးနေ့သို့ မတက်ရောက်နိုင်ဘဲ မွေးနေ့ဂုဏ်ပြုကဗျာများ အဝေးမှပေးပို့ခဲ့ကြသည်။

လောလောဆယ်အခြေအနေတွင် တောင်လေးလုံးကျောင်းတိုက်ဆရာတော် ဦးပညာကိုလည်း နအဖကဖိအားပေးနေကြောင်း၊ စက်တင်ဘာလအတွင်းက တောင်လေးလုံးကျောင်းဝင်းအတွင်း စိုက်ထူထားသော သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းနှင့် ရုပ်ရှင်အနုပညာရှင် ဦးထွန်းဝေတို့၏ အထိမ်းအမှတ် ရုပ်ထုနှင့် ကျောက်စာတိုင်များကို အာဏာပိုင်များက အတင်းဖယ်ရှားခိုင်းခဲ့ကြောင်း သိရသည်။

မန္တလေးမြို့တောင်ဘက် အမရပူရမြို့တောင်သမန်အင်းစောင်းရှိ ဆိတ်ငြိမ်သော တောင်လေးလုံးကျောင်းတိုက်သည် အမေမာ၏ နှစ်စဉ်မွေးနေ့ပွဲကျင်းပရာနေရာဖြစ်ပြီး၊ မြန်မာပြည်အရပ်ရပ်မှ အမေမာအားလေးစားသူ စာပေနှင့်အနုပညာဘက်မှ ပုဂ္ဂိုလ်များသည် နိုဝင်ဘာ (၂၉) ရက်နေ့အမှီ ထိုနေရာလေးသို့ အရောက်လာကာ အမေ့အတွက် မွေးနေ့ဆုတောင်းပေးလေ့ရှိသည်။

## မင်းကိုနိုင်မွေးနေ့သို့ လူ ၁၀၀၀ ခန့်တက်ရောက်၊ အမျိုးသားပြန်လည်သင့်မြတ်ရေးအာသီသကိုပြသ



မွေးနေ့ပွဲသို့တက်ရောလာသော ဧည့်ပရိတ်များနှင့် မင်းကိုနိုင်၏မိခင်

အောက်တိုဘာ (၁၈) ရက်နေ့၊ မင်းကိုနိုင်၏ (၄၄) နှစ်ပြည့် မွေးနေ့အခမ်းအနားကို မင်းကိုနိုင်၏နေအိမ်၌ကျင်းပရာ ဧည့်ပရိတ်သတ် တထောင်ခန့်သည် ၎င်းတို့ရင်းတွင်းမှ အမျိုးသားပြန်လည်သင့်မြတ်ရေးအာသီသကိုဖော်ပြသည့်အနေဖြင့် အဖြူရောင်အဝတ်အစားများဖြင့် တက်ရောက်ခဲ့ကြသည်။

မင်းကိုနိုင်၏ ငယ်သူငယ်ချင်းလုပ်ဖော်ကိုင်ဖက် (၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင်များ၊ နိုင်ငံရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ဝါရင့်နိုင်ငံရေးသမားဟောင်းကြီးများတက်ရောက်သောမွေးနေ့ပွဲတွင် မွေးနေ့ရှင်ကိုရှိစေချင်ကြောင်း ကိုမင်းကိုနိုင်၏မိခင်က သူ၏ဆန္ဒကိုပြောသည်။

"အခုလို အပေါင်းအသင်းသူငယ်ချင်းတွေအများကြီးလာကြတော့ သူ့ကိုလည်း အနားမှာရှိစေချင်တာပေါ့။ ဒါပေမယ့်လည်း ဘယ်တတ်နိုင်ပါ့မလဲ။ တနေ့ကျရင် သူပြန်လာမယ်လို့တော့ မျှော်လင့်ထားပါတယ်" ဟု ကိုမင်းကိုနိုင်၏အမေက ပြောသည်။

သို့သော် ထောင်ထဲတွင် သားသမီးများ သေဆုံးသွားကြသည့်မိခင်များနှင့် နှိုင်းစာလျှင် မိမိတွင် မျှော်လင့်စရာအခြေအနေရှိသေးကြောင်းသူက ဖြေသိမ့်ရှာသည်။

နံနက် (၅) နာရီတွင် သံဃာတော် (၅) ပါးကို ဆွမ်းနှင့် ကထိန်သင်္ကန်းကပ်လှူသည့် မွေးနေ့အခမ်းအနားကျင်းပနေစဉ်အတွင်း ဘုန်းကြီးတပါးဝင်ရောက်လာပြီး မင်းကိုနိုင်လွတ်မြောက်ရေး တောင်းဆိုဆန္ဒပြုသောစာအုပ်တွင် လက်မှတ်ထိုးကာ ၎င်း၏ဘွဲ့အမည်နှင့် ခေတ်ပုံကို ကြိုက်သလိုအသုံးပြုနိုင်ကြောင်း မိန့်ကြားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်၊ ခွန်ထွန်းဦးအပါအဝင်ဖမ်းဆီးခံနေရသော (၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင်များနှင့် နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်ရေးအတွက် လက်မှတ်စုဆောင်းသည့်ကာလနှင့်တိုက်ဆိုင်နေသောမွေးနေ့တွင် မင်းကိုနိုင်လွတ်မြောက်ရေးအတွက် လက်မှတ်ထိုးတောင်းဆိုသောစာအုပ် ထားရှိခဲ့ရာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလိုလားသူ အားလုံးနီးပါး အမှတ်တရလက်မှတ်ထိုးခဲ့ကြသည်။

မြန်မာနိုင်ငံ၏ အထွေထွေနိုင်ငံရေးအကြပ်အတည်းဖြေရှင်းနိုင်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ကိုမင်းကိုနိုင်နှင့် (၈၈) မျိုးဆက်ကျောင်းသားများ၏ ကြိုးပမ်းလုပ်ဆောင်ချက်များကို ထောက်ခံသည့်အနေဖြင့် ဖိတ်စာမပို့သောမွေးနေ့ပွဲသို့ လာရောက်သူများကြောင့် အိမ်မဆန့်အောင်ဖြစ်ခဲ့သည်။

မင်းကိုနိုင်သည် စစ်အစိုးရ၏အကျဉ်းထောင်တွင် (၁၆) နှစ်နီးပါး ဖမ်းဆီးထောင်ချခံခဲ့ရပြီးနောက် (၂၀၀၄) ခုနှစ်၊ နိုဝင်ဘာလအတွင်းက ပြန်လည်လွတ်မြောက်ကာ ယခုလ အောက်တိုဘာ (၂) ရက်နေ့က ကျောင်းသားခေါင်းဆောင်များဖြစ်သော ကိုကိုကြီး၊ ကိုဌေးကြွယ်၊ ကိုပြုံးချို၊ မင်းဇေယျတို့နှင့်အတူ စစ်အစိုးရ၏ ထပ်မံဖမ်းဆီးခြင်းကိုခံနေရသည်။ ❖

# ကုလသမဂ္ဂက အကူအညီပေးရေး မြန်မာပြည်၏တောင်းဆိုသံ



ဦးကျော်ရှင်းထန် နှင့် ဦးသိန်းဖေ

**အကြမ်းဖက်မှုသံသရာသည် ဆုံးအုံ့မထင်။ မြန်မာပြည်အရှေ့ပိုင်းဒေသ၏ လူသေပျောက်မှုနှုန်းသည် ကမ္ဘာ့အဆိုးဆုံးပဋိပက္ခဇုန်ဖြစ်သော အာဖရိကဒေသ လူသေပျောက်မှုနှုန်းသို့ပင် မြင့်မားရောက်ရှိလာနေကြောင်း တွေ့ရသည်။**

ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေများကို စက်တင်ဘာလအတွင်းက ပထမဆုံးအကြိမ် တရားဝင်ဆွေးနွေးခဲ့သည်။ ဖိနှိပ်ညှဉ်းပန်းသော စစ်အစိုးရလက်အောက်၌ နေထိုင်ကြရသော အမျိုးသားထုတရပ်လုံးအနေဖြင့် လုံခြုံရေးကောင်စီ၏ မြန်မာ့အရေးဆွေးနွေးသည့်အမှုကို ကြိုဆိုပါသည်။

လုံခြုံရေးကောင်စီမှ ဆွေးနွေးမှုများသည် မြန်မာနိုင်ငံအတွက် အလွန်ပင်အရေးပါလှပါသည်။ ကျွန်ုပ်တို့တိုင်းပြည်၏ ဖိနှိပ်နေသည့် စစ်အစိုးရသည် ကုလသမဂ္ဂကိုယ်စားလှယ်များအား အကြိမ်ကြိမ်အဖန်ဖန် လှည့်ဖြားပြီး ကုလသမဂ္ဂ၏ မြန်မာ့အရေးဆောင်ရွက်နေမှုများကို လျစ်လျူရှုပစ်ပယ်နေသည်မှာ ကြာပါပြီ။ ပြည်သူများက စိတ်ပျက်လက်ပျက် စောင့်ကြည့်နေကြရသည်မှာလည်း ဆယ်စုနှစ် (၁) ခု ကျော်လာပါပြီ။

ဤတောအတွင်း ကုလသမဂ္ဂအထွေထွေညီလာခံ၏ဆုံးဖြတ်ချက် (၂၈) ချက်၊ ယခင်လူ့အခွင့်အရေးကော်မရှင်မှ ဆုံးဖြတ်ချက်များ၊ ကုလသမဂ္ဂ လူ့အခွင့်အရေးကိုယ်စားလှယ် (၄) ဦး၏ ကြိုးပမ်းချက်များ၊ မစ္စတာကိုဖီအာနန်စေလွှတ်သော အထူးကိုယ်စားလှယ် (၂) ဦး၏ ကြားဝင်စေ့စပ်မှုများသည်လည်း မြန်မာပြည်၏နိုင်ငံရေးအပြောင်းအလဲ၊ တွေ့ဆုံဆွေးနွေးရေး (Dialogue) သို့မဟုတ် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအတွက် အရာမရောက်ခဲ့ပေ။

ဤကာလများတွင် ကမ္ဘာ့နိုင်ငံအများစုသည် မြန်မာပြည်အခက်အခဲ၏ အတိမ်အနက်ကိုသိရှိနိုင်ရန်အတွက် အခွင့်အလမ်းမသာ ဖြစ်နေခဲ့သည်။ လုံခြုံရေးကောင်စီက မြန်မာကိစ္စကို ဝင်ရောက်ကိုင်တွယ်သည့် အချိန်ကာလလေးဖင့်နေခြင်းသည်လည်း အလွန်တရာအံ့ဩဖွယ်ကောင်းပါသည်။ လွန်ခဲ့ သောဆယ်စုနှစ်တခုအတွင်း မြန်မာစစ်အစိုးရသည် မြန်မာနိုင်ငံအရှေ့ပိုင်းရှိ ကျေးရွာပေါင်း (၃,၀၀၀) ကျော်ခန့်ကို ဖျက်ဆီးမီးရှို့ခြင်း၊ နေရာများ အတင်းအဓမ္မရွှေ့ခြင်းတို့ကိုပြုလုပ်ခဲ့သည်။ ထို့အပြင် စစ်အစိုးရသည် တိုင်းရင်းသားလူမျိုးစုနွယ်များကို တိုက်ခိုက်ခြင်း၊ ဖိနှိပ်ခြင်း၊ ရက်စက်ခြင်း၊ တိုင်းရင်းသူများကို အတင်းအဓမ္မ မုဒိမ်းကျင့်စော်ကားခြင်း၊ သတ်ဖြတ်ခြင်း၊ အရွယ်မရောက်သေးသည့်ကလေးသူငယ်များကို အာဏာသုံး၍ စစ်ထဲဝင်ခိုင်းခြင်းဖြင့်၊ ကျေးရွာများရှိ စပါး၊ ဆန် စသည့်ရိက္ခာတို့ကို မီးရှို့ဖျက်ဆီးခြင်း စသော ရာဇဝတ်မှုများကို စနစ်တကျကျူးလွန်ခဲ့သည်။ မကြာသေးမီကပင် စစ်အစိုးရစစ်သားများ၏ ချွန်ထက်သောဘက်နက်များဖြင့် စပါးကျီများ ထိုးဖွဖျက်ဆီးခံရသဖြင့် ရွာသားများသည် အခြေခံစားစရာပင်မရှိဘဲ နေရပ်ကိုစွန့်ခွာ ထွက်ပြေးခဲ့ကြရသည်။

စစ်အစိုးရ၏ ရက်စက်ကြမ်းကြုတ်မှုကြောင့် ကျွန်ုပ်တို့နိုင်ငံသားများမှာ ပြာပုံကြားမှ၊ တငွေ့ငွေ့လောင်နေသည့် ကျေးလက်ရွာများမှ စွန့်ခွာထွက်ပြေးနေကြရသည်။ ထိုသို့အသက်စွန့်ထွက်ပြေးနေကြသော အချို့သောရွာသား၊ ကျွန်ုပ်တို့၏ တိုင်းရင်းသားသွေးချင်းသားရင်းများသည် စစ်အစိုးရစစ်သားများထိန်းချုပ်ထားသော နယ်မြေများသို့ တည့်တည့်တိုးဝင်မိကာ ၎င်းတို့လက်ထဲတွင် နှိပ်စက်ညှဉ်းပန်းခြင်းကို ခံကြရပြန်သည်။

အကြမ်းဖက်မှုသံသရာသည် ဆုံးအုံ့မထင်။ မြန်မာပြည်အရှေ့ပိုင်းဒေသ၏ လူသေပျောက်မှုနှုန်းသည် ကမ္ဘာ့အဆိုးဆုံးပဋိပက္ခဇုန်ဖြစ်သော အာဖရိကဒေသ လူသေပျောက်မှုနှုန်းသို့ပင် မြင့်မားရောက်ရှိလာနေကြောင်း တွေ့ရသည်။ ထို့အပြင် ကာလရှည်ကြာစွာဖြစ်နေသော အာဟာရချို့တဲ့မှုဒဏ်ကြောင့် ကလေးသေနှုန်းနှင့် ရောဂါဘယမျိုးစုံတို့ကြောင့်လည်း ထောင်ပေါင်းများစွာသော ပြည်သူတို့အား သေမိန့်ချပြီးသကဲ့သို့ပင်ဖြစ်နေသည်။

လုံခြုံရေးကောင်စီ၏ မြန်မာပြည်အရေးနှင့်ပတ်သက်သော လက်ငင်းဆောင်ရွက်မှုများသည် မြန်မာပြည်တွင်ဖြစ်နေသော ကလေးစစ်သားများပြဿနာ၊ နအဖစစ်သားများကျူးလွန်နေသော ကျယ်ပြန့်ကြီးမားသော မုဒိမ်းမှုများနှင့် ဒုက္ခသည်များ နိုင်ငံအတွင်းနှင့် နိုင်ငံပြင်ပတွင် တိုးများလာနေခြင်း စသောကြောက်လန့်ဖွယ်ပြဿနာများအပေါ် လက်တုံ့ပြန်ခြင်းဟု နားလည်ပါသည်။ ယခုအခါ ကလေး စစ်သား (၇) သောင်းခန့်ရှိနေသော မြန်မာပြည်ပြဿနာသည် လုံခြုံရေးကောင်စီ၏ဆုံးဖြတ်ချက်ကို စောင့်ဆိုင်းနေပေပြီ။ ကျွန်ုပ်တို့ ရိုးသားပွင့်လင်းစွာ နားမလည်သည့်အချက်မှာ လုံခြုံရေးကောင်စီသည် အခြားနိုင်ငံများအားအရေးယူသည့် နည်းလမ်းများအတိုင်း မြန်မာပြည်အပေါ် အရေးယူရန်နှောင့်နှေးနေသည့်ကိစ္စဖြစ်သည်။ ယခုအခါ ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် မြန်မာပြည်ပြဿနာကို ကိုင်တွယ်နေပြီဖြစ်သဖြင့် မဖြစ်မနေဆုံးဖြတ်ချက်ချရန်သာရှိတော့သည်။

မြန်မာပြည်အရေးသည် "လုံခြုံရေးကောင်စီနည်းလမ်းမှလွဲ၍ အခြားမရှိ"ဆိုသောအချက်မှာ ရှင်းပြရန်မလိုတော့ပါ။ ကုလသမဂ္ဂလက်ထောက် အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဂမ်ဘာရီ၏ မေလမြန်မာပြည်ခရီးစဉ်နောက်ပိုင်းတွင် ကမ္ဘာ့ငြိမ်းချမ်းရေးနိုဘယ်ဆုရပုဂ္ဂိုလ်များတွင် တဦးတည်း အကျဉ်းချထားခြင်းခံရသူ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်အကျယ်ချုပ်သက်တမ်းကို စစ်အစိုးရက ယခင်ထက်နှစ်ဆတိုးမြှင့်ခဲ့သည်။ တိုင်းရင်းသားလူမျိုးစုများအား တိုက်ခိုက်မှုများလည်း ယခင်ထက်ပိုမိုပြင်းထန်လာသည်။ စစ်အစိုးရ၏ ကြီးမားရက်စက်သော ထိုးစစ်ဆင်ရေးဒဏ်ကြောင့် နယ်နိမိတ် ဖြတ်ကျော်ကာ အိမ်နီးချင်းနိုင်ငံများသို့ ထွက်ပြေးရောက်ရှိလာသော လူမျိုးစုဒုက္ခသည် အရေအတွက်လည်း ထောင်ပေါင်းများစွာ တိုးများလာသည်။

စစ်အစိုးရသည် ယုတ်မာရက်စက်သော ဖိနှပ်ချုပ်ချယ်မှုများ ရပ်မသွားရသည့်အကြောင်းတရပ်မှာ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ကိုယ်တိုင်က လုံခြုံရေးကောင်စီ၏ အခွင့်အာဏာမပါဘဲ မြန်မာပြည်အရေးကို အရေးယူခွင့်မရှိသောကြောင့် ဖြစ်သည်။ ကုလသမဂ္ဂအဖွဲ့ကြီး ထိပ်တိုက်တိုးနေသော ယင်းအခက်အခဲကို ဖြေရှင်းပေးနိုင်သောနည်းလမ်းမှာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ဆုံးဖြတ်ချက်သာဖြစ်သည်။

လွန်ခဲ့သောလကပင် မြန်မာနိုင်ငံ၏ ဒုတိယအထင်ရှားဆုံးခေါင်းဆောင်၊ ကိုမင်းကိုနိုင်အပါအဝင် ဒီမိုကရေစီအရေးလှုပ်ရှားသူ (၅) ဦးကို စစ်အစိုးရကဖမ်းဆီးခဲ့သည်။ ယခုကဲ့သို့ ကိုယ်ပိုင်အမြင်ဆောင်းပါးရေးသားရသည့်ကိစ္စမှာလည်း ကျွန်ုပ်တို့အတွက် အသက်အန္တရာယ်ရှိသော စွန့်စားမှုပင်ဖြစ်သည်။ ကျွန်ုပ်တို့သည် အသက်စွန့်သောအမှုကို လွတ်လပ်ခွင့်နှင့်လဲနေကြရပါသည်။

လုံခြုံရေးကောင်စီ၏ အာရုံစိုက်မှုသည် ကျွန်ုပ်တို့၏ အရေးကြီးသော ယဉ်ကျေးမှုနှင့် နိုင်ငံရေးရုန်းကန်မှုနှင့် ဒေသတွင်းတည်ငြိမ်ရေးခြိမ်းခြောက်ခံနေရသည့် အခြေအနေကို ကမ္ဘာအား မီးမောင်းထိုးပြခြင်းဖြစ်သည်ဟု မျှော်လင့်မိသည်။ ကုလသမဂ္ဂသံတမန်များ နားလည်သဘောပေါက်ထားရမည့်အချက်မှာ ကျွန်ုပ်တို့နိုင်ငံသည် ဘာသာရေးနှင့် သမိုင်းနောက်ခံအကြောင်းများကြောင့် ဒီမိုကရေစီအရေးတွင် ထောက်ပံ့မှုအားနည်းနေသောနိုင်ငံများနှင့်မတူဘဲ၊ မြန်မာလူထုသည် ၎င်းတို့၏လိုအပ်ချက်ဖြစ်သော ဒီမိုကရေစီလူ့ဘောင်တည်ဆောက်ရေးအတွက် ရှင်းရှင်းလင်းလင်းနှင့် ထပ်တလဲလဲ ဆန္ဒထုတ်ဖော်တောင်းဆိုခဲ့သည်ဆိုသောအချက်ဖြစ်ပါသည်။ သို့အတွက်ကြောင့်ပင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် အခြားမဟာမိတ်ပါတီများသည် ပြီးခဲ့သည့်ရွေးကောက်ပွဲ၌ ပါလီမန်အမတ်နေရာ (၈၂) ရာခိုင်နှုန်းကို အောင်မြင်စွာ ရွေးချယ်ခံခဲ့ရသည်။ ကျွန်ုပ်တို့၏အရေးတော်ပုံတွင် ပြည်သူအထောင်၊ အသောင်းတို့သည် ၎င်းတို့အသက်ကို ပဓာနမထားဘဲ ပါဝင်နေကြသည်မှာလည်း ဒီမိုကရေစီအာသီသကြောင့်ပင် ဖြစ်ပါသည်။

ရိုးရှင်းစွာတင်ပြရလျှင် မြန်မာနိုင်ငံသားများသည် ၎င်းတို့အပေါ် ခေါးမိုးအုပ်ချုပ်ထားသော အာဏာရှင်စနစ်ကို သက်ဆိုးမရှည်စေလိုတော့။ ချုပ်ငြိမ်းစေလိုကြပြီ။ ယင်းအခြေခံအကြောင်းတရားကို သဘောမပေါက်သောလုံခြုံရေးကောင်စီ၏ မည်သည့်ဆုံးဖြတ်ချက်မဆို မြန်မာ့ပြဿနာဖြေရှင်းရေးတွင် ဆက်လက်ကျဆုံးနေမည်သာဖြစ်သည်။

(ပူကျော်ရှင်းထန်နှင့်ဦးသိန်းဖေတို့သည် ၁၉၉၀ ပြည့်ရွေးကောက်ပွဲတွင် အရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ပြီး၊ ၎င်းတို့နှစ်ဦး ပူးတွဲရေးသားထားသော "In Burma, a Cry for U.N. Help" ဆောင်းပါးကို ဝါရှင်တန်ပို့စ်သတင်းစာတွင် ၂၆၊ ၁၀၊ ၂၀၀၆ ကဖော်ပြခဲ့ပါသည်။ မြန်မာပြည်၏ လက်ရှိနိုင်ငံရေးအခြေအနေအပေါ် ထင်ဟပ်နိုင်သော ဆောင်းပါးဖြစ်သဖြင့် မိုးကြိုးသတင်းစဉ်တွင် ပြန်လည်ဖော်ပြခြင်းဖြစ်ပါသည်။)

## နောက်ထပ် ပြည်တွင်းဒုက္ခသည် (၈၂၀၀၀) တိုးပွားလာ

နအဖ၏ ယခုနှစ်ထိုးစစ်များကြောင့် နောက်ထပ် ပြည်တွင်းဒုက္ခသည် (၈၂၀၀၀) တိုးပွားလာခဲ့ကြောင်း မကြာမီကထုတ်ပြန်သော သုတေသနစစ်တမ်းတရပ်က ဆိုသည်။

ထိုင်းမြန်မာနယ်စပ်ရှိ ဒုက္ခသည်များအားအကူအညီပေးနေသော TBBC အဖွဲ့၏ အောက်တိုဘာလ (၂၇) ရက်နေ့စစ်တမ်းအရ နအဖစစ်တပ်၏ ယမန်နှစ်ထိုးစစ်အတွင်း ရွာပေါင်း (၂၃၂) ရွာ ရွာလုံးကျွတ် ဖျက်ဆီးခံရပြီး လူပေါင်း (၂၇,၀၀၀) အိုးမဲ့ အိမ်မဲ့ ဖြစ်ခဲ့ရသည်ဟုဆိုသည်။ အနည်းဆုံးအပြစ်မဲ့ရွာသား (၃၉) ဦး အသတ်ခံခဲ့ရသည်။

စစ်ဒဏ် အဆိုးဆုံးခံရသောဒေသများမှာ ကရင်ပြည်နယ်မြောက်ဘက်နှင့် ပဲခူးတိုင်းအရှေ့ဘက်မှ အပြစ်မဲ့ပြည်သူများဖြစ်ပြီး ရှမ်းပြည်နယ်တောင်ပိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းရှိ လူနည်းစုလည်း တိုက်ခိုက်မှုများအတွင်း အိုးအိမ်စွန့်ခွာခဲ့ရသည်ဟု စစ်တမ်းကဆိုသည်။

၁၉၉၆ ခုနှစ်မှ ယခုချိန်အထိ ပြည်တွင်းရွာပုန်းရွာရှောင်ဒုက္ခသည်ပေါင်း (၅) သိန်းကျော်ရှိနေပြီး နအဖစစ်တပ်လက်ချက်ဖြင့် ပျက်စီးသောကျေးရွာပေါင်း (၃၀၀၀) ကျော်သွားပြီဟု စစ်ဒဏ်ခံနေရသော မြန်မာပြည်အရှေ့ပိုင်းမြို့နယ် (၃၈) ခုတွင် (၂) နှစ်ကြာကွင်းဆင်းလေ့လာခဲ့သော စစ်တမ်းကဆိုသည်။

အစီရင်ခံစာတွင် နောက်ထပ်ပြည်တွင်းဒုက္ခသည် (၈၂,၀၀၀) တိုးပွားလာသည်။ ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်များ၏ အခြေအနေသည် အဆိုးဆုံးအခြေအနေဖြစ်နေပြီး အချို့ဒေသများတွင် ကိုယ်ဝန်ဆောင်နှင့် ကလေးများသေဆုံးမှုသည် ကမ္ဘာ့အဆိုးဆုံးအခြေအနေသို့ပင်ဆိုက် ရောက်နေကြောင်း ဖော်ပြထားသည်။

"အချို့ဒေသတွေမှာဆိုရင် အာဟာရချို့တဲ့မှုနှုန်းမြင့်နေတယ်။ အာဖရိကမှာရှိတဲ့ ကွန်ဂိုကအခြေအနေနဲ့ နှိုင်းယှဉ်လို့ရတယ်" ဟု ဆိုသည်။

စက်တင်ဘာလ အစောပိုင်းကလည်း မြန်မာနိုင်ငံအရှေ့ပိုင်းရှိ တိုင်းရင်းသားဒုက္ခသည်များအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေသော နယ်လှည့်ကျောပိုးအိတ်အဖွဲ့က ၎င်းဒေသများတွင် မီးဖွားမိခင် (၁၂) ဦးတွင် (၁) ဦးသေဆုံးနေပြီး ကလေး (၁၀၀) တွင် (၂၄) ဦးသေဆုံးနေကြောင်းအစီရင်ခံခဲ့သည်။

နယ်စပ်ရှိ ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်များတွင် လူမှုအကူအညီပေးနေသော အဖွဲ့များနှင့် ပူပေါင်းပြုလုပ်ခဲ့သော ယခုနောက်ဆုံးစစ်တမ်းပါ အချက်အလက်များတွင် ထိုင်းမြန်မာနယ်စပ် ဒုက္ခသည်စခန်းများသို့ရောက်ရှိသွားသော ဒုက္ခသည်များ၏အရေအတွက် မပါဝင်သေးပေ။

ထိုင်းနိုင်ငံနယ်စပ် ဒုက္ခသည်စခန်း (၉) ခုတွင် မြန်မာနိုင်ငံမှစစ်ဘေးဒုက္ခသည် တသိန်းနှစ်သောင်းခိုလှုံနေပြီး မြန်မာရွှေ့ပြောင်း မြန်မာအလုပ်သမားတသန်းလည်း ထိုင်းနိုင်ငံတွင် အလုပ်လုပ်နေကြကြောင်း အစီအရင်ခံစာများကဆိုသည်။ ❖

# မြန်မာ့ရွှေတွင်းများ နိုင်ငံခြားသားလက်ထဲသို့ ရောင်းမည်



နိုင်ငံခြားသားများလက်ထဲသို့ ရောက်ရှိတော့မည့် မြန်မာ့ရွှေတွင်း

စစ်ကိုင်းတိုင်း၊ ကောလင်းမြို့နယ် အရှေ့ဘက်ရှိ အမှတ် (၂) သတ္တုတွင်းလုပ်ငန်းပိုင် ကျောက်ပုထိုးရွှေတွင်းကို ပုဂ္ဂလိကလုပ်ငန်းရှင်များထံရောင်းချရန် စစ်အစိုးရက ကြေညာထားပြီး နိုင်ငံခြားကုမ္ပဏီများက မြန်မာကုမ္ပဏီအမည်ခံ၍ ဝယ်ယူဖွယ်ရှိကြောင်း သတ္တုတွင်းဝန်ကြီးဌာနနှင့်နီးစပ်သော သတင်းများအရသိရသည်။

ရွှေသိုက်သည် ခေတ်မီနည်းပညာနှင့် ပစ္စည်းမလုံလောက်မှုများကြောင့် လောလောဆယ်တွင် တလလျှင် ရွှေ (၂၅) ကီလိုဂရမ်သာထုတ်လုပ်နိုင်သော်လည်း ရေမြေအနေအထားအရ အလားအလာကောင်းများရှိသဖြင့် မလေးနှင့်ကိုရီယားကုမ္ပဏီများက ဝယ်ယူရန်စိတ်ဝင်စားနေကြသည်။

အမှတ် (၂) သတ္တုတွင်းလက်အောက်ရှိ ရွှေတွင်းအတော်များများကို ၂၀၀၂ ခုနှစ်ကတည်းက ဖက်စပ်လုပ်ကိုင်ခဲ့သော်လည်း ၁၉၈၂ ခုနှစ်က စတင်တူးဖော်ခဲ့သော ကျောက်ပုထိုးရွှေတွင်းတခုသာ စစ်အစိုးရပိုင်အဖြစ် ကျန်ရှိနေရာမှ ယခုအခါ ရောင်းစားရန်စီစဉ်ခြင်း ဖြစ်သည်။

အမှတ် (၂) သတ္တုတွင်းလုပ်ငန်းသည် ရွှေတူးဖော်ရေးလုပ်ငန်းတွင် Golden Family Co. နှင့် အကျိုးတူလုပ်ကိုင်နေသည့်အပြင် ကချင်ပြည်နယ်၊ မန္တလေးတိုင်း၊ မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းများတွင် ရွှေတွင်းများ အငှားချထားသည်။

ရန်ကုန် ဘူမိဗေဒနှင့်ဓာတ်သတ္တုရှာဖွေရေးဌာန၏ အစီရင်ခံစာအရ ၂၀၀၁–၂၀၀၂ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် သတ္တုတူးဖော်ရေးလုပ်ငန်းများ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ (၂) သိန်းကျော်ဖြစ်ပြီး ၎င်းနှစ်များတွင်း Ivanhoe ကုမ္ပဏီနှင့် Corner Stone Resources Co. နှစ်ခုသာ နအဖနှင့်စီးပွားရေးလုပ်ကိုင်ခဲ့ကြသည်။ ❖

# သံလွင်မြစ်ပေါ်တွင်တည်ဆောက်မည့် (၁၅) နှစ်ကြာ တာဆန်းရေကာတာစီမံကိန်းကို ထိုင်းဘက်ကပြန်စဉ်းစား

ထိုင်းနိုင်ငံက မြန်မာနိုင်ငံတွင်တည်ဆောက်ရန်ရည်ရွယ်ထားသော ရေအားလျှပ်စစ်ထုတ်လုပ်ရေးဆည်များကို မြန်မာနိုင်ငံတွင်တည်ဆောက်မည့်အစား လာအိုနိုင်ငံတွင်တည်ဆောက်သွားရန် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးက ပြန်လည်သုံးသပ်နေကြောင်း ဝန်ကြီးနှင့်နီးစပ်သော သတင်းရပ်ကွက်ကိုကား၍ ချင်းမိုင်အခြေစိုက် ဧရာဝတီသတင်းတပုဒ်ကဆိုသည်။

ရေအားလျှပ်စစ်ထုတ်လုပ်ရေးအတွက် ရည်ရွယ်သော သံလွင်မြစ်ပေါ်ရှိ တာဆန်းရေကာတာတည်ဆောက်ရေးသည် လောလောဆယ်တွင် စီမံကိန်းအဆင့်သာရှိသေးသည့်အတွက် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနတခုတည်းသာမက အစိုးရတဖွဲ့လုံးပြန်လည်သုံးသပ်ရန် လိုအပ်ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များက ဆိုသည်။

သံလွင်မြစ်ပေါ်တွင် တည်ဆောက်မည့် ရေအားလျှပ်စစ်စီမံကိန်း ရေကာတာတည်ဆောက်ရေးလုပ်ငန်းများကြောင် ဒေသခံများ၏နေ့စဉ်ဘဝနှင့် အသက်မွေးမှုများ ထိခိုက်နိုင်သဖြင့် အမေရိကန်ဒေါ်လာသန်း (၆,၀၀၀) ကုန်ကျမည့် ရေကာတာကို ရပ်တန့်ပေးရန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များက စက်တင်ဘာလအတွင်းက ထိုင်းအစိုးရကို ပန်ကြားခဲ့သည်။

လောလောဆယ်တွင် ထိုင်းအစိုးရသည် လာအိုနိုင်ငံတွင် မီဂါဝပ် (၃,၀၀၀) ထုတ်လုပ်နိုင်မည့် Namtoen-2 ရေအားလျှပ်စစ် စီမံကိန်းတခုကိုဆောင်ရွက်နေပြီး ယခုနှစ်ကုန်ပိုင်းမှစ၍ လာမည့် (၂၅) နှစ်အတွင်း ထိုင်းနိုင်ငံသို့ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနိုင်တော့မည်ဖြစ်သဖြင့် အဆိုပါစီမံကိန်းအပေါ် ပိုမိုအာရုံစိုက်ရန် ထိုင်းစွမ်းအင်ဝန်ကြီးဌာနအသိုင်းအဝိုင်းတချို့က ပိုမိုလိုလားသည်။

တာဆန်းရေကာတာတည်ဆောက်ရန်သည် (၁၅) နှစ်ကြာမည်ဖြစ်ပြီး စီမံကိန်းပြီးစီးသွားပါက လျှပ်စစ်မီဂါဝပ် (၇,၀၀၀) ကျော်ထုတ်လုပ်နိုင်မည်ဟု ခန့်မှန်းထားသည်။

ထိုင်းနိုင်ငံ၏ စီးပွားရေးတိုးတက်မှုအရှိန်ကြောင့် လာမည့် (၂၀၂၀) တွင် စွမ်းအင်လိုအပ်ချက်နှစ်ဆတိုးလာမည်ဖြစ်သဖြင့် ရေအားလျှပ်စစ်ကဲ့သို့သော အိမ်နီးချင်းနိုင်ငံများ၏ သဘာဝအရင်းအမြစ်များကို ဈေးပေါသောစွမ်းအင်များထုတ်ယူသုံးစွဲရန် ထိုင်းဘက်ကကြိုးပမ်းလျက်ရှိသည်။

❖

# လူထုအုံကြွမှုအဓိကရုဏ်းနှိမ်နင်းရေးတွင် အသုံးချရန် အမျိုးသမီးများကို သင်တန်းပေးနေပြန်ပြီ

စစ်အစိုးရက လူထုအုံကြွမှုအဓိကရုဏ်းနှိမ်နင်းနည်းသင်တန်းများကို ကြံ့ဖွံ့၊ မီးသတ်နှင့် စစ်သားဇနီးမယားများအား ပို့ချပေးနေကြောင်း အောက်တိုဘာ (၃၁) ရက်နေ့ထုတ် ဧရာဝတီသတင်းတပုဒ်ကဆိုသည်။

မြစ်ကြီးနားမြို့အခြေစိုက် နအဖစစ်တပ်မှ တပ်ရင်း (၂၁)၊ တပ်ရင်း (၂၉) တပ်ရင်း၊ (၃၇) အတွင်းတွင် အဆိုပါသင်တန်းများကို စစ်သားမွမ်းမံသင်တန်းအယောင်ဆောင်ကာပေးနေကြောင်း ကေအိုင်အိုအဖွဲ့ဝင်တဦးကို ကိုးကားသော သတင်းကဆိုသည်။

သင်တန်းကာလမှာ (၁) လဖြစ်ပြီး သင်တန်းတက်ရောက်သူများကို သက်ဆိုင်ရာဒေသများသို့ပြန်လွှတ်ပြီး သတင်းပေးပြန်လုပ်ခိုင်းနေကြောင်း၊ တလလျှင် ကျပ် (၃၀,၀၀၀) ခန့် ထောက်ပံ့ပေးနေကြောင်း သတင်းတွင် ဆက်လက်ဖော်ပြထားသည်။

မြစ်ကြီးနား၊ မိုးညှင်း၊ မိုးကောင်း၊ ဖားကန့်၊ ဗန်းမော်၊ ပူတာအိုတို့တွင်လည်း သတင်းပေး (၈,၀၀၀) ခန့်ရှိပြီး၊ မြို့တိုင်းတွင် ဆိုက်ကားသမား၊ စည်ပင်ဝန်ထမ်းအယောင်ဆောင်ထားသူ သတင်းပေးများရှိနေကြောင်း၊ အချို့မှာ ဘုန်းကြီးအယောင်ဆောင်ထားသူများဖြစ်ကြောင်း သိရသည်။

နအဖသည် ၎င်းတို့လေ့ကျင့်ပေးထားသောကြံ့ဖွံ့နှင့် အခြားလက်ပါးစေများက နိုင်ငံရေးသမားများအားရိုက်နှက်ပြီး လူထုအတွင်း သဘောထားကွဲလွဲသည့်အသွင် ဖန်တီးမည့် အစီအစဉ်ရှိသည်ဟု ဆိုသည်။

(၂၀၀၃) ခုနှစ်၊ မေလက အလားတူအဖြစ်အပျက်မျိုး ဒီပဲယင်းအနီး ကျည်ရွာတွင်ဖြစ်ပွားခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးတို့ အသက်ဘေးမှ သီသီကလေး လွတ်မြောက်ခဲ့သည်။

❖

# ရောဂါသုံးမျိုးတိုက်ဖျက်ရေးအစီအစဉ်သစ် မြန်မာပြည်တွင်စတင်

မြန်မာနိုင်ငံတွင် အေအိုင်ဒီအက်စ်ခုခံအားကျဆင်းမှုရောဂါ၊ တီဘီအဆုတ်နာရောဂါနှင့် ငှက်ဖျားရောဂါတိုက်ဖျက်ရေးအတွက် သရီးဒီရန်ပုံငွေ (3D Fund) အစီအစဉ်၊ အမေရိကန်ဒေါ်လာ (၉၉) သန်းထောက်ပံ့မည့်ကိစ္စအတွက်နအဖအရာရှိများနှင့် ကုလသမဂ္ဂကိုယ်စားလှယ်တို့ အောက်တိုဘာ (၁၃) ရက်နေ့က နားလည်မှုစာချွန်လွှာလက်မှတ်ထိုးခဲ့ကြသည်။

နအဖဘက်က ကျန်းမာရေးဝန်ကြီး





မြန်မာနိုင်ငံတွင် ရောဂါကြောင့် နှစ်စဉ်သေဆုံးရသူ ၁၂၀၀ ကျော်ရှိသည်ဟုဆိုသည်။

ဒေါက်တာကျော်မြင့်နှင့် ကုလသမဂ္ဂ ယူအဲန်အိုပီ အာရှပစိဖိတ်ဒေသဆိုင်ရာ ဒါရိုက်တာ မစ္စတာဆူနေးဗာဂါဘာတို့ လက်မှတ်ထိုးခဲ့ကြသည်။

ဗြိတိန်၊ သြစတြေးလျ၊ နယ်သာလန်၊ နော်ဝေ၊ ဆွီဒင်နှင့် ဥရောပကော်မရှင်တို့ လှူဒါန်းသော ယခုရန်ပုံငွေကို စစ်ဗိုလ်ချုပ်များလက်ထဲသို့မရောက်စေဘဲ ဒေသဆိုင်ရာ အာဏာပိုင်များနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများသို့ အရောက်ပေးနိုင်ရန် အစီအစဉ်များရေးဆွဲထားပြီးဖြစ်သည်ဟု ကုလသမဂ္ဂအရာရှိများကပြောသည်။

စစ်အုပ်စု၏ စီမံခန့်ခွဲမှုညံ့ဖျင်းမှုကြောင့် ကမ္ဘာပေါ်တွင် အဆင်းရဲဆုံးနှင့် နိုင်ငံတကာအကူအညီရရှိမှု အနည်းဆုံးဖြစ်နေသော မြန်မာနိုင်ငံတွင် (၂၀၀၄) ခုနှစ်က ဂလိုဘယ်ဖန်းအဖွဲ့ကြီးသည် သရီးဒီဖန်းလုပ်ကိုင်မည့် လုပ်ငန်းများနှင့် အလားတူလုပ်ငန်းများလုပ်ကိုင်ခဲ့သော်လည်း စီမံကိန်းဝန်ထမ်းများကို အာဏာပိုင်များက ဝင်ရောက်ကန့်သတ်နှောက်ယှက်ခြင်းများပြုလုပ်ခဲ့သဖြင့် ကျန်းမာရေးအကူငွေ (၉၈) သန်းကို ပြန်ရုတ်သိမ်းကာ မြန်မာနိုင်ငံမှထွက်ခွာခဲ့သည်။

မြန်မာနိုင်ငံတွင် အေ့စ်ရောဂါသည်များအား ဆေးကုသပေးနေသော အစိုးရမဟုတ်သည့်အဖွဲ့အစည်းများတွင် ပါဝင်လုပ်ကိုင်နေသော ဒေါက်တာခင်ဇော်ဝင်းက လောလောဆယ်တွင်အကူညီမဲ့နေသော ရောဂါသည်များ၏အခြေအနေမှာ ဆိုးဆိုးရွားရွားဖြစ်နေသဖြင့် သရီးဒီဖန်း၏အကူအညီကို မျှော်လင့်နေကြောင်းပြောသည်။

“အရပ်ရပ်မှာ ဒီရောဂါအခြေအနေတွေတော်တော်ဆိုးနေပါတယ်။ လူတွေက မျှော်လင့်ချက်ကြီးစွာနဲ့ ဟိုဟာလည်း မပေးနိုင်၊ ဒီဟာလည်းမပေးနိုင်နဲ့ ဒါလေးတခုတည်းကိုအားကိုးပြီး ကျနော်တို့လုပ်နေရတာပါ။ လူအများကြီးကို အကျိုးပြုနိုင်မှာပါ” ဟုပြောသည်။

ကုလသမဂ္ဂ၏ အစီရင်ခံစာအရ မြန်မာနိုင်ငံတွင် ငှက်ဖျားကြောင့် အသက် (၅) နှစ်အောက် ကလေးငယ် (၃) ထောင်ကျော်နှစ်စဉ်သေဆုံးနေပြီး၊ တီဘီအဆုတ်နာရောဂါကြောင့် နှစ်စဉ်သေဆုံးရသူ စုစုပေါင်းမှာ (၁,၂၀၀) ကျော်ရှိကြောင်း သိရသည်။

စစ်အစိုးရ၏ ကျန်းမာရေးစောင့်ရှောက်မှုညံ့ဖျင်းမှုကြောင့်လည်း မြန်မာနိုင်ငံရှိ အေအိုင်ဒီအက်စ်ရောဂါ (၃) သိန်းခွဲ၏ အခြေအနေမှာ စိုးရိမ်ဖွယ်ဖြစ်နေကြောင်း ကုလသမဂ္ဂအေဂျင်စီများက အစီရင်ခံထားသည်။

စစ်အုပ်စုသည် နိုင်ငံတော်အသုံးစရိတ်၏ (၄၀) ရာခိုင်နှုန်းကို စစ်တပ်အသုံးစရိတ်အတွက်အသုံးပြုနေသော်လည်း ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် (၃) ရာခိုင်နှုန်းသာသုံးစွဲနေသဖြင့် နိုင်ငံတကာတွင် ဝေဖန်ခံနေရသည်။ ❖

# ထောင်စုနှစ် ဖွံ့ဖြိုးရေး ရည်မှန်းချက်များတွင် မြန်မာနောက်ကျကျန်ရစ်

ကုလသမဂ္ဂက ချမှတ်ရေးဆွဲထားသော စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်များကိုဖော်ဆောင်ရာတွင် မြန်မာနိုင်ငံသည် အလွန်နောက်ကျကျန်ရစ်နေသည်ဟု အောက်တိုဘာလ (၉) ရက်နေ့ထုတ် အာရှဖွံ့ဖြိုးရေးဘဏ်၏ အစီရင်ခံစာတွင်ဖော်ပြထားသည်။

မြန်မာနိုင်ငံ၏ ကျန်းမာရေးနှင့် ပညာရေးအသုံးစရိတ်သည် အမျိုးသားထုတ်လုပ်မှုစုစုပေါင်း၏ ဒသမ (၅) ရာနှုန်းသာရှိရာ အာရှပစိဖတ်ဒေသတွင် အနိမ့်ဆုံးဖြစ်ပြီး ကမ္ဘာ့အနိမ့်ဆုံး (၁၀) နိုင်ငံတွင် ပါဝင်နေသည်ဟုဆိုသည်။ ဖွံ့ဖြိုးမှုအနေးဆုံးနိုင်ငံများသည် ကျန်းမာရေးနှင့်ပညာရေးအသုံးစရိတ်တွင် အနည်းဆုံးဖြစ်နေသည်ဟု အစီရင်ခံစာကထောက်ပြထားသည်။ ❖

# တတိယလှိုင်းစီး ပြောက်ကျားစစ်




(၁)

နိုဝင်ဘာ ၂၀၀၁ ခု တာလီဘန် အစိုးရ ပြိုကျသွားချိန်မှာ မြို့ပေါ်ကနေ တောထဲ တောင်ထဲရွှေ့ကြတဲ့ အယ်လ်ကိုင်ဒါတွေရဲ့ ထက်ဝက်လောက်ဟာ အေကေ – ၄၇ မောင်း ပြန်သေနတ်တွေအပြင် လက်ပ်တော့ (လက် ဆွဲကွန်ပြူတာ) တွေ ကိုယ်စီကိုင်ဆောင် ထားကြတယ်။ သူတို့ကွန်ပြူတာတွေရဲ့ ဖန် သားပြင်ရုပ်ပုံအဖြစ် စက်တင်ဘာ (၁၁) ရက်ခေါင်းဆောင် မိုဟာမက်အာတာရဲ့ ဓာတ်ပုံကိုတင်ထားတယ်။ တကယ်တော့ အယ်လ်ကိုင်ဒါဟာ ပထဝီနယ်မြေကနေ ဆိုက် ဘာနယ်မြေကိုထိုးဖောက်ဝင်ရောက်တဲ့ ကမ္ဘာ့ ပထမဆုံး ပြောက်ကျားအဖွဲ့ဖြစ်ပါတယ်။ လက်ဆွဲကွန်ပြူတာနဲ့ ဒီဗွီဒီဓာတ်ပြားတွေကို သုံးပြီး သူတို့ဟာ ကွန်ပြူတာပရိုဂရမ်တွေ ရေးကြတယ်။ လေ့ကျင့်ရေး၊ ဆက်သွယ်ရေး၊ ဗျူဟာဆွဲရေးနဲ့ အစ္စလမ်တရားဟော၊ တရား နာရေး၊ တနည်းအားဖြင့် အတွေးအခေါ် တည်ဆောက်ရေးတွေကို ကွန်ပြူတာပေါ် မှာ ဆောင်ရွက်ကြတယ်။

အီရတ်နိုင်ငံက အယ်လ်ကိုင်ဒါ အသေခံ ဗုံးခွဲသမားတွေ၊ တိုက်ခိုက်ရေးသမားတွေဟာ လိုအပ်တဲ့စစ်သင်တန်း၊ ဖောက်ခွဲရေးသင် တန်းတွေကို အင်တာနက်ပေါ်မှာလုပ်ကြ တယ်။ ရုံပုံငွေစုဆောင်းတာ၊ တပ်သားသစ် စည်းရုံးစုဆောင်းတာတင်မက စစ်ဗျူဟာ ပိုင်းဆွေးနွေးတိုင်ပင်တာ၊ သတင်းအချက် အလက်တွေ၊ အကြံဉာဏ်တွေရယူတာကို လည်း အင်တာနက်ပေါ်မှာပဲ လုပ်ကြတယ်။ အင်တာနက်ပေါ်မှာဆိုရင် ဘယ်ကမှအန္တရာယ် အယှက်မရှိဘဲ အမည်မသိ မျက်နှာမသိအနေ အထားနဲ့ မြွေတကောင်လိုလျှောကနဲ လျှော ကနဲ လှုပ်ရှားနိုင်တယ်။ အပြင်လောကမှာ ရန်သူစစ်တပ်တွေ (သို့မဟုတ်) ပုလိပ်တွေရဲ့ အနှောင့်အယှက်ရှိပေမယ့် အင်တာနက်မှာ တော့ ဒါတွေကိုရှောင်လွှားနိုင်တယ်။ ပြင်ပ ကမ္ဘာမှာ အစည်းအဝေးလုပ်တဲ့အခါ နေရာ တခုမှာ အရေးကြီးခေါင်းဆောင်တွေဖြစ်ဖြစ် အဖွဲ့သားတွေပဲဖြစ်ဖြစ် စုစည်းနိုင်ဖို့ လုံခြုံ ရေးကို အသေအချာစီစဉ်ရ တင်းကြပ်ရ တယ်။ ဒါပေမယ့် အင်တာနက်ပေါ်မှာတော့ တယ်လီကွန်ဖရင့်ကို စိတ်အေးလက်အေး လုပ်လို့ရတယ်။ အချိန်နဲ့နေရာပြဿနာတွေ ကို အင်တာနက်က အတော်ကြီးဖြေရှင်း လိုက်နိုင်ပြီ ဖြစ်တယ်။ ဒါတင်မက တခါမှ မတွေ့ဖူးကြတဲ့ လူစိမ်းတွေရဲ့ကလပ်စည်းကို အင်တာနက်ပေါ်မှာဖွဲ့တာ ပိုပြီးလုံခြုံစိတ်ချရ တယ်လို့ဆိုတယ်။ တယောက်ကိုတယောက် ဘယ်သူမှန်းမသိလို့ ဘယ်လိုမှ သတင်းပေါက် နိုင်စရာမရှိဘဲ အလုပ်လုပ်လို့ရတယ်လို့ဆို တယ်။

ကမ္ဘာလုံးဆိုင်ရာ ဂျီဟာဒ်လှုပ်ရှားမှုဟာ အင်တာနက်ကနေ စီစဉ်ညွှန်ကြားနေတဲ့ ဖြစ် စဉ်ကြီးဖြစ်နေပြီလို့ အမေရိကန်အကြမ်း ဖက်ဝါဒလေ့လာသူပါရဂူများက သုံးသပ်ကြ တယ်။ ဒါပေမယ့် ဒါဟာ အယ်ကိုင်ဒါအဖွဲ့က အကြွင်းမဲ့ခေါင်းဆောင်တဲ့ လှုပ်ရှားမှုတော့ မဟုတ်ဘဲ အမျိုးစုံသော အဖွဲ့ငယ်လေးတွေ၊ အရေးပေါ် တပွဲတိုးကလပ်စည်းတွေက ပိုပို ပြီးများလာနေတယ်။ ဒါတွေကို တကမ္ဘာလုံး အတိုင်းအတာနဲ့ လုံးဝပိတ်ပင်တားဆီးဖို့ ဒါမှမဟုတ် သိသိသာသာလျော့ကျသွားစေဖို့ နည်းပညာမရှိသေးပါဘူး။ ၉/၁၁ အရေး အခင်းနောက်ပိုင်းမှာ အစ္စလာမ်အစွန်း ရောက်သမားတွေနဲ့ပတ်သက်တဲ့ ဝက်ဘ်ဆိုက် တွေ တအားတိုးပွားလာပါတယ်။ ၁၉၉၇ ခု မှာ အဲသလို ဝက်ဘ်ဆိုက် (၁၂) ခုပဲရှိရာ ကနေ ဒီကနေ့မှာတော့ ဝက်ဘ်ဆိုက်ပေါင်း (၄,၅၀၀) ရှိနေပြီဖြစ်တယ်။ အယ်လ်ကိုင်ဒါရဲ့ အီရတ်ဌာနခွဲဟာ အခုအခါ ပျမ်းမျှအားဖြင့် တရက်ကို အင်တာနက်ထုတ်ပြန်ချက် (၉) ခုလောက်ထုတ်နေတယ်။ အစ္စလမ်အစွန်း ရောက်တွေရဲ့လှုပ်ရှားမှု လည်ပတ်နေအောင် အဓိကမောင်းနှင်အားက “ဘာသာရေးအ ယူဝါဒနဲ့အင်တာနက်”ပဲဖြစ်တယ်လို့ စီအိုင် အေ လက်ထောက်ညွှန်ကြားရေးမှူး ဂျွန်မက် လောလင်းက ကောက်ချက်ချတယ်။ အစ္စ ရေးသုတေသီတယောက်ကတော့ အင်တာ နက်ဟာ ဂျီဟာဒ်ရဲ့တံခါးဖွင့်တက္ကသိုလ်ကြီး ဖြစ်နေပြီလို့ဆိုတယ်။

တကယ်တော့ အင်တာနက်ပေါ်မှာ အစ္စ လာမ်အစွန်းရောက်တွေစုမိတဲ့ပုံစံဟာ တခြား သော သန်ရာသန်ရာလိုင်းတွေ အင်တာနက် ပေါ်စုစည်းကြတာတွေနဲ့ ဘာမှမကွာပါဘူး။ တံဆိပ်ခေါင်းဝါသနာရှင်တွေ ဒါမှမဟုတ် အ ဆစ်ရောင်ရောဂါရှင်တွေ အင်တာနက်ပေါ် မှာ အသိုင်းအဝိုင်းဖွဲ့စုစည်းကြတဲ့ပုံစံမျိုး အတိုင်းပါပဲ။ နိုင်ငံနယ်နိမိတ်တွေမရှိ၊ လူမျိုးစု အမှတ်အသားတွေမရှိ၊ ဘယ်သူဘယ်ဝါမှန်း မသိ။ ဒါပေမဲ့ ဘယ်နေရာမဆိုလည်း သွား နိုင်တဲ့ ဒီအင်တာနက်ဟာ ဒီကနေ့အကြမ်း ဖက်ဝါဒရဲ့ စံပြုလောက်တဲ့ ကြားခံအခြေ တည်ရာဖြစ်တယ်လို့ ရန်းဒ်ကော်ပိုရေးရှင်းက အကြမ်းဖက်ဝါဒသုတေသီ ဘုစ်ဟော့ဖ်မင်း ကဆိုတယ်။ အစ္စလာမ်မီဒီယာအဖွဲ့တဖွဲ့ ကိုယ် တိုင်ကလည်း အင်တာနက်ဟာ ဂျီဟာဒ်ကို ပိုမိုသွက်လက်ချောမွေ့သွားစေတယ်လို့ ကြေ ညာခဲ့သေးတယ်။

တာလီဘန်ခေတ်အာဖဂန်နစ္စတန်မှာ ရုပ်မြင်သံကြားတို့၊ ဗီဒီယိုတို့ကို ပိတ်ပင်ခဲ့ပေ မယ့် တတိယလှိုင်းနည်းပညာအားသန်တဲ့ အယ်လ်ကိုင်ဒါတွေကတော့ ခေါင်းတလုံးသာ ခဲ့ပါတယ်။ ဘင်လာဒင်ဟာ ကမ္ဘာမှာ ဂြိုလ်တု ဖုန်းတွေ ပထမဆုံးစပေါ်ကတည်းက သုံးခဲ့ပြီး ဗီဒီယိုကင်မရာတွေ ခေတ်မစားခင်ကတည်း က ဗီဒီယိုဝါဒဖြန့်အခွေတွေထုတ်ခဲ့တယ်။ ဒါ ပေမယ့် အခုတော့ ဘင်လာဒင့်နောက်လိုက် လူငယ်မျိုးဆက်သစ်တွေက သတင်းနည်း ပညာတွေကို ပိုအဆင့်မြင့်မြင့်နဲ့ ကျွမ်းကျွမ်း ကျင်ကျင်အသုံးချနေကြပြီ။ ဘင်လာဒင့် အယ် ကိုင်ဒါတုန်းက ဖက်စ်နဲ့ဂြိုလ်တုရုပ်မြင်သံကြား ခေတ်သာဖြစ်ခဲ့ပြီး အာဖဂန်တောတောင်တွေ ကျေးလက်တွေကိုအခြေခံခဲ့ရာက နောက် ပိုင်း ဇာကာဝီခေတ်မှာတော့ ဒီအက်စ်အယ်လ် အင်တာနက်ခေတ်မှာ အီရတ်မြို့ပြကို အခြေခံ နေတယ်။

(၂)

အယ်ကိုင်ဒါနဲ့ ဆင့်ပွားအဖွဲ့အစည်းတွေ ဟာ အမျိုးမျိုးသောလေ့ကျင့်ရေးဆိုင်ရာ စာစောင်စာတမ်းတွေကို ဧရာမအင်တာနက် စာကြည့်တိုက်ကြီးအဖြစ်လည်း တည်ဆောက် ထားတယ်။ မက်ဆေ့ဂျ်ရိုက်တာ၊ ချက်တင် ပြောတာတွေကတဆင့် အကြမ်းဖက်ဘာသာ ရပ်အလိုက် ကျွမ်းကျင်သူတွေက နည်းလမ်း တွေသင်ပြတာ၊ လက်တွေ့အခက်အခဲတွေ ကျော်လွှားဖို့နည်းပေးတာတွေလည်း လုပ် ပေးတယ်။ အဆိပ်ဖော်နည်း၊ မီးဖိုချောင်သုံး သို့မဟုတ် ဘယဆေးဆိုင်သုံးပစ္စည်းတွေက နေ ဗုံးလုပ်နည်းကအစ၊ ရုပ်ဖျက်ပြီး အီရတ် နိုင်ငံထဲခိုးဝင်နည်းနဲ့ ပုလိပ်ကိုလာဘ်ထိုးနည်း အလယ် ဒုံးကျည်တွေ၊ ဗုံးသီးတွေကနေ ယမ်း ထုတ်ယူနည်း၊ အမေရိကန်စစ်သားကို ချောင်း မြောင်းပစ်ခတ်နည်း။ သဲကန္တာရထဲမှာ ည အချိန် ကြယ်တွေကြည့် ခရီးသွားနည်း၊ ကွန် ပျူတာတွေထဲ အင်တာနက်ကနေ ဟက္က (hack) လုပ် ဖောက်ထွင်းဝင်ပြီး အချက်အ လက်တွေခိုးယူနည်းနဲ့ဖျက်ဆီးပစ်နည်းအဆုံး အကြောင်းအရာမျိုးစုံကို သင်ပြတာ၊ အတွေ့ အကြုံဖလှယ်တာတွေ အင်တာနက်ပေါ်မှာ လုပ်ကြတယ်။ ဒါ့အပြင် အနောက်နိုင်ငံဈေး ကွက်ထဲ ဝယ်လို့ရနိုင်တဲ့ ပေါက်ကွဲပစ္စည်းတွေ၊ ဓာတုဗေဒပစ္စည်းတွေစာရင်းကိုလည်း နိုင်ငံ အလိုက်ဖော်ပြထားတယ်။ ဒါတွေကို အာရဗီ ဘာသာ၊ အူရဒူဘာသာ၊ ပတ်ရှ်တူဘာသာစတဲ့ အကြမ်းဖက်သမားတွေရဲ့ မိခင်ဘာသာစကား တွေနဲ့ အင်တာနက်မှာပြပေးနေတယ်။

၂၀၀၄ ခုမှာ အယ်လ်ကိုင်ဒါက အင်တာ နက်မဂ္ဂဇင်းတစောင်ကို လွှတ်တင်ခဲ့တယ်။ တလတခါထုတ်ဒီမဂ္ဂဇင်းမှာ ဘာသာရေးအ ဆိုအမိန့်တွေနဲ့ စစ်ရေးဆိုင်ရာအကြံဉာဏ် တွေ ထည့်ပေးတယ်။ အဲဒီအွန်လိုင်းမဂ္ဂဇင်း ထဲမှာ ရေးထားတာက “ဘုရားသခင်ရဲ့စစ် သည်တော် ညီနောင်အပေါင်းတို့၊ ကြီးကျယ် မြင့်မြတ်လှသော သင်တန်းစခန်းများသို့ ဝင် ရောက်ရန်အတွက် ရေခြားမြေခြားသို့ ခရီး သွားစရာမလိုပါ။ ကိုယ့်အိမ်မှာပဲ ကိုယ်တ ယောက်တည်းဖြစ်စေ၊ ကိုယ့်ညီနောင်ရဲဘော် တွေနဲ့အတူတကွဖြစ်စေ လေ့ကျင့်ရေးအစီ အစဉ်ကို ဆောင်ရွက်အကောင်အထည်ဖော် လို့ရနိုင်ပါသည်”လို့ရေးပြီး ရဲဘော်သစ်တွေ အင်တာနက်သုံးဖို့တိုက်တွန်းထားတယ်။ ဟို တုန်းကဆိုရင် သင်တန်းတက်ဖို့ ဆူဒန်ကို သွားရတယ်၊ ယီမင်ကိုသွားရတယ်၊ အာဖဂန် နစ္စတန်ကို သွားရတယ်။ အခုတော့ သွား စရာမလိုတော့ပါ။ တကယ်လို့ မသွားမဖြစ် သွားရရင်တောင်မှ ကိုယ့်လည်ပင်းကြိုးကွင်း စွပ်မယ့် ဘာစာရွက်စာတမ်းမှ ယူသွားစရာ မလိုတော့ပါ။ လိုသမျှစာရွက်စာတမ်းတွေ အင်တာနက်ပေါ်မှာ အကုန်ရှိနေတယ်။ မရှိ သေးရင်လည်း ဝှက်စာသွင်းပြီး အီးမေးလ်နဲ့ ပို့လို့ရတယ်။ ဝှက်စာတွေကလည်း စီအိုင် အေက ကမ္ဘာ့အကောင်းဆုံးကွန်ပျူတာအလုံး (၁၀၀၀) နဲ့ နှစ် (၁၀,၀၀၀) လောက်အချိန် ယူ၊ ဒေါ်လာဘီလီယံနဲ့ချီငွေကုန်ခံပြီးဖော်မှ ရနိုင်မဲ့ ဝှက်စာမျိုး။

၂၀၀၆ မေလတုံးက အယ်လ်ကိုင်ဒါ ဝရမ်းပြေး မူစတာဖာစက်မာရီယမ်နာဆာ (ခေါ်) အဘူမူဆပ်ဆူရီရဲ့ ဝက်ဘ်ဆိုက်မှာ “ဇီဝလက်နက်များ”ဆိုတဲ့ခေါင်းစဉ်နဲ့ ပလိပ် ရောဂါပိုးလက်နက်လုပ်နည်း၊ ပစ်လွှတ်နည်း တွေ စာမျက်နှာ (၁၅) မျက်နှာလောက် အာ ရဗီဘာသာနဲ့ တင်ခဲ့တယ်။ နာဆာဟာ လူ ငယ်တွေကို ကိုရန်ကျမ်းနဲ့အတူ ကွန်ပျူတာ ပညာကိုပါ လေ့လာသင်ယူကြဖို့ နှိုးဆော်သူ ဖြစ်တယ်။ အင်တာနက်မှာတင်ထားတဲ့ အီ ရတ်စစ်ပွဲ “အာဇာနည်” အသေခံဗုံးခွဲသ မား (၄၀၀) ကျော်ရဲ့အတ္ထုပ္ပတ္တိတွေကြည့် လိုက်ရင် အများစုဟာ အင်တာနက်သုံးသမား ပညာတတ်လူလတ်တန်းစားတွေဖြစ်ပြီး ဝင် ငွေကောင်းတဲ့အလုပ်အကိုင်နဲ့၊ မိန်းမနဲ့သား သမီးတွေနဲ့ဖြစ်တာ တွေ့ရတယ်။

နောက်လတွင် ဆက်လက်ဖော်ပြမည်။

# နအဖ၏လူ့အခွင့်အရေးချိုးဖောက်မှုများသည် ကြီးမားသော လူသားပြဿနာဆီဦးတည်နေ

နိုင်ငံတကာ စုံစမ်းစစ်ဆေးမှုများနှင့် အလှမ်းကွာနေသော မြန်မာပြည်ပြဿနာသည် မကြာမီ လူသားတရပ်လုံးအတွက် ပြဿနာတခုဖြစ်လာတော့မည်ဟု ကုလသမဂ္ဂ အထူးစုံစမ်းရေးမှူး ပေါ်လိုဆာဂျီယိုပင်ညဲရိုးက (၆၂) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ အစီရင်ခံခဲ့သည်။

နအဖအုပ်စုက လူထုအပေါ်ကျူးလွန်နေသော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ၊ ကလေးစစ်သားအသုံးပြုမှုကို အခြေအနေများကို ထောက်ပြထားသော (၁၉) မျက်နှာပါ သူ၏အစီရင်ခံစာတွင် မစ္စတာပင်ညဲရိုးက ....

"ဒီအကြမ်းဖက်မှုတွေကို မစုံစမ်းမဖော်ထုတ်နိုင်သလို ကျူးလွန်သူတွေကို အရေးမယူပါဘူး။ အစော်ကားခံရတဲ့ သားကောင်းတွေဟာ သူတို့အခွင့်အရေးအတွက် တောင်းဆိုနိုင်ခွင့်မရှိသလို သင့်လျော်ထိုက်တန်တဲ့ နှစ်သိမ့်မှုလည်းမရကြပါဘူး"ဟု သူကတင်ပြထားသည်။

နအဖစစ်အုပ်စုသည် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများ၊ နှိပ်စက်ညှဥ်းပမ်းမှုများနှင့် အဓမ္မလုပ်အားပေးခိုင်းစေမှုများ အပါအဝင်ကျယ်ပြန့်သော လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက်ကျူးလွန်နေပြီး၊ ၎င်းတို့၏ကျူးလွန်မှုများကို ဆက်လက်ဖုံးကွယ်နေသည်ဟု မစ္စတာပင်ညဲရိုး၏ အစီရင်ခံစာက ဆိုသည်။

တိုင်းရင်းသားနယ်မြေများတွင် နအဖတပ်က နယ်မြေသိမ်းပိုက်မှုများပြုလုပ်လျက်ရှိရာ လူထောင်ပေါင်းများစွာသည် အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ကြောင်း၊ ရက်စက်သော နအဖတပ်၏ ထိုးစစ်အရှိန်ကို မရပ်တန့်နိုင်လျှင် မကြာမီတွင် ကြီးမားသောလူသားပြဿနာအဖြစ်သို့ဦးတည်သွားမည်ဟု မစ္စတာပင်ညဲရိုးက ထောက်ပြသည်။

ဩဂုတ်လကုန်ပိုင်းတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေးအကျဉ်းသား (၁,၁၈၅) ဦးရှိကြောင်း၊ ၎င်းအရေအတွက်သည် တိုင်းရင်းသားနယ်မြေများအတွင်း လူမသိ သူမသိ အဖမ်းခံထားရသူ အမြောက်အများ မပါဝင်သေးကြောင်း အစီရင်ခံစာကဆိုသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင် (၁,၀၃၈) ဦးကို ဧပြီလနောက်ပိုင်းအတွင်း အမျိုးမျိုးအကြပ်ကိုင်ခြိမ်းခြောက်၍ ပါတီမှ နှုတ်ထွက်ခိုင်းနေသည့်ကိစ္စကိုလည်း မစ္စတာပင်ညဲရိုးကထောက်ပြလိုက်ပြီး နအဖ၏ "ဒီမိုကရေစီလုပ်ငန်းစဉ်"ဆိုသည့် အပြောနှင့် လက်တွေ့ကွာဟချက်အပေါ် မေးခွန်းထုတ်ထားသည်။



ကုလသမဂ္ဂ အထူးစုံစမ်းရေးမှူး ပေါ်လိုဆာဂျီယိုပင်ညဲရိုး

မစ္စတာပင်ညဲရိုးသည် ကုလသမဂ္ဂ၏ တာဝန်ပေးချက်အရ မြန်မာပြည်၏ လူ့အခွင့်အရေးအခြေအနေနှင့်ပတ်သက်သော အချက်အလက်များစုဆောင်းနေရာမှ ၂၀၀၃ ခုနှစ်တွင် နအဖက မြန်မာပြည်သို့ ဝင်ခွင့်ဗီဇာပိတ်ပင်လိုက်သည်။ ❖

# သတင်းစာလွတ်လပ်ခွင့် မြန်မာပြည်တွင် ဆိုးရွားဆဲဟု အာရ်အက်စ်အက်ဖ်အစီရင်ခံ

အောက်တိုဘာ (၂၄)

ပြင်သစ်အခြေစိုက် နယ်ခြားမဲ့သတင်းထောက်များအဖွဲ့ (RSF) ၏အစီရင်ခံစာသစ်တွင် မြန်မာနိုင်ငံကို သတင်းစာလွတ်လပ်ခွင့်ဖိနှိပ်မှု အဆိုးဝါးဆုံးနိုင်ငံတနိုင်ငံအဖြစ် ဖော်ပြထားသည်။

ယင်းအစီရင်ခံစာအရ (၂၀၀၆) ခုနှစ်တွင် စာနယ်ဇင်းသမားစုစုပေါင်း (၁၁) ဦး ဖမ်းဆီးခံခဲ့ရပြီး (၇) ဦးမှာ ထောင်ချခံခဲ့ရကြောင်း၊ မြန်မာနိုင်ငံတွင် ဓမ္မရိပ်မဂ္ဂဇင်းမှ ဦးသောင်းစိန်နှင့်ကိုမိုးထွန်းတို့ကို မြို့တော်သစ်နေပြည်တော်တွင် ဓာတ်ပုံရိုက်မှုဖြင့် စစ်အစိုးရက ထောင် (၃) နှစ်အပြစ်ပေးထားပြီး ဒေါင်းမာန်ကဗျာစာအုပ်ထုတ်ဝေသူ လူငယ်များလည်း ထောင်ဒဏ် (၇) နှစ်မှ (၁၉) အထိ အပြစ်ပေးခံနေရကြောင်း ဖော်ပြထားသည်။

မြန်မာထက်ဆိုးရွားသောနိုင်ငံများမှ မြောက်ကိုရီးယား၊ တာ့ကမန်နစ္စတန်၊ အီရစ်ထရီးယားနှင့် ကျူးဘားနိုင်ငံများဖြစ်သည်ဟု ဖော်ပြထားသော အစီရင်ခံစာတွင် သတင်းစာလွတ်လပ်ခွင့်အပေါ် ဖိနှိပ်သောနိုင်ငံများသည် တိုးတက်မှုလည်းမရှိကြောင်း ထောက်ပြထားသည်။ ❖

# ဘန်ကောက်တွင် မြန်မာအလုပ်သမား (၈၂) ဦးအဖမ်းခံရ

ထိုင်းနိုင်ငံဘန်ကောက်မြို့၊ ခေါင်းခွမ်စွယ်ထောင်းစီရှိ (NavA- Arporn Co.ltd) အထည်ချုပ်စက်ရုံမှ မြန်မာအလုပ်သမား (၈၂) ဦးကို အောက်တိုဘာလ (၁၁) ရက်နေ့က ထိုင်းရဲများက လာရောက်ဖမ်းဆီးသွားသည်။

"ယောကျာ်းလေး (၄၂)၊ မိန်းကလေး (၄၀) အားလုံး (၈၂) ယောက် အဖမ်းခံရတယ်"ဟု အချုပ်ခံနေရသော အလုပ်သမားများ၏စားဝတ်နေရေးအတွက် အကူအညီပေးနေသော မစန်းစန်းခိုင်ကပြောသည်။



ဖမ်းဆီးခံရသော မြန်မာအလုပ်သမားများ

တရားဝင်အလုပ်လုပ်ခွင့်လက်မှတ်မရှိသော မြန်မာအလုပ်သမား (၈၂) ဦးသည် ထိုင်း၏လူဝင်မှုကြီးကြပ်ရေးအရ မြန်မာပြည်ပြန်ပို့ခံရဖွယ်ရှိသည်။

အဖမ်းခံရသော အလုပ်သမားများသည် တရားဝင် အလုပ်သမားလက်မှတ်မရှိသော်လည်း ထိုင်းလူမျိုးရှေ့နေထံတွင် အလုပ်သမားများ၏ လုံခြုံရေးကိစ္စများအတွက် ဆိုကာ (၁၅) ရက်တကြိမ် ဘတ်ငွေ (၅၀၀) စီလခထဲမှ ပုံမှန်ပေးနေရကြောင်း အလုပ်သမားများကပြောသည်။

၎င်းအထည်ချုပ်စက်ရုံတွင် မြန်မာအလုပ်သမား (၃၀၀) ခန့်ရှိပြီး အဖမ်းခံရသူများသည် ထိုင်းရှေ့နေ၏ လုံခြုံရေးအတွက် အာမခံသည်ဟူသော အကြောင်းပြချက်ဖြင့် အခြားအလုပ်သမား လက်မှတ်ရှိသူများနည်းတူ (၁၅) ရက်တကြိမ် လစာငွေဖြတ်တောက်ခံခဲ့ရသည်။

အဖမ်းခံရသူ (၈၂) ဦး ကိုင်ဆောင်ထားသော စက်ရုံလက်မှတ်များတွင် အလုပ်စဝင်သည့်ရက်စွဲများပါဝင်နေရာ (၄၈) ဦးသည် ထိုင်းအစိုးရ၏ အလုပ်သမားလက်မှတ်စတင်ထုတ်ပေးသော ဇွန်လမတိုင်ခင်ကတည်းက ရောက်ရှိနေသူများဖြစ်သော်လည်း အလုပ်ရှင်က တမင်သက်သက်အလုပ်သမားလက်မှတ်လုပ်မပေးကြောင်း အဖမ်းခံရသူများအား လိုက်လံအကူအညီပေးနေသူတဦးကပြောသည်။

အလုပ်ရှင်၏ရှေ့နေ နာတာချိုင်းက အလုပ်သမားများအား (၁၅) ရက်တကြိမ် ငွေကြေးဖြတ်တောက်ခြင်းမရှိကြောင်း အဖမ်းခံရသည့် ညတွင် အလုပ်သမားများအား အတင်းအကြပ်လက်မှတ်ထိုးခိုင်းသော်လည်း အလုပ်သမားများက လက်မခံခဲ့ပေ။

ထိုင်းနိုင်ငံ၏ အလုပ်သမားဥပဒေအရ အလုပ်သမားလက်မှတ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အလုပ်ရှင်တဦးဦးထံတွင် (၄) လ အလုပ်လုပ်ပြီးသူတိုင်း အခြားအလုပ်သမားများနည်းတူ အလုပ်သမားအခွင့်အရေး အပြည့်အဝရရှိရမည်ဟု ဖော်ပြထားသည်။

အဖမ်းခံထားရသော မြန်မာအလုပ်သမားများ ဥပဒေရှေ့မှောက်တွင် အလုပ်သမား အခွင့်အရေး အပြည့်အဝရရှိရေးအတွက် အလုပ်သမားအကူအညီပေးရေးအဖွဲ့များက လိုက်လံဆောင်ရွက်ပေးနေကြသည်။

အလုပ်ရှင်၏ရှေ့နေက အလုပ်သမား (၈၂) ဦးထံမှ ဖြတ်တောက်ထားသော ငွေပမာဏမှာ စုစုပေါင်းမှာ ထိုင်းဘတ်ငွေ (၂၁၆,၅၀၀) ဖြစ်ပြီး၊ ၎င်းအလုပ်သမားများ၏လစာငွေ ထိုင်းဘတ် (၁၆၀,၀၀၀) ကျော်လည်း အလုပ်ရှင်ထံမှ ယခုတိုင် ထုတ်ယူနိုင်ခြင်းမရှိသေးကြောင်း အဖမ်းခံအလုပ်သမားများအားလွတ်မြောက်ရေး လိုက်လံဆောင်ရွက်နေသူတဦးက မိုးကြိုးသတင်းဌာနသို့ ပြောသည်။ ❖

# ထိုင်းအစိုးရ၏ မြန်မာဒုက္ခသည်အရေးဦးစားပေးမှုကြောင့် သတင်းစာရှင်းလင်းပွဲတွင် ကုလသမဂ္ဂ ထုတ်ဖော်ချီးကျူး

ထိုင်းနိုင်ငံရှိ မြန်မာဒုက္ခသည် တသိန်းလေးသောင်းကို အသိအမှတ်ပြုကဒ်များထုတ်ပေးတော့မည့် ထိုင်း၏မူဝါဒသည် အားတက်ဖွယ်ဖြစ်ကြောင်း ကုလသမဂ္ဂဒုက္ခသည်များ အေဂျင်စီ (UNHCR) က အောက်တိုဘာ (၁၇) ရက်နေ့က ထုတ်ဖော်ချီးကျူးလိုက်သည်။



ထိုင်းနိုင်ငံရှိ ဒုက္ခသည်စခန်းများရှိ မြန်မာဒုက္ခသည်များ

ထိုင်းဝန်ကြီးသစ်နှင့် (UNHCR) မှ အရာရှိများတွေ့ဆုံမှုရလဒ်အဖြစ် ထွက်ပေါ်လာသော ယခုအစီအစဉ်သည် ဒုက္ခသည်များ ယခင်ကကဲ့သို့ ဒုက္ခသည်စခန်းအတွင်း ခြေချုပ်ချခံရခြင်းများမှ လွတ်မြောက်ဖွယ်ရှိပြီး စခန်းအပြင်ထွက်၍ တရားဝင်အလုပ်လုပ်ခွင့်ရရှိမည်ဖြစ်သည်။

ဝန်ကြီးချုပ် ဆူလာယုချူလာနော့က လူသားချင်းစာနာသည့်ပြောဆိုချက်ကြောင့် ထိုင်းအစိုးရမူဝါဒမကြာမီ ပိုမိုကောင်းမွန်လာမည့် မျှော်လင့်ချက်များရှိလာသည်ဟု ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) ၏ပြောခွင့်ရသူ ဂျနီဖာပါဂိုနစ်က ဂျနီဗာတွင်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ပြောကြားသည်။

ထိုင်းအစိုးရ၏ ပေါ်လစီအပြောင်းအလဲသည် ထိုင်း–မြန်မာနယ်စပ်တလျှောက် ဒုက္ခသည်စခန်းများတွင် နှစ်ပေါင်း (၂၀) အထိ နေထိုင်လာရသည့် ဒုက္ခသည်များ၏ဘဝကို ကောင်းမွန်ပြောင်းလဲစေမည်ဖြစ်သည်။ ထိုဒုက္ခသည်များအနက် အများစုမှာ ဌာနေရင်းသို့ ပြန်နိုင်ရန် မျှော်လင့်ချက်မဲ့သူများဖြစ်သည်။

ထိုင်းအစိုးရတာဝန်ယူထားသည့် ဒုက္ခသည်စခန်း (၉) ခု၏ အဆင့်အတန်းများ တိုးတက်ကောင်းမွန်လာရေးသည် ထိုင်းနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ထိုင်းတောင်ပိုင်းအရေးပြီးလျှင် အဓိကဦးစားပေးလုပ်ငန်းစဉ်ဖြစ်ကြောင်း (UNHCR) အကြီးအကဲနှင့်တွေ့ဆုံစဉ်တွင် ထိုင်းဝန်ကြီးချုပ်သစ် မစ္စတာဆူလာယုကပြောသည်။

နယ်စပ်ဒုက္ခသည်စခန်းများရှိ ဒုက္ခသည်များကို တတိယနိုင်ငံများသို့ ပြောင်းရွှေ့ပေးလင့်ကစား စစ်အစိုးရ၏ဖိနှိပ်မှုနှင့် နယ်စပ်တိုက်ပွဲများကြောင့် ထိုင်းဘက်ခြမ်းသို့ တိုင်းရင်းသားဒုက္ခသည်များ အဆက်အပြတ်ရောက်ရှိနေဆဲဖြစ်သည်။

(၂၀၀၄) ခုနှစ်မှစ၍ ယခုအထိ နယ်စပ်ဒုက္ခသည်စခန်းများမှ ဒုက္ခသည် (၇,၀၀၀) ကျော်သည် တတိယနိုင်ငံတွင် အခြေချနိုင်ခဲ့ကြပြီး၊ မကြာသေးမီကပင် လူနေထူထပ်သော ထန်ဟင်းဒုက္ခသည်စခန်းမှ ဒုက္ခသည် (၉,၅၀၀) အနက် (၂,၇၀၀) ကိုလက်ခံရန် အမေရိကန်အစိုးရက ကတိပြုခဲ့သည်။

ဒုက္ခသည်များကို တတိယနိုင်ငံများတွင် အခြေချခွင့်ပေးနိုင်ရေးအတွက် ကုလသမဂ္ဂသည် အမေရိကန်၊ ဩစတြေးလျ၊ ဗြိတိန်၊ ဖင်လန်၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွီဒင်၊ နော်ဝေး၊ ကနေဒါ၊ အမေရိကန်စသော နိုင်ငံများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။ ❖

# ငါးခေါင်းဟင်းချိုလား၊ ဝက်ဝံခြေထောက်စွပ်ပြုတ်လား

လူဆိုတာ ကြောက်တတ်တဲ့သတ္တဝါပါ။ ဘယ်သူမဆို အချည်းနှီးအဖမ်းဆီးမခံချင်ပါဘူး။
ဘယ်သူမဆို
အချည်းနှီးထောင်ကျမခံချင်ပါဘူး။
ဘယ်သူမဆို အသက်ကိုမဆိုထားနှင့် သွေးတစက်တောင်
အချည်းနှီးအကျအဆုံးမခံချင်ပါဘူး။
ဒါပေမယ့် …

**ဇွန်မိုး**

(၁)

သင်္ကြန်ကျတော့မယ်ဆိုရင် ကျနော်တို့ကိုဖြတ်ပြီး တိုက်ခတ်သွားတဲ့လေထဲမှာ သင်္ကြန်ရနံ့တွေ ပါလာတတ်တယ်။

သင်္ကြန်ရဲ့အငွေ့အသက်တွေ ပိတောက်ရွက်နုတွေကြား တိုးဝှေ့တိုက်ခတ်သွားတဲ့ လေနုအေးတွေ၊ နေခြည်နုနုအောက်မှာ လှုပ်ခတ်ယိမ်းနွဲ့နေတဲ့ ပိတောက်ဖူးတွေ။

အဲဒီလို အငွေ့အသက်တွေ၊ အဲဒီလိုအတိုးအဝှေ့တွေ တို့ထိခံစားလာရပြီဆိုရင် မကြာခင် သင်္ကြန်ကျတော့မှာပါလားဆိုတာ ပြက္ခဒိန်မကြည့်မိဘဲနဲ့တောင် အလိုလို အကြိမ်ကြိမ်သိဖူးတယ်။

အခုကျနော်တို့ကိုဖြတ်ပြီး တိုက်ခတ်နေတဲ့လေထဲမှာ ဘယ်လိုအငွေ့အသက်တွေ တွေ့နေရပြီလဲ။

(၂)

'ကျနော်မကြောက်ပါဘူး။ နဲနဲလေးမှကို မကြောက်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ခုဟာက ကျနော်တို့ဟာ ကျနော်တို့ရဲ့ကောင်းမြတ်တဲ့စိတ်ဆန္ဒတွေနဲ့ ကျနော်တို့ရဲ့မေတ္တာတရားတွေကို မျှဝေဖော်ပြနေတာပဲလေ။ အာဏာပိုင်တွေအနေနှင့် ကျနော်တို့ကို ဖမ်းစရာဆီးစရာ ဘာအကြောင်းမှမရှိဘူး'

'အခုလို ဝတ်ပြုဆုတောင်းပွဲတွေ လုပ်နေတာနဲ့ပတ်သက်ပြီး အာဏာပိုင်တွေက ဖမ်းတာဆီးတာ အရေးယူတာတွေလုပ်လာမှာကို မကြောက်ဘူးလား'လို့ ဘီဘီစီသတင်းဌာနက မေးလာတဲ့မေးခွန်းအပေါ်မှာ (၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုဂျင်မီရဲ့အဖြေဖြစ်ပါတယ်။

ဟုတ်တယ်။ လူထုတွေဟာအကြောက်အလန့်ကင်းစွာပဲ ရွှေတိဂုံဘုရားရင်ပြင်ပေါ်မှာ ဝတ်ပြုဆုတောင်းပွဲတွေ လုပ်ခဲ့ကြတယ်။ ဘေးမှာဝန်းကျင်မှာ စစ်ထောက်လှမ်းရေးတွေ၊ ရဲသတင်းအထူးတပ်ဖွဲ့တွေ၊ သတင်းပေးတွေ၊ ကြံ့ဖွံ့ရဲ့ လက်မရှံ့အာဏာပါးကွက်သားတွေဝိုင်းရံပိတ်ဆို့ထားတဲ့ကြားက လည်ကတုံးအကျီအဖြူဝတ်ထားရင်၊ ကချင်လုံချည်ဝတ်ထားရင်တောင် ဘုရားပေါ်မတက်ရလို့ အရှက်မဲ့စွာတားဆီးပိတ်ဆို့ထားတဲ့ကြားက အချိန်မရွေးဖမ်း၊ အချိန်မရွေးအမှုဆင်၊ အချိန်မရွေးထောင်ချပစ်နေတဲ့ကြားက ထောင်ချီတဲ့လူထုကြီးဟာ ရွှေတိဂုံဘုရားပေါ်ကို အလုအယက်တိုးဝှေ့တက်ရောက်နေကြတာဟာ သာမန်သတ္တိမျိုးတော့ လုံးလုံးမဟုတ်တော့ဘူး။

(၃)

*'ကျနော် ငါးခေါင်းဟင်းချိုကိုလည်း ကြိုက်ပါတယ်။*

*ဝက်ဝံခြေထောက်စွပ်ပြုတ်ကိုလည်း စားချင်ပါတယ်။*

*နှစ်ခုအနက် တခုကိုပဲရွေးချယ်ခွင့်ရမယ်ဆိုရင် ဝက်ဝံခြေထောက်စွပ်ပြုတ်ကိုပဲ ရွေးချယ်ပါမယ်။*

*ကျနော်အမှန်တရားကိုလည်းချစ်ပါတယ်။*

*ဘဝကိုလည်း ခုံမင်ပါတယ်။*

*နှစ်ခုအနက် တခုကိုပဲရွေးချယ်ခွင့်ရမယ်ဆိုရင် အမှန်တရားကိုပဲရွေးချယ်ပါမယ်။'*

*(မင်းရှပ်ရှ်)*

တရုတ်အတွေးအခေါ်ရှင် မင်းရှပ်ရှ်ရဲ့ဒဿနတခုပါ။

ကျနော်ငယ်ငယ်ထဲက စွဲလန်းခဲ့တဲ့ 'ဘဝကိုတန်ဖိုးရှိအောင် ဘယ်လိုနေထိုင်သွားမလဲ' ဆိုတဲ့ နေနည်းလမ်းညွှန်လည်း ကျနော့်အတွက်တော့ သေသေချာချာဖြစ်ခဲ့တဲ့ ဒဿနတခုပါ။

ချစ်သူကိုချစ်တာတောင် တဝက်ပဲချစ်ခွင့်ရနိုင်တော့တဲ့ ဒီနေ့ကာလလို ရာသီကြမ်းမှာ မင်းရှပ်ရှ်ရဲ့ဒဿနဟာ လူတယောက်စီတိုင်းကို မေးခွန်းထုတ်နေပြီလား။

မိတ်ဆွေ ….

ခင်ဗျားကို အဲဒီလိုမေးခွန်းထုတ်လာပြီဆိုရင် ခင်ဗျားဘယ်လိုဖြေမှာလဲ။

ကျနော်ယုံကြည်နေမိသလိုပြောရရင် လူမျိုးပေါင်းစုံ မြန်မာပြည်သူတွေဟာ အမှန်တရားကို စိတ်ချလက်ချကိုပဲ ရွေးချယ်လိုက်ကြပါပြီ။

(၄)

၂၀၀၆ ခုနှစ် အောက်တိုဘာလ (၁၈) ရက်နေ့ဟာ ဗကသများအဖွဲ့ချုပ်ဥက္ကဋ္ဌ ကိုမင်းကိုနိုင်ရဲ့ အသက် (၄၄) နှစ်မြောက်မွေးနေ့ပါ။ အဲဒီနေ့မှာတော့ မွေးနေ့ရှင်ဟာ သူ့အိမ်မှာမရှိတော့ပါဘူး။ မွေးနေ့ရှင်ဟာ နအဖစစ်အုပ်စုရဲ့ မတရားဖမ်းဆီးခေါ်ဆောင်သွားတာကို ခံနေရပြီဖြစ်ပါတယ်။

(၄၃) နှစ်မြောက် သူ့မွေးနေ့တုန်းက သူကိုယ်တိုင်ရေးပြီး သူ့မိခင်ကို လက်ဆောင်ပေးခဲ့ဖြစ်တဲ့ပန်းချီကား။

ပြီးတော့ အဲဒီပန်းချီကားနဲ့ပတ်သက်ပြီး သူကိုယ်တိုင်ပြောဆိုခဲ့တဲ့ သူ့ရင်ထဲကစကားတွေကသာ သူ့မွေးနေ့ကို သူ့ကိုယ်စားကျင်းပပေးနေကြရတယ်လို့ ကျနော်ခံစားမိတယ်။

"အားလုံးကို ကျနော်က ပန်းချီကားတချပ်ထုတ်ပြလိုက်တယ်။ ကျနော်ဆွဲထားတဲ့ ပန်းချီကားပါ။ အဲဒါက ဒီကနေ့ ကျနော့်မွေးနေ့မှာ ဖြစ်ပေါ်လာတဲ့ခံစားချက်နဲ့လည်း တထပ်ထဲပါပဲ။ ဒီပုံကတော့ ပြတင်းပေါက်တခုမှာ မိခင်တယောက်က အဝေးကိုမျှော်ငေးနေတဲ့ပုံလေ။ အဲဒီမှာသူ့သားတယောက်ရဲ့သင်္ကေတဖြစ်တဲ့ ဂီတာတလက်ရှိမယ်။ ဘောလုံးတလုံးရှိမယ်။ ကျောင်းလွယ်အိတ်လေးနဲ့ ကျောင်းစာအုပ်တွေရှိမယ်။ အဲဒီအမေရဲ့နောက်က ပြက္ခဒိန်မှာ ပြက္ခဒိန်တခုလုံးမှာ မင်နီတွေနဲ့ ကြက်ခြေခတ်ထားတာရှိတယ်။ အဲဒါကို မိခင်ကနေအဝေးကိုလှမ်းပြီးတော့ မျှော်ပြီးတော့၊ တမ်းတပြီး စောင့်နေတဲ့ပုံ။ အဲဒီပုံကို ကျနော်ပြတယ်။"

ဒီပန်းချီကားကို သူကဘာကြောင့်ရေးဖြစ်တာလဲ။

သူ့ရင်ထဲမှာ သူ့နှလုံးသားထဲမှာ သူ့အိပ်မက်တွေထဲမှာ ဘာတွေရှိနေလို့လဲ ကျနော်စဉ်းစားကြည့်မိတယ်။

သူဘာတွေ ဆက်လုပ်မှာပါလိမ့်။

သူဘာတွေ ဖြစ်ချင်တာပါလိမ့်။

"တကယ်တော့ ဒီပွဲကလည်းလူမစုံသေးတဲ့ ပွဲပဲဆိုပြီးတော့ ကျနော်တို့အပြည့်အဝမပျော်နိုင်ကြဘူး။ အဲဒါကို ကျနော်ဒီကနေ့အမှတ်တရပြောချင်တယ်။ ကျနော်တို့ကျောင်းသားတွေ၊ ညီအကိုတွေ၊ မောင်နှမတွေအကုန်လုံးပြန်ဆုံမယ့်နေ့ကို ကျနော်တို့က မျှော်နေတယ်။ အဲဒီအတွက်လည်း ကျနော်တို့အလုပ်လုပ်သွားရဦးမယ်ဆိုတာ အားလုံးတညီတညွတ်ထဲခံယူထားပါတယ်။"

သူက အဲဒီလိုဖြစ်ချင်တာတဲ့၊ လူတွေစုံစေချင်တယ်တဲ့၊ တကွဲတပြားဖြစ်နေတဲ့ မိသားစုတွေပြန်ပြီးစုံစေချင်တယ်တဲ့။ မိသားစုတွေကွဲကွာနေတာကို သူမကြည့်လိုတော့ဘူး။ မမြင်ရက်တော့ဘူးတဲ့။ အဲဒါတွေအတွက် သူစိတ်ရောကိုယ်ရောနှစ်ပြီး ဆောင်ရွက်သွားလိုတယ်တဲ့။

ဒါဟာ သူ့ရဲ့သန္နိဋ္ဌာန်။ ဒါဟာ သူ့ရဲ့ပိုင်းဖြတ်မှု။ ဒါဟာ သူ့ရဲ့အလုပ်။

ဒါပေမယ့် ဒါတွေဟာ စစ်အုပ်စုအတွက်တော့ ဘာကြောင့်များ ဖမ်းစရာ၊ ဆီးစရာ၊ ထောင်ချပစ်စရာ ဖြစ်သွားရတာပါလဲ။

(၅)

"ဒီကနေ့ ကျနော်တို့ ဒီလိုလေ White Expression ဆိုတဲ့ အဲဒီအဖြူရောင်ဖော်ပြချက်၊ အဲဒါက ကျနော်တို့ ဒီ Signature Campaign ကိုထောက်ခံတဲ့ အဖြူရောင်ဖော်ပြချက်လှုပ်ရှားမှုတွေပေါ့ဗျာ။ အဲဒီတော့ ကျနော်တို့ အဖြူရောင်အကျီတွေကို ဝတ်တယ်ပေါ့ဗျာ။ ဒီနေ့ စပြီပေါ့နော် (၁၈) ရက်နေ့အထိပေါ့။ အမျိုးသားပြန်လည်သင့်မြတ်ရေးဖြစ်စဉ်ကြီးကို ပြည်သူလူထုက ထောက်ခံတယ်ဆိုတဲ့ အဓိပ္ပါယ်ပါပဲ"

(၈၈)မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုဂျင်မီက အဖြူရောင်ဖော်ပြချက်လှုပ်ရှားမှုနှင့်ပတ်သက်ပြီး ရှင်းပြနေတာပါ။

အမျိုးသားပြန်လည်သင့်မြတ်ရေးကို စိတ်ရောကိုယ်ပါဆောင်ရွက်ပါ။

တွေ့ဆုံဆွေးနွေးအဖြေရှာပါ။

(၉၀) ရွေးကောက်ပွဲရလဒ်နဲ့ အနိုင်ရပါတီများကို တန်ဖိုးထားပါလို့ တဖွဖွတင်ပြတောင်းဆိုနေတဲ့ (၈၈) မျိုးဆက်ကျောင်းသားတွေကို ကျိုးကြောင်းမဲ့ ဥပဒေလက်လွတ်ရမ်းရမ်းကားကားဖမ်းဆီးသွားတဲ့နောက်ပိုင်းမှာကျန်တဲ့ခေါင်းဆောင်တွေ၊ သူတို့ရဲ့လုပ်ဖော်ကိုင်ဖက်တွေက လူထုရင်ထဲကဆန္ဒတွေကို လူထုနည်းနဲ့ဖော်ပြခဲ့ကြပါတယ်။

ကျောင်းသားခေါင်းဆောင်တွေ ချက်ချင်းပြန်လွှတ်ဖို့၊ ဒေါ်အောင်ဆန်းစုကြည်၊ ခွန်ထွန်းဦးအပါအဝင် နိုင်ငံရေးအကျဉ်းသားတွေ ချွင်းချက်မရှိ ချက်ချင်းပြန်လွှတ်ဖို့၊ တွေ့ဆုံဆွေးနွေးအဖြေရှာရေးကို အမြန်ဆုံးစတင်ဖို့၊ ဆန္ဒပြုလက်မှတ်ထိုးကြတဲ့ Signature Campaign ကို တနိုင်ငံလုံးအတိုင်းအတာနဲ့ လူထုကြီးတရပ်လုံးပါဝင်ပြီး ဆင်နွှဲခဲ့ကြပါတယ်။

ဆန္ဒပြုလက်မှတ်ထိုးသူ (၅) သိန်း (၃) သောင်းတဲ့။

သေနတ်ကို မောင်းထိုးထားပြီး လက်ထိပ်ကို အသင့်ပြင်ထားတဲ့ စစ်အုပ်စုရဲ့လက်တွေ တုန်လာတယ်။ ဒီလောက်မာန်တင်းထားတဲ့ ကြားထဲကကိုပဲ ဒူးတွေဟာ တဆတ်ဆတ်တုန်လာတယ်။

"ကျနော်တို့ ကျောင်းသားသမိုင်းတလျှောက်မှာ ကျနော်တို့ဟာ မရိုးမသားလုပ်ခဲ့တာမရှိဘူး။ ဖြူစင်ခဲ့တယ်။ ရိုးသားခဲ့တယ်။ ရှင်းသန့်ခဲ့တယ်။ ဒါကျောင်းသားရဲ့သင်္ကေတပဲ ငြိမ်းချမ်းတယ်ပေါ့ဗျာ။ အဲဒီတော့ ကျနော်အဓိကပြောချင်တာက ဖမ်းဆီးထိန်းသိမ်းခံထားရတဲ့ ကျောင်းသားခေါင်းဆောင် (၅) ယောက်ဟာ အမျိုးသားပြန်လည်သင့်မြတ်ရေးလမ်းကြောင်းပေါ်ကို ကိုယ်ကျိုးမဖက်စွန့်လွှတ်အနစ်နာခံပြီးလျှောက်ရင်းနဲ့ စွပ်စွဲမှုအဖုံဖုံနဲ့ပေါ့ဗျာ၊ တဖက်သတ်စွပ်စွဲချက်တွေနဲ့ထိန်းသိမ်းခံထားရတာ။ အဲဒီအတွက်ကြောင့်မို့လို့ ဒီကျောင်းသားတွေမှာ ဘာမှအပြစ်မရှိဘူးဗျ။ အမျိုးသားပြန်လည်သင့်မြတ်ရေးလမ်းကြောင်းကို လုပ်ဆောင်တယ်ဆိုတဲ့နေရာမှာ အခုဏ ပြောသလိုပေါ့ဗျာ ငြိမ်းချမ်း

စာမျက်နှာ (၉) ကော်လံ (၄) သို့



# နိုင်ငံတကာအလုပ်သမားသမဂ္ဂ အဖွဲ့ချုပ်သစ်က နအဖကို ပိုမိုဖိအားပေးသွားမည်



ဦးမောင်မောင်

နိုင်ငံတကာအလုပ်သမား သမဂ္ဂများ အဖွဲ့ချုပ်နှင့် ကမ္ဘာ့အလုပ်သမားများကောင်စီတို့ပူးပေါင်းမှုဖြင့် အသစ်ဖွဲ့စည်းလိုက်သော နိုင်ငံတကာအလုပ်သမားများ သမဂ္ဂအဖွဲ့ချုပ် ITUC က နအဖကို နိုင်ငံတကာတရားရုံးတင်ရေးအတွက် အစီအစဉ်များဆွေးနွေးနေကြောင်းသိရသည်။

အိုင်အယ်လ်အိုအရာရှိများနှင့် အာရှနိုင်ငံတချို့မှ အလုပ်သမားသမဂ္ဂကိုယ်စားလှယ်များတက်ရောက်သော အောက်တိုဘာလ (၃၁) အစည်းအဝေးတွင် မြန်မာနိုင်ငံတွင်း အလုပ်သမားအခွင့်အရေးကိစ္စ၊ အတင်းအဓမ္မလုပ်အားပေးခိုင်းစေမှုများကြောင့် နအဖကို ဆက်လက်ဖိအားပေးရန်နည်းလမ်းများ ဆွေးနွေးခဲ့ကြသည်။

ITUC ၏ အလုပ်သမားအခွင့်အရေးဆိုင်ရာ ဒါရိုက်တာ ရန်နီကွတ်ချ်ကဲဗစ်က "မြန်မာစစ်အစိုးရကို နိုင်ငံတကာရာဇဝတ်ခုံရုံးတင်ဖို့ကိစ္စ၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီက မြန်မာ့အရေးဆုံးဖြတ်ချက်ချဖို့ကိစ္စ ဥရောပသမဂ္ဂက နအဖကို ဆက်အရေးယူဖို့ကိစ္စတွေကို ဆွေးနွေးခဲ့ပါတယ်။ ဒါကြောင့် ITUC အဖွဲ့အနေနဲ့ မြန်မာပြည်အရေးနဲ့ ပတ်သက်လို့ အရင်ထက် စည်းရုံးလှုပ်ရှားမှုတွေပိုရှိလာမှာဖြစ်ပါတယ်"ဟုပြောသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (FTUB) အထွေထွေအတွင်းရေးမှူး ဦးမောင်မောင်လည်း တက်ရောက်ခဲ့ပြီး အိုင်အယ်လ်အို၏ မြန်မာပြည်အရေးထိရောက်သော ကြိုးပမ်းမှုများသည် မြန်မာပြည်ဒီမိုကရေစီအရေးအတွက် အထောက်အကူဖြစ်ကြောင်းနှင့် ပိုမိုထိရောက်သော လုပ်ငန်းစဉ်များချမှတ်ရန် တိုက်တွန်းအကြံပြုခဲ့သည်။

"နိုင်ငံရေးပြုပြင်မှု ပိုပြီးမြန်လာအောင်တော့ စီးပွားရေးပိတ်ဆို့မှုလုပ်ဖို့ပြောထားတဲ့အတွက်ကြောင့် အာရှ–ပစိဖိတ်ဒေသဆိုင်ရာ အလုပ်သမားသမဂ္ဂအဖွဲ့ချုပ်ဥက္ကဋ္ဌကနေပြီးတော့ အာရှတိုက်မှာရှိတဲ့ အလုပ်သမားသမဂ္ဂတွေအနေနဲ့ အာရှတိုက်မှာရှိတဲ့ ကုန်သည်ကြီးများအသင်းနဲ့ဆွေးနွေးပြီးတော့ ဗမာပြည်မှာ ရင်းနှီးမြှုပ်နှံမှုတွေ ရပ်တန့်အောင် ဘယ်လိုလုပ်လို့ရမယ်ဆိုတာ ဆွေးနွေးမယ်လို့ တင်ပြသွားတယ်" ဟု ဦးမောင်မောင်က ပြောသည်။

နိုဝင်ဘာလအတွင်း ကျင်းပမည့် အိုင်အယ်လ်အိုအုပ်ချုပ်ရေးအဖွဲ့ အစည်းအဝေးမတိုင်မီ မြန်မာနိုင်ငံတွင် အတင်းအဓမ္မလုပ်အားပေးခိုင်းစေမှုအခြေအနေကို တိုင်ကြားနိုင်သည့် စနစ်တရပ်ထားရှိရန် အိုင်အယ်လ်အိုက နအဖကိုတောင်းဆိုထားသည်။

# တရုတ်နှင့်ရုရှ မြန်မာ့ဒီမိုကရေစီရေးထောက်ခံလာအောင် နိုင်ငံတကာမှဖိအားပေး

မြန်မာစစ်အုပ်စုအား ကျောထောက်နောက်ခံပေးနေသော ရုရှားနှင့်တရုတ်နိုင်ငံတို့က အဆိုပါနိုင်ငံများ၏အမတ်များမှ တဆင့် မြန်မာ့ဒီမိုကရေစီအရေးထောက်ခံလာအောင် မြန်မာ့ဒီမိုကရေစီအင်အားစုများမှ ကြိုးပမ်းလျက်ရှိသည်။



တရုတ်နှင့် ရုရှနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ လက်ဆွဲနှုတ်ဆက်နေစဉ်

အောက်တိုဘာလ (၁၆) ရက်နေ့မှ (၁၈) ရက်နေ့အထိ ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာတွင်ကျင်းပသော နိုင်ငံတကာပါလီမန်အမတ်များသမဂ္ဂ (အိုင်ပီယူ) ၏ (၁၁၅) ကြိမ်မြောက်ညီလာခံတွင် မြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရဝန်ကြီးများ တက်ရောက်သက်သေထွက်ဆိုခဲ့ကြသည်။

အောက်တိုဘာလ (၁၅) ရက်နေ့က နိုင်ငံတကာပါလီမန်များသမဂ္ဂ (အိုင်ပီယူ) ၏ လူ့အခွင့်အရေးကော်မတီရှေ့မှောက်တွင် ညွန့်ပေါင်းအစိုးရဝန်ကြီး ဦးဘိုလှတင့်နှင့် ဩစတြေးလျအခြေစိုက် မြန်မာ့ရေးရာရုံးညွှန်ကြားရေးမှူးဖြစ်သော ဒေါက်တာမြင့်ချိုတို့သည် မြန်မာနိုင်ငံတွင် အကျဉ်းကျခံနေရသော ခွန်ထွန်းဦးအပါအဝင် ပါလီမန်အမတ် (၁၄) ဦး၏ အခြေအနေနှင့် ရှင်းပြခဲ့သည်ဟု ဦးဗိုလ်လှတင့်ကပြောသည်။

အိုင်ပီယူတွင် နိုင်ငံပေါင်း (၁၄၄) နိုင်ငံမှ ပြည်သူ့လွှတ်တော်အမတ်များပါဝင်ပြီး ၎င်းနိုင်ငံများတွင် နအဖအပေါ် ဩဇာလွှမ်းမိုးနိုင်သော တရုတ်နှင့်ရုရှနိုင်ငံမှ အမတ်များလည်းပါဝင်နေသဖြင့် မြန်မာပြည်၏ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် နအဖကို ဖိအားပေးမည့် နိုင်ငံတကာတွန်းအားတခု ဖြစ်မည်ဟု မျှော်လင့်ကြောင်း ဒေါက်တာမြင့်ချိုကပြောသည်။

နိုင်ငံတကာပါလီမန်များသမဂ္ဂသည် ဆွစ်ဇာလန်နိုင်ငံတွင်ရုံးစိုက်ပြီး ကမ္ဘာ့ပြည်သူများ၏ ငြိမ်းချမ်းရေးနှင့်ဒီမိုကရေစီတည်ဆောက်ရေးတို့အတွက် ဦးစားပေးကြိုးပမ်းနေသောအဖွဲ့ဖြစ်ကြောင်း ကနဦးကတည်းက ကြေညာထားသည်။

ဦးဘိုလှတင့်နှင့် ဒေါက်တာမြင့်ချိုတို့သည် (၁၈) ရက်နေ့ကလည်း ဆွစ်ဇာလန်နိုင်ငံ၊ အောက်လွှတ်တော်နိုင်ငံခြားရေးဌာနမှ တာဝန်ရှိသူများနှင့်တွေ့ဆုံရာ အစိုးရတာဝန်ရှိသူများက ဆွစ်ဇာလန်လွှတ်တော်ထဲတွင် မြန်မာ့ဒီမိုကရေစီအရေးဆောင်ရွက်မည့် လွှတ်တော်အမတ်များအဖွဲ့ ပေါ်ပေါက်လာအောင် ဆောင်ရွက်သွားမည့်အကြောင်း ပြောကြားခဲ့ကြသည်။ ❖

စာမျက်နှာ (၈)
ဇွန်မှိုင်းဆောင်းပါးမှ

သောနည်းနဲ့ ကျနော်တို့ဆက်လက်အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။"

(၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင်ကိုမြအေးက လူထုနဲ့အတူရင်ထဲက ဆန္ဒတွေထုတ်ဖော်ရင်း ငြိမ်းချမ်းသောနည်းနဲ့ ဆက်တိုက်ဆောင်ရွက်သွားမယ့်အကြောင်း ရဲရဲဝံ့ဝံ့ ရှင်းပြသွားတာပါ။

(၆)

ကျောင်းသားတွေက ကမကထပြုပြီး ဒီလိုလူထုဆန္ဒတွေကို အထင်အရှားဖော်ထုတ်ပြသနေတာကို နအဖစစ်အုပ်စုက အဖြေရှာဖို့မစဉ်းစားဘဲ ထပ်ကာထပ်ကာ ဖမ်းပြနေတော့ ....

အမေလူထုဒေါ်အမာက ဒီလိုပြောရှာပါတယ်။

"လက်ရှိအခြေအနေကတော့ ဒီလိုဖမ်းတာမကောင်းဘူးပေါ့ကွာ။ ဒီတော့အေးအေးဆေးဆေးဆွေးနွေးပြီး အမေတို့အားလုံးစိတ်ချမ်းသာအောင် ဖြစ်စေချင်တာပေါ့ကွယ်။" "အေးချမ်းသာယာပြီး အကုန်လုံးစိတ်ချမ်းသာကြမှာပေါ့။"

အဲဒီလိုပဲ။ ဆရာဒဂုန်တာရာကလည်း အခုလိုပြောဆိုပါတယ်။

"ဖမ်းလို့ဆီးလို့တော့ ပြည်သူတွေက ထောက်ခံမယ်မထင်ဘူးဗျ။ ကျနော်လည်းပြည်သူတစ်ယောက်ပဲ၊ အဲဒါကြောင့် ကျနော်ကဖမ်းတာတွေ လွှတ်ပေးပါဆိုတာက ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်တဲ့ဆောင်ရွက်ချက်ကြောင့်မို့လို့ အဲဒါကိုတော့ ကျနော်ကနှစ်သက်တယ်လို့ ပြောရမှာပဲဗျာ့"

(၇)

နအဖ စစ်အုပ်စုကတော့ ပုဂံရာဇဝင်ထဲက တရုတ်ပြေးမင်းလို " ပြည့်ခြေလက်ကို မဖြတ်ရာ။ ပြည့်ဦးကင်းကို မချိုးရာ။ ပြည့်ဝမ်းဗိုက်ကို မဖောက်ရာ" ဆိုတဲ့ အဆိုအမိန့်တွေကို ကျကျနနကြီးကိုပဲ ချိုးဖောက်နေတော့တာပါ။

ဘယ်လိုပညာရှိတို့ရဲ့ ဘယ်လိုအဆိုအမိန့်ကိုမဆို သူ့ရဲ့စစ်ဖိနပ်နဲ့ တစစီနင်းချေပစ်နေတော့တာပါ။

ဘာသတိမှ မကပ်တော့ဘူး။

တကယ့်ကို နွားရူးဆူးတိုး ထင်တိုင်းကဲ့နေတော့တာပါ။

(၈)

တပ်မတော်ကို ဂုဏ်သိက္ခာကြီးတဲ့တပ်မတော်အဖြစ် အစဉ်ရပ်တည်စေချင်တဲ့ တပ်မတော်ရဲ့တန်ဖိုးကို အာဏာရူးစစ်အုပ်စုတစုကြောင့် မညစ်နွမ်းစေချင်တဲ့ ကိုယ့်သမိုင်းနှင့်ကိုယ့်တန်ဖိုးကို ပြန်လည်ဆယ်တင်ဖို့ တိုင်းချစ်ပြည်ချစ်စိတ်ရှိတဲ့ တပ်မှူးတပ်သားတွေကို အစဉ်ထောက်ပြ လမ်းညွှန်ပြောဆိုခဲ့တဲ့ဗိုလ်မှူးချုပ်ကျော်ဇောက မနေသာတော့ပဲ အခုလိုဝင်ပြောပြပါတယ်။

"အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကိုဦးတည်ထားပြီး လှုပ်ရှားတဲ့ဘယ်လှုပ်ရှားမှုမျိုးကိုမဆို ကျနော်ထောက်ခံတယ်။ ဒါကြောင့်ဖမ်းထားတဲ့ ကျောင်းသားခေါင်းဆောင်တွေကို နိုင်ငံရေးသမားအားလုံးကို လွှတ်ပေးဖို့တောင်းဆိုမှုကို ကျနော်လက်မှတ်ထိုးမှာပဲ၊ဒီလူတွေကို အရင်လွှတ်ပေးမှသာလျှင် နိုင်ငံရေးက ကောင်းလာနိုင်မှာပါ။"

စစ်အုပ်စုဟာ အိန္ဒြေမရလောက်အောင် ဘာကြောင့် ဒီလောက်ကြောက်လန့်နေရပါသလဲ။

ဒါနဲ့ပတ်သက်ပြီး ဗိုလ်မှူးချုပ်ကျော်ဇောရဲ့အမြင်က တကယ်ကိုရှင်းလင်းလှပါတယ်။

"အခု နအဖရဲ့လုပ်ဟန်ကိုင်ဟန်တွေဟာ အတော်ကမူးရှူးထိုးနိုင်နေပါတယ်။ ပြည်တွင်းပြည်ပ၊ နိုင်ငံတကာဖိအားများလာမှုအောက်မှာ နအဖအနေနဲ့ လှည့်ဖျားစရာနည်းလမ်း နည်းနေပါပြီ။ အခု ဗမာပြည်ရဲ့လက်ရှိအနေအထားကလည်း (၈) လေးလုံးကာလအနေအထားရောက်နေတဲ့အတွက် နအဖအနေနဲ့ ပိုပြီးဗျာများနေပုံရပါတယ်။ သူတို့ သတင်းစာတွေမှာ သွေးရူးသွေးတန်းရေးနေတဲ့ ဆောင်းပါးတွေကိုပဲကြည့်ပေါ့။ ညောင်နှစ်ပင်ညီလာခံကိစ္စက သိပ်အချိန်ဆွဲနေလို့မရတော့တာလည်း တကြောင်းရှိနေပါတယ်။ ဒါ့အပြင် ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ ဗမာပြည်ပြဿနာရောက်သွားပြီဖြစ်တော့ ပိုဗျာများရတာပေါ့ဗျာ"

(၉)

လူဆိုတာ ကြောက်တတ်တဲ့သတ္တဝါပါ။ ဘယ်သူမဆို အချည်းနှီးအဖမ်းဆီးမခံချင်ပါဘူး။ ဘယ်သူမဆို အချည်းနှီးထောင်ကျမခံချင်ပါဘူး။ ဘယ်သူမဆို အသက်ကိုမဆိုထားနှင့်သွေးတစက်တောင် အချည်းနှီးအကျအဆုံးမခံချင်ပါဘူး။ ဒါပေမယ့် လိုအပ်လာပြီဆိုတဲ့အခါ၊ အခြေအနေတခုက အသေအချာကိုတောင်းဆိုလာပြီဆိုတဲ့အခါ၊ စိတ်ထဲကကို ပိုင်ပိုင်နိုင်နိုင် ပိုင်းဖြတ်ချက်ကျသွားပြီဆိုတဲ့အခါ လူဆိုတာ အလွန်ရဲရင့်တဲ့သတ္တဝါဖြစ်လာတယ်။

ဒီနေ့ မြန်မာပြည်တနံတလျားမှာ ရှိနေတဲ့ လူမျိုးပေါင်းစုံပြည်သူတွေဟာ လှပချိုမြိန်တဲ့ဘဝကို အလွန်အင်မတန်ခုံမင်တဲ့အတွက်ပဲ အမှန်တရားကို ရဲရဲရွေးချယ်ဖို့ ချွန်းဖွင့်ပြီး ပြင်ဆင်ထားကြပြီဆိုတာ ကျနော်မြင်နေရပြီ။

နှစ်ခုအနက် တခုကိုရွေးချယ်ဖို့ သန္နိဋ္ဌာန်ပြတ်ပြတ်ထင်ထင်ချထားပြီလို့ ကျနော် မြင်နေရပြီ။

ဆန္ဒပြုလွှာလက်မှတ်များ ကောက်ခံရယူခြင်း၊ အဖြူရောင်ဖော်ပြချက်လှုပ်ရှားမှုပြီးတော့ ဘာသာပေါင်းစုံ ဝတ်ပြုဆုတောင်းပွဲ။

လူထုလှုပ်ရှားမှုတွေ သဏ္ဍာန်ပေါင်းစုံနဲ့ ဆက်ခါဆက်ခါ ပေါ်ထွက်လာနေပြီ။

လူထုတိုက်ပွဲတွေ ဆက်တိုက်ဆက်တိုက်မနားတမ်း ပေါ်လာတော့မှာလား။

လူထုလှုပ်ရှားမှုရနံ့၊ လူထုတိုက်ပွဲအငွေ့အသက်တွေ။

ဟုတ်တယ်။ ကျနော် အဲဒီအငွေ့အသက်တွေရနေပြီ။

သကြိန်မကြာခင်ကျတော့မလား။

သကြိန်ရနံ့တွေရနေပြီ ။ ။

ဇွန်မှိုင်း
၁–၁၁–၂၀၀၆

❖

# “ တူညီတာတွဲလုပ်။ မတူညီတာ ခွဲလုပ်တော့ မဖြစ်စေချင်ဘူး။ မတူညီတာကို တူညီလာအောင် ညှိနှိုင်းပြီးတော့လုပ်ရမယ်”

## ပြည်ထောင်မြန်မာနိုင်ငံအမျိုးသားကောင်စီ အတွင်းရေးမှူးအဖွဲ့ဝင် မိုင်းအိုက်ဖုန်းနှင့် မိုးကြိုးသတင်းစဉ် အင်တာဗျူး



*မေး။ ။ တပ်ပေါင်းစု (ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ) ရပ်တည်ချက်ဟာ ဒီနေ့နိုင်ငံရေးမှာဘယ်လောက်အရေးပါတယ်လို့မြင်လဲ။*

ဖြေ။ ။ အခု ဒီ NCUB တပ်ပေါင်းစုက အင်မတန်မှအရေးပါတဲ့ တပ်ပေါင်းစုလို့ ဦးစွာကျနော်ပြောချင်ပါတယ်။ စုဖွဲ့မှုဟာ အခြားတပ်ပေါင်းစုတွေရဲ့စုဖွဲ့မှုနှင့် မတူဘူး။ ဘာကြောင့်မတူသလဲဆိုရင် သူကဘက်ပေါင်းစုံ ပါဝင်လာတဲ့ စုဖွဲ့မှုတွေကို အခြေခံတာဖြစ်တယ်။ တနည်းအားဖြင့်ပြောရရင် NDF၊ DAB၊ NPU၊ NLD_LAစတဲ့ ဒီဒေါက်လေးဒေါက်ကနေပြီးတော့ ပြန်လည်စုပြီး အားလုံးသောကျယ်ပြန့်တဲ့စုဖွဲ့မှုတခုကို ပြန်လုပ်တာဆိုတော့ NCUBဟာ အင်မတန်မှကောင်းတဲ့ စုဖွဲ့မှုတခုဖြစ်ပါတယ်။

နောက်တချက်က လက်နက်ကိုင်တဲ့အဖွဲ့အစည်းတွေလည်းပါသလို လက်နက်မကိုင်တဲ့လှုပ်ရှားမှုလည်းပါလာတာဆိုတော့ ဒီနေ့အချိန်အထိသာမက နောင်လာမည့်အနာဂတ်အတွက်ပါ တကယ့်လိုအပ်တဲ့စုဖွဲ့မှုတခုဖြစ်တယ်လို့ ကျနော်ကဒီလိုပဲမြင်တယ်။

ဘာလို့လဲဆိုတော့ သူ့ရဲ့လှုပ်ရှားမှုသမိုင်းကိုပြန်ကြည့်မည်ဆိုရင် အင်မတန်မှ ထိရောက်အောင်မြင်တယ်လို့လည်း ကျနော်ပြောလို့ရတယ်။

ကျနော်တို့ ပြည်တွင်းလုပ်ငန်းနှင့်လည်း လှုပ်ရှားနိုင်တာရှိသလို ပြည်ပမှာလည်းတော်တော်လေးကိုလှုပ်ရှားနိုင်တဲ့ တပ်ပေါင်းစုကြီးဖြစ်ပါတယ်။

ဆိုလိုတာကပြည်တွင်မှာလည်း သူ့ဒေါက်အလိုက် သူ့ဆက်စပ်မှုနဲ့သူ့လုပ်ငန်းရှိသလို တပ်ပေါင်းစုကြီးရဲ့လုပ်ငန်းလည်းရှိတယ်။ နိုင်ငံခြားဌာနမှာလည်း ဒီလိုပဲ။ သူ့ဒေါက်အလိုက်ရော၊ စုဖွဲ့မှုအလိုက်ရော၊ သူ့ရဲ့ဆက်စပ်မှုတွေရော အမြဲတမ်းရှိနေတယ်ဆိုတော့ အင်မတန်မှ တိုးတက်တယ်လို့ ပြောလို့ရတယ်။ ဒါပေမယ့် တဖက်မှာလည်း ရန်သူရဲ့နှောက်ယှက်မှုရော တိုင်းပြည်ရဲ့အခြားတနေရာမှာအခြေချပြီး လှုပ်ရှားနေရတော့ ကျနော်တို့လူတွေရဲ့လုပ်ငန်းတွေ၊ သူ့အဖွဲ့အစည်းရဲ့လုပ်ငန်းတွေ၊ တပ်ပေါင်းစုလုပ်ငန်းတွေရှိနေတော့ တချို့ဟာတွေက မလုပ်နိုင်တာတွေ၊ ထင်သလောက်မလုပ်နိုင်တာတွေ မထိုးဖောက်နိုင်တာတွေရှိတာပေါ့။ ဒါပေမဲ့လည်း ဆက်လက်ပြီးတော့ တိုက်ပွဲဝင်သွားမယ်။ ဆက်လက်ပြီးတော့ လှုပ်ရှားသွားမယ်။ အထူးသဖြင့် ပြည်တွင်းမှာအထူးအာရုံစိုက်လှုပ်ရှားသွားမယ်လို့ ယုံကြည်တယ်။

*မေး။ ။ ပြီးခဲ့တဲ့ NCUB (၈) ကြိမ်မြောက်ညီလာခံမှာက လူထုတိုက်ပွဲကို အဓိကဖော်ဆောင်ဖို့ ဆုံးဖြတ်ထားတာရှိပါတယ်။*

လူထုတိုက်ပွဲက ဘယ်လောက်အရေးပါ ပါသလဲ။

ဖြေ။ ။ လူထုတိုက်ပွဲက အင်မတန်မှအရေးကြီးတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူထုကအဓိက ဖြစ်နေတာကိုး။ လူထုပါဝင်လာမှ တိုင်းပြည်အတွက်ပြောင်းလဲမှုရှိနိုင်မယ်လို့ ကျနော်ဒီလိုပဲ တိုရင်းလိုရင်းပြောပါရစေ၊ အခုကျနော်တို့ လုပ်နေတဲ့လုပ်ငန်းတွေဟာလည်း လူထုအတွက်ပါပဲ။ လူထုရှိမှ ကျနော်ရဲ့လှုပ်ရှားမှုဟာလည်းရှိနေမှာ၊ လူထုမရှိရင်လည်း ဒါတွေကို ကျနော်တို့ ဘာမှလုပ်စရာမလိုပါဘူး။ နိုင်ငံတကာမှာဖိအာပေးမှုကို ပြောတဲ့အခါမှာလည်း လူထုက သိပ်ပြီးတော့အရေးကြီးတယ်။ လူထုကလှုပ်ရှားမှုများလာလေလေ နိုင်ငံတကာကဖိအားပေးမှု များလာလေဖြစ်တယ်။ အဓိကကတော့ ကျနော်တို့ ပြည်တွင်းလုပ်ငန်းအဓိကဇောင်းပေးပြီး ကျယ်ကျယ်ပြန့်ပြန့်လှုပ်ရှားသွားဖို့ သိပ်ပြီးတော့ အရေးကြီးနေပါတယ်။ ဒီထက်အသေးစိပ်ပြောပြဖို့လည်း သိပ်မလိုသေးဘူး။

*မေး။ ။ အခုလက်ရှိ မြန်မာပြည်နိုင်ငံရေးအခြေအနေက လမ်းကြောင်းအသစ်တခုကိုရောက်နေတယ်။ အပြောင်းအလဲတခုအတွက် တာစူနေတယ်လို့ ပြောကြတာတွေရှိတယ်။ ဘယ်လိုသုံးသပ်လို့ရသလဲ။ ဒီမိုကရေစီအင်အားစုတွေဘက်က ဘယ်လိုအားသာချက်တွေ ရှိနေပြီလဲ။*

ဖြေ။ ။ ကျနော်တို့ ဒီအားသာချက်ကတော့ နအဖစစ်အာဏာရှင်တွေ သူတို့လုပ်ချင်တဲ့ဟာတွေကို လုပ်လို့မရအောင် ကျနော်တို့က ပြည်သူလူထုကို အမြဲတမ်းအသိပေးနေတယ်။ ဒီလိုပြောင်းလဲမှုတွေရှိရမယ်။ ဒါကျနော်တို့အားသာချက်ပါဘဲ၊ ဘာလို့လဲဆိုတော့ အတိုက်အခံတွေမရှိလို့ရှိရင် ပြည်သူလူထုတွေ ပိုပြီးတော့ဒုက္ခရောက်မယ်။ နိုင်ငံတကာကိုလည်း မီးမောင်းထိုးပြလို့ရမယ်မထင်ဘူး။ နောက်နအဖက အတုအယောင်အမျိုးသားညီလာခံကိုလုပ်တယ်။ ဒါကိုနိုင်ငံတကာကို သိအောင် ဒီကသူ့သက်ဆိုင်ရာဌာနကနေ လုပ်နေပါတယ်။

လူ့အခွင့်အရေးချိုးဖောက်မှုရော၊ လူမှုရေး၊ ကျန်းမာရေး၊ နိုင်ငံရေး အားလုံး ချွတ်ခြုံကျနေတာကိုလည်း နိုင်ငံတကာသိအောင်လုပ်တယ်။ ကုလသမဂ္ဂနဲ့ နိုင်ငံတကာဖိအားတွေပိုများလာပြီး ငွေအားလည်းထောက်ပံ့ပေးတာရှိတော့ ကောင်းတဲ့အလားအလာဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေကအင်မတန်ကိုမှ အားသာချက်ဖြစ်တယ်လို့ ကျနော်မြင်တယ်။ ဘာကြောင့်လဲဆိုတော့ ပြည်တွင်းအခြေအနေတွေကိုကြည့်မယ်ဆိုရင် လူထုတွေတော်တော်လေးဒုက္ခရောက်နေတာပေါ့လေ။ ဘယ်မှာပဲဝင်ကြည့် ဘာမှကို တိုးတက်ပြောင်းလဲမှုမရှိဘူးဆိုတာပဲရှိတယ်။ ပြည်သူလူထုဟာ နိုင်ငံကနေထွက်ပြီး အလုပ်တွေရှာကြတာတွေကိုကြည့်ခြင်းအားဖြင့် တော်တော်လေးအခြေအနေဆိုးလာတယ်လို့ ကျနော်တွေ့ရတယ်။ အကြပ်အတည်းတွေများလေ အတိုက်အခံတွေဘက်ကအားကာင်းလေပဲ။ နိုင်ငံတကာဖိအားပေးမှုတွေလည်း ပိုပြီးတော့များလာလေပဲ။ အကြပ်အတည်းတွေကို မရှောင်လွှဲနိုင်တဲ့တနေ့ကျရင် နအဖ တွေ့ဆုံဆွေးနွေးရေးစားပွဲသို့ ရောက်လာမှာပဲ။ ကျနော်က ဒီလိုမြင်တယ်လေ။

နိုင်ငံရေးအခြေအနေကိုကြည့်မယ်ဆိုရင် အမျိုးသားညီလာခံတက်တဲ့ ကိုယ်စားလှယ်တွေကလည်း မလွှဲမရှောင်သာတက်နေရတဲ့လူတွေပဲ။

တကယ့်ကို ကိုယ်စားပြုပြီးတော့ သွားတက်နေတာမဟုတ်ပါဘူး။ ဥပမာ ပလောင်တွေသွားတက်တာ ပလောင်တမျိုးသားလုံးကို ကိုယ်စားပြုတာမဟုတ်ပါဘူး။ မလွှဲမရှောင်သာလို့ သွားတက်နေတာပါ။ နအဖနှင့်သူ့အပေါင်းအပါအဖွဲ့တွေ၊ ပုဂ္ဂိုလ်တွေအတွက် သူ့တို့ကို သူတို့ဒုက္ခပေးနေတဲ့ ညီလာခံလို့ဘဲ ကျနော်မြင်တယ်။ အနာဂတ်မှာ သူတို့တတွေအတွက် တိုင်းပြည်အတွက် ဘာမှအကျိုးရှိမှာမဟုတ်ပါဘူး။

*မေး။ ။လောလောဆယ်အခြေအနေမှာ တော်လှန်ရေးအဖွဲ့အစည်းတွေအနေနဲ့ ဘာတွေကို ဦးစားပေးလုပ်ဆောင်သင့်လဲ။*

ဖြေ။ ။ ကျနော်မြင်တာကတော့ စည်းလုံးညီညွတ်မှုကို အဓိကထားလုပ်ရမယ်။ စည်းလုံးညီညွတ်မှုဆိုတာ စာရွက်ပေါ်မှာမဟုတ်ဘူး။ လက်တွေ့မှာတော့ သူတပေါက်ကိုယ်တပေါက်လုပ်လာတော့ ဒါစည်းလုံးညီညွတ်ရေးလို့ ကျနော်တို့ ပြောလို့မရဘူး။ ဆိုလိုတာကတော့ Common Startegy, Common Programs အဲဒါထိရောက်ဖို့ ကြိုးစားရမယ်။ Comman Startegy ပဲဖြစ်ဖြစ် Common Programs ပဲဖြစ်ဖြစ် Common Programs အဲဒီလိုပဲ ဖြစ်ဖြစ်ရှိရင် လုပ်ရတာ ပိုပြီးတော့လွယ်ကူတယ်။ ဘာလို့လဲဆိုတော့ ဘုံရန်သူဖြစ်တဲ့ နအဖကိုလည်း ကျနော်တို့က တညီတညွတ်တည်းနှင့် တူညီတဲ့ဦးတည်ချက်နှင့် တူညီတဲ့စစ်ရေး တိုက်ပွဲဖြစ်ဖို့လိုတယ်လို့ ကျနော်မြင်တယ်။ ဒါမှလည်း ကျနော်တို့ဟာ မျှော်လင့်ထားတဲ့အချိန်နဲ့ မျှော်မှန်းထားတဲ့ပြောင်းလဲမှုတွေက ပိုပြီးတော့မြန်မယ်ထင်တယ်။ အခုဟာက စုဖွဲ့မှုတွေက တော်တော်လေးတော့များလာတယ်။ နိုင်ငံရေးလိုအပ်ချက်အရ တဖက်မှာလည်း စုဖွဲ့မှုတွေတိုးချဲ့ပြီး လုပ်နေတော့ ဒီအစုအဖွဲ့တွေရဲ့ပေါ်လစီတွေ၊ လုပ်ငန်းတွေပျံ့နှံ့လာတော့ လုပ်အားလည်းပြန့်ကျယ်လာတယ်လေ၊ ပေါ်လစီအရ၊ လုပ်ငန်းအရမတူညီတော့ manpower လည်းပြန့်ကျယ်လာတော့၊ ပါဝင်လာမှု အားနည်းလာတယ်။ စုဖွဲ့မှုတွေဟာလည်း ရန်သူကိုဖြိုခွဲဖို့ပါပဲ။ ဒါပေမယ့် ကျစ်လစ်ခိုင်မာတဲ့၊ ညီညွတ်တဲ့ စုဖွဲ့မှုမျိုးဖြစ်သင့်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် စုဖွဲ့မှုတွေရှိပေမယ့်လည်း တူညီတဲ့အစီအစဉ်၊ တူညီတဲ့လုပ်ငန်း၊ တူညီတဲ့မဟာဗျူဟာတွေ ရှိဖို့တော့လိုတယ်လို့ထင်တယ်။

အဲဒါရှိမှပဲ တူညီတဲ့မျှော်မှန်းချက်၊ တူညီတဲ့ရည်မှန်းချက်ကို အမြန်ရောက်ရှိမယ်လို့ ကျနော်မြင်တယ်လေ။ အခုဟာကသိတဲ့အတိုင်းပဲ။

ပြောရမယ်ဆိုရင်တော့ အစုအဖွဲ့တော်တော်များတယ်။ NCUB တစ်ခုနှင့်လည်း မလုံလောက်ဘူး။ NCUB ပြင်ပမှာရှိတဲ့ စုဖွဲ့မှုတွေ၊ မပါဝင်လာသေးတဲ့အဖွဲ့တွေလည်း NCUB ရဲ့အဝန်းအဝိုင်းမှာ NCUB အောက်မှာမပါဝင်လာသေးရင်တောင်မှ သူတို့နှင့်ညှိနှိုင်းပြီး တော့တူညီတဲ့ ဦးတည်ချက်တွေ၊ တူညီတဲ့တိုက်ပွဲတွေရှိသင့်တယ်လို့ ကျနော်ထင်တယ်။ ညီညွတ်ရေးကို ပြောတယ်ဆိုတာက ကျနော့်အမြင်က တကယ့်ညီညွတ်ရေးအဆင့်ကို မရောက်သေးဘူးလို့ပြောချင်သေးတယ်။ ညီညွတ်ရေးက ပါးစပ်လောက်ပဲ စာရွက်နဲ့လောက်ပဲ လုပ်နေတာတော့မရဘူး။ လက်တွေ့မှာတော့ လိုသလောက် ညီညွတ်ရေးမတည်ဆောက်နိုင်သေးဘူး။

*မေး။ ။ တိုင်းရင်းသားခေါင်းဆောင်တယောက်အနေနဲ့ မြန်မာပြည်နိုင်ငံရေးမှာ တိုင်းရင်းသားအရေးနဲ့ပတ်သက်လို့ ဘာပြောချင်လဲ။*

ဖြေ။ ။ ဒီကိစ္စနှင့်ပတ်သက်လို့ တော်တော်လေးအရေးကြီးတယ်လို့ ပြောရမယ်လေ။ ဘာဖြစ်လို့လဲဆိုတော့ ကျနော်တို့ဗမာပြည်မှာ ကြည့်မယ်ဆိုရင်

**ကိုယ်ရေးအကျဉ်း**

**၁၉၈၇ ဩဂုတ်လတွင် ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်မတော်သို့ စတင်ဝင်ရောက်။**

**၁၉၈၈ ခုနှစ် ဩဂုတ်လအတွင်း မာနာပလောဗဟိုဌာနချုပ်သို့ ပလောင်ကိုယ်စားလှယ်အဖြစ် NDF ဌာနချုပ်သို့ စေလွှတ်ခံရ။**

**၁၉၈၉ မှ ၁၉၉၀ ခုနှစ် မတ်လအထိ မဒတဗဟိုဌာနချုပ်မှာ ရုံးလုပ်ငန်းအဖြစ် တာဝန်ထမ်းဆောင်။**

**၁၉၉၀ ခုနှစ်တွင် ပလောင်ဒေသဗဟိုဌာနချုပ်သို့ ဆက်သွယ်ရေးတာဝန်ဆောင်ရွက်ရန် ဗဟိုမှဆင့်ခေါ်ခဲ့ပြီး ဗဟိုအပြန် UWSA ဒေသတွင် MTA ခွန်ဆာတပ်ဖွဲ့နှင့် တိုက်ပွဲဖြစ်ခဲ့ပြီးနောက် တပ်နှစ်ခြမ်းခွဲခံရ။**

**(ထို့နောက် ဗဟိုညွှန်ကြားချက်ဖြင့် မဒတဗဟိုမှ ရုံးလုပ်ငန်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်) ၁၉၉၁ ခုနှစ် ဧပြီလတွင် မိမိတို့ဗဟိုဌာနချုပ်ကနဝတစစ်အာဏာရှင်နှင့် အပစ်ရပ်ကိစ္စကိုကန့်ကွက်ခဲ့။**

**၁၉၉၂ ခုနှစ် ဇန်နဝါရီလ (၁၂) ရက်နေ့တွင် ကရင်အမျိုးသားအစည်းအရုံး မာနာပလောဗဟိုဌာနချုပ်တွင် ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး PSLF အမည်ဖြင့် ပြန်လည်ဖွဲ့စည်း။**

**၁၉၉၂ -၂၀၀၅ ခုနှစ် စည်းရုံးရေးနှင့် ဆက်သွယ်ရေးတာဝန်ခံအဖြစ် တာဝန်ထမ်းဆောင်။**

**၁၉၉၆ခုနှစ်တွင် တွဲဘက်အထွေထွေအတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်။**

**၂၀၀၁ ခုနှစ် ဒုတိယအကြိမ်ညီလာခံတွင် အထွေထွေအတွင်းရေးမှူးအဖြစ် တာဝန်ပေးခံရ။**

**၂၀၀၅ ခုနှစ် ဩဂုတ်လ တတိယအကြိမ်ညီလာခံတွင်လည်း အထွေထွေအတွင်းရေးမှူးအဖြစ် ဆက်လက်တာဝန်ပေးခြင်းခံရ။**

**၂၀၀၆ ပလောင်ပြည် နယ်လွတ်မြောက်ရေးတပ်ဦး၏ အထွေထွေအတွင်းရေးမှူးအဖြစ်၊ မဒတဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် လူမှုရေးဌာနတာဝန်ခံနှင့် ဒုနိုင်ငံခြားရေးတာဝန်ခံအဖြစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ အတွင်းရေးမှူး အဖွဲ့ဝင်။**

မတူကွဲပြားတဲ့လူမျိုးတွေ အများကြီးရှိတယ်။ ဒီအများကြီးရှိတဲ့အပေါ်မှာ သူတို့ရသင့်ရထိုက်တဲ့အခွင့်အရေးတွေ၊ ရှိသင့်ရှိထိုက်တဲ့ အခွင့်အရေးတွေ၊သူရသင့်ရထိုက်တဲ့ နိုင်ငံရေးအနှစ်သာရတွေ မရှိတဲ့အခါကျတော့ အခုပြည်တွင်းစစ်ဖြစ်တယ်လို့ ကျနော်မြင်တယ်။

တဖက်မှာပြောရမယ်ဆိုရင် တိုင်းရင်းသားတွေဆုံးရှုံးတဲ့ အခွင့်အရေးတွေဖြစ်သလို တဖက်မှာလည်း ဒီမိုကရေစီအခွင့်အရေး ဆုံးရှုံးတာဖြစ်တယ်။

တိုင်းရင်းသားတိုင်း လူမျိုးကြီးပဲဖြစ်ဖြစ်၊ လူမျိုးငယ်ပဲဖြစ်ဖြစ်ပေါ့ သူ့ရဲ့ ရသင့်ရထိုက်တဲ့အခွင့်အရေးကို သူ့ရဲ့ရှိသင့်ရှိထိုက်တဲ့ နိုင်ငံရေးအခြေခံအခွင့် အရေးတွေမရှိရင် ဒါ တကယ့်စစ်မှန်တဲ့ ကျနော်တို့ရဲ့ ဒီမိုကရေစီနိုင်ငံတော်၊ တနည်းအားဖြင့်ပြောရရင်စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုကို တကယ့်ရာသက်ပန် တည်ဆောက်နိုင်မှာမဟုတ်ဘူးလို့ ကျနော်မြင်တယ်။ ဒါကြောင့် တိုင်းရင်းသားအရေးဟာ၊ အခန်းကဏ္ဍဟာ ဒီမိုကရေစီအရေးလို အင်မတန်မှအရေးကြီးတဲ့ကဏ္ဍဖြစ်တယ်လို့ ကျနော်ထင်တယ်။ အဲဒါကြောင့် ဒီနှစ်ခုကိုပေါင်းစပ်မှုဟာ ခေါင်းနဲ့ပန်းလိုဖြစ်နေတော့ အဲဒီနှစ်ခုပေါင်းစပ်ပြီးတော့ အမြဲတမ်းတိုက်ပွဲဖော်ဆောင်သွားရမယ်လို့ ကျနော်မြင်တယ်။

*မေး။ ။NDF ခေါင်းဆောင်တယောက်အနေနဲ့ NDF အခန်းကဏ္ဍနဲ့လုပ်ငန်းတွေနဲ့ ပတ်သက်လို့ ပြောချင်တာတွေရှိပါသလား။*

ဖြေ။ ။NDF ပြောမယ်ဆိုရင်တော့ သူ့သမိုင်းကြောင်းက တော်တော်လေးရှည်တယ်။ သူ့ရဲ့ဖြတ်သန်းလာခဲ့တဲ့ သူ့ရဲ့သမိုင်းကြောင်းကလည်း ဗမာပြည်မှာ တော်တော်လေးကို မှတ်တမ်းတင်လောက်တဲ့လှုပ်ရှားမှုတွေဖြစ်တယ်။ အရေးအခင်းမတိုင်ခင်တုန်းကဟာ NDF တကယ့် စုစည်းထားတဲ့ တကယ့်ခိုင်မာတဲ့ တပ်ပေါင်းစုတစ်ခုဖြစ်တယ်။ လေးဘက်လေးတန်ညီတယ်။ တိုက်တဲ့နေရာမှာ မြောက်ပိုင်းတိုင်း၊ တောင်ပိုင်းတိုင်း၊ အလယ်ပိုင်းတိုင်းခွဲထားပြီးတော့ ရန်သူကို (၄) ဘက်ထိုးဖောက်နိုင်တယ်။ တော်တော်လေးအားရစရာကောင်းတယ်လို့ ကျနော်မြင်တယ်။ ၁၉၈၈ အရေးအခင်းဖြစ်လာတော့ ဒီက ပြည်တွင်းကရှိတဲ့အတိုက်အခံတွေ၊ ကျောင်းသားတွေ၊ ရဟန်းတွေ၊ ပြည်ပကိုထွက်လာတော့ ကျနော်တို့ မဒတကပဲ အဓိက တာဝန်ယူထားပြီးတော့ အကူအညီပေးခဲ့တယ်။ စုဖွဲ့မှုတွေ လုပ်ပေးခဲ့တယ်။ ဥပမာ DAB၊ ABSDF၊ NCGUB တို့ အဲဒါတွေပဲဖြစ်လာတယ်။ အဲဒီလို စုဖွဲ့ပေးလိုက်တာဖြစ်တော့ တိုက်ပွဲကတော်တော်လေး အားကောင်းလာတယ်။

ပြည်တွင်းမှာလည်း နိုင်ငံရေးလှုပ်ရှားမှုတွေ ပူပူနွေးနွေး ဖြစ်နေတဲ့အချိန်ဆိုတော့ တော်တော်လေးကို တက်တက်ကြွကြွတိုက်ပွဲဝင်လာခဲ့ကြတယ်။

ဒါပေမဲ့ နအဖက ဒါကိုဖြိုခွဲဖို့ အပစ်အခတ်ရပ်စဲရေးလမ်းကိုဖွင့်လိုက်။ အပစ်အခတ်ရပ်စဲရေးဖွင့်လိုက်တော့ NDF အဖွဲ့ဝင်တွေမဟုတ်သေးတဲ့ DAB အဖွဲ့ဝင်မဟုတ်သေးတဲ့ ''ဝ''တို့၊ ကိုးကန့်တို့ ကျန်တဲ့အဖွဲ့တွေက အပစ်အခတ်ရပ်စဲရေးတွေ အရင်လုပ်လိုက်တယ်။ အဲဒီအဖွဲ့တွေ အပစ်အခတ်ရပ်စဲရေးလုပ်လိုက်တော့ NDF တပ်ပေါင်းစုအဖွဲ့ဝင်တွေ အထူးသဖြင့်မြောက်ပိုင်း အဖွဲ့ဝင်တွေ ထိခိုက်လာတယ်။ ရှမ်းတွေထိခိုက်လာတယ်။ ကချင်တွေထိခိုက်လာတယ်။ ပအို့ဝ်တွေထိခိုက်လာတယ်။ နောက်ဆုံးက ပလောင်တွေ ထိခိုက်လာတော့ အဲဒီအဖွဲ့တွေကလည်း အပစ်အခတ်ရပ်စဲရေး ကမ်းလှမ်းလိုက်ရတယ်။ အပစ်အခတ်ရပ်စဲရေး ကမ်းလှမ်းလိုက်တော့ နအဖက လိုချင်တဲ့ပုံစံတွေမရရင် ဖြတ်လေးဖြတ်လုပ်တယ်။ ပြည်သူလူထုကို ဖိနှိပ်တယ်။ နောက်ဆုံးအကျပ်ကိုင်တော့ အဖွဲ့တွေက အပစ်အခတ်ရပ်စဲရေး လုပ်လိုက်ရတယ်။ အဲဒီလိုလုပ်လိုက်တော့ တပ်ပေါင်းစုအတွင်း တော်တော်လေး ဂယက်ရိုက်တာပေါ့။ ဂယက်ရိုက်လာတော့ အဖွဲ့ဝင်တွေအနေနဲ့ အဖွဲ့ဝင်အဖြစ်ကနေ ယာယီရပ်ဆိုင်းလိုက်ရတယ်။ ရှမ်းတို့၊ ကချင်တို့၊ ပအို့၊ ပလောင်တို့ အဖွဲ့ဝင်အဖြစ် ရပ်ဆိုင်းလိုက်ရတယ်။ တပ်ပေါင်းစုအတွင်း တော်တော်လေး အကျိုးသက်ရောက်တယ်။ နောက်ဆုံးမှာ NDF၊ KNU၊ CNF၊ ALP ကလွဲရင် အားလုံးလိုလိုက အပစ်အခတ်ရပ်စဲရေးလုပ်လိုက်ရတယ်။ မွန်ပြည်သစ်ပါတီတို့လို အပစ်အခတ်ရပ်စဲရေး လုပ်လိုက်ရတယ်။ NDF စုဖွဲ့မှုက အမျိုးသားအရေးကို အခြေခံတဲ့စုဖွဲ့မှုဖြစ်တယ်ဆိုတော့ ဒီနေ့အထိခိုင်မာနေသေးတယ်။ ဒါပေမဲ့ လုပ်ငန်းကတော့ NCUB နဲ့ ENC တွေရဲ့ လုပ်ငန်းပူးပေါင်းပြီးလုပ်နေရတော့ NDF ရဲ့ လုပ်ငန်းသီးသန့် ထိထိရောက်ရောက် မလုပ်ဆောင်နိုင်တော့ဘူးဖြစ်နေတယ်။ နောက်တချက်က ဒီမှာတာဝန်ရှိနေပေမယ့်လည်း တကယ့်လုပ်ငန်းက အခု ကျနော့်လိုမျိုး NCUB မှာ အတွင်းရေးမှူးအဖွဲ့ဝင်ဖြစ်လာတော့ ဒီလုပ်ငန်းကလည်း NCUB ကနေပူးတွဲလုပ်နေရတာတွေဘဲရှိတယ်။

*မေး။ ။ ENC မှာပြည်နယ်အခြေပြု (Statebase) မူနဲ့ပတ်သက်လို့ ပြောကြဆိုကြတာတွေရှိတယ်။ ဘာပြောစရာရှိလဲ။*

ဖြေ။ ။ NDF ကတိုင်းရင်းသားတွေအားလုံးကို၊ အမျိုးသားတွေအားလုံးကိုကိုယ်စားပြုပြီး စုဖွဲ့ထားတဲ့တပ်ပေါင်းစု စုဖွဲ့မှုတခုဖြစ်နေပါပြီ။ အဲဒီထဲမှာမပါတာ ရှမ်းနှင့်၊ ကရင်နီပဲရှိသေးတာ။ ဒါပေမယ့် တချိန်တုန်းက NDF အဖွဲ့ဝင်ဟောင်းဖြစ်ခဲ့ပါတယ်။ နိုင်ငံရေးအကြောင်းအမျိုးမျိုးကြောင့်မပါခဲ့ပေမဲ့လဲ NDF နဲ့အမြဲတမ်း အဆက်အသွယ်ရှိနေတယ်။ ENC ပေါ်လာတော့ ဘယ်လိုဖြစ်လာသလဲဆိုတော့ ပြည်နယ်ကိုအခြေခံတဲ့သဘောထားနဲ့ အမျိုးသားကိုအခြေခံတဲ့ သဘောထားဟာ သိပ်ပြီးတော့ သဟဇာတမဖြစ်တော့ဘူး။ ENC ကလည်း ပြည်နယ်ကိုအခြေခံထားပြီးတော့ သူလုပ်နိုင်တဲ့အားရှိသလို တဖက်မှာလည်း သူကငွေအားလည်းသုံးနိုင်တယ်ဆိုတော့ တဖြည်းဖြည်းနဲ့ NDF လုပ်ငန်းတွေအားလုံးက ENC အောက်မှာရောက်လာတယ်လို့ သုံးသပ်လို့ရပါတယ်။ NDF လုပ်ငန်းက ဥပမာပြည်နယ် ဖွဲ့စည်းပုံလုပ်ငန်းတွေ၊ ပြည်တွင်းအထောက်အကူပြုတဲ့လုပ်ငန်းတွေ၊ နိုင်ငံတကာလှုပ်ရှားမှုလုပ်ငန်းတွေ စသဖြင့်ပေါ့ ENC လုပ်ငန်းထဲမှာရောက်လာတယ်။ တချို့ NDF မှာ အဓိကခေါင်းဆောင်တွေလည်းENC မှာ သွားပြီးတော့ လုပ်ငန်းတာဝန်ရှိနေတယ်။ အဲဒါတွေဟာ NDF မှာ တစုံတရာအားနည်းစေတယ်လို့ ကျနော်တဦးတယောက်အနေနဲ့မြင်တယ်။ ဘာလို့လဲဆိုတော့က ပြည်နယ်ကိုအခြေခံတဲ့ပေါ်လစီက ကျနော်တို့တိုင်းရင်းသားအတွင်းမှာ အားလုံးသဘောထားမတူညီကျသေးဘူး။ မကျသေးတော့ တချို့ပါတာလည်းရှိတယ်။ မပါတာလည်းရှိတယ်။

ကျနော်တို့ဟာမှာလည်း တိုင်းရင်းသားကိုယ်စားပြုတပ်ပေါင်းစုရှိနေပြီးသားပဲ။ အဲဒီမှာလည်း အမျိုးသားကိုအခြေခံတာပဲ။

တိုင်းရင်းသားကိုအခြေခံပြီးတော့ စုဖွဲ့ထားတဲ့စုဖွဲ့မှုတခုပဲ။ အဲဒါကြောင့်ကို မလိုအပ်သေးဘူးဆိုတဲ့ အမြင်မျိုးလည်းရှိကြတယ်။ တဖက်မှာလည်း အဲဒီရဲ့စုဖွဲ့မှုဟာ သတ်မှတ်ထားတဲ့ ပြည်နယ်လူဦးရေနဲ့ အကန့်အသတ်ဖြစ်နေတယ်။ ဥပမာ ရှမ်းပြည်အရေးကိစ္စနှင့်ပတ်သက်လာရင် မတူကွဲပြားတဲ့လူမျိုးတွေများနေတယ်ဆိုတော့ အချင်းချင်းညှိနိူင်းဖို့လိုသလို လူမျိုးတမျိုးချင်းနဲ့ အချိန်ယူတိုင်ပင်ညှိနှိုင်းဖို့ အချိန်လည်းလိုပါတယ်။ တကယ်တမ်းဖြစ်သင့်တာက ဒီပြည်နယ်တခုချင်းနဲ့ဆိုင်တဲ့လူမျိုးတွေကို အရင်ဆုံးညှိကြည့်သင့်တယ်။ အားလုံးတူညီတဲ့အမြင်တွေစုပြီးတော့မှ ကျယ်ကျယ်ပြန့်ပြန့်အချိန်ယူ ဖွဲ့သင့်တယ်လို့မြင်တယ်။ ဥပမာ ပလောင်အမျိုးသားကိုယ်စားကိုယ်စားလှယ်တယောက်ပို့ပါဆိုတော့ ဒီအတိုင်းပဲ ပလောင်ဖြစ်လို့ ကိုယ့်အဆို ကိုယ်တင်သွင်းလို့မရဘူး။ ပလောင်တွေ အားလုံးရဲ့သဘောဆန္ဒတူညီတဲ့အပေါ်မှာပို့လို့ဆိုရင်လည်း ENC မှာလည်း အခြေခံခိုင်မာသလို ENC မှာလည်း လေးနက်မှု၊ စုဖွဲ့မှု အားကောင်းလာမယ်လို့ ကျနော်မြင်တယ်။ အခုဟာက နာမည်လောက်ပါနေရုံနှင့် မပြီးသေးဘူး။ စည်းလုံးညီညွတ်မှု တည်ဆောက်နိုင်ဖို့လိုတယ်။ အထူးသဖြင့် ရှမ်းပြည်မှာ ခိုင်မာတဲ့စည်းလုံးညီညွတ်မှု မတည်ဆောက်နိုင်သေးဘူး။ မတည်ဆောက်နိုင်တာလည်း အပြန်အလှန်လေးစားမှု၊ ပူးပေါင်းလုပ်ဆောင်မှုအားနည်းသလို တဖက်မှာလည်း ရန်သူကအခွင့်ကောင်းယူပြီး အမြဲတန်းသွေးခွဲအုပ်ချုပ်လာခဲ့တယ်။ ရန်တိုက်ပေးတာလည်း အဓိကပြဿနာဖြစ်နေတယ်။ အဲဒါကြောင့် မတူကွဲပြားတဲ့လူမျိုးကို အချင်းချင်းညှိဖို့ ပူးပေါင်းလုပ်ဆောင်ဖို့ အမြဲလိုအပ်နေပါတယ်။ အဲဒီအပေါ်မှာ ပလောင်တွေ၊ 'ဝ'တွေက ရှမ်းပြည်ကနေတဆင့် ENC အဖွဲ့ဝင် မပါနိုင်သေးဘူးဖြစ်နေတယ်။ အခုနက ကျနော်ပြောသလိုပဲ ENC ပေါ်လစီကိုလည်း တိုင်းရင်းသားတွေရဲ့အရေးမှာ မတူကွဲပြားတဲ့အမြင်မျိုးတွေ ဖြစ်နေတဲ့အချိန်မှာ ဒါကိုလည်း ဆက်ပြီးတော့လေ့လာသွားဖို့လိုတယ်။ ဥပမာ 'ဝ'ပြည်နယ်ကိုကြည့်မယ်ဆိုရင်လည်း သူ့သမိုင်းကြောင်းအရ 'ဝ'ပြည်နယ်က နဂိုကတည်းကရှိပြီးသားပါ။ သူ့ 'ဝ'ပြည်နယ်ကိုတည်ထောင်နိုင်တဲ့ အခြေခံအခွင့်အရေးတွေပြဋ္ဌာန်းထားတဲ့ ပြည်နယ်အခွင့်အရေးတွေရှိနေတော့ အခု 'ဝ' ပြည်နယ်ကို သူ့ဖွဲ့စည်းပုံရေးဆွဲနေတယ်ဆိုတော့ 'ဝ' အမျိုးသားကိုယ်စားလှယ်တဦး ရှမ်းပြည်နယ်ကနေတဆင့် ENC အဖွဲ့ဝင်မပါဝင်သေးဘူးလို့ သုံးသပ်လို့ရတယ်။ ပလောင်ကျတော့ အဲဒီလို အဆင့်မျိုးမရှိသေးတော့ ကျနော်တို့အားလုံး ပါဝင်ညှိနှိုင်းလို့ရတဲ့ သဘောတူညီချက်ပေါ်မှာပဲ ပို့လို့ရတာပါ။ ကျနော်တို့ဟာ အပြုသဘောဆောင် အကောင်းဘက်မြင်စေချင်တဲ့သဘောပြောတာဖြစ်တယ်။ ENC စနစ်တကျလုပ်မယ်ဆိုရင် ဒါဟာ ENC တိုင်းရင်းသားလူမျိုးအတွက် ခိုင်မာတဲ့စုဖွဲ့မှုတခုဖြစ်လာနိုင်တယ်လို့ ကျနော်မြင်တယ်။ နောက်တချက် NCUB မှာလည်း စုဖွဲ့မှုက တော်တော်လေးအားကောင်းနေပြီ။

ကျနော်တို့ထပ်ပြီးတော့ ပွားတဲ့စုဖွဲ့မှုတွေများလာရင် ကျနော်တို့အချင်းချင်း ပြန်ပြီးတော့ညှိနှိုင်းရတာမျိုး၊ ပေါ်လစီနဲ့လုပ်ငန်းမတူညီတာမျိုးဖြစ်လာရင် အချိန်တွေလည်းကုန်တယ်။ ငွေလည်းကုန်တယ်။ လူအင်အားလည်း ကျနော်တို့ခွဲပြီးတော့ အလုပ်လုပ်နေရတယ်။ ရှိနေတဲ့လူအားတွေ တစုစည်းလုပ်ရမယ့်အစား၊ ခွဲပြီးတော့လုပ်လိုက်ရတော့ လိုချင်တဲ့ Common Startegy တို့ Common Programs တို့ မှန်မှန်ကန်ကန်မချနိုင်ဘူးဖြစ်တော့မယ်။ သူ့ Programs နဲ့ သူ့လုပ်ငန်းနဲ့ သူ့လမ်းကြောင်းနဲ့လုပ်နေမယ်ဆိုရင် ပိုမိုပြန့်ကျယ်သွားတဲ့သဘောရှိတယ်။ ပြန့်သွားတယ်ဆိုတာက ထင်သလောက်မလုပ်နိုင်ဘူး၊ ထိုးသလောက်မပေါက်နိုင်ဘူး။

သတ်မှတ်ထားတဲ့အချိန်နဲ့ မျှော်မှန်းထားတဲ့အတိုင်းအတာတွေ မအောင်မြင်နိုင်တာတွေရှိတယ်ဆိုတာပြောတာပါ။

*မေး။ ။ အမျိုးသားကောင်စီရဲ့ အတွင်းရေးမှူးအဖွဲ့ဝင်တယောက်အနေနဲ့ ဖြည့်စွက်ပြောချင်တာတွေရှိပါသလား။*

ဖြေ။ ။ NCUB အတွင်းရေးမှူးအဖွဲ့ဝင်တဦးအနေနဲ့ပြောမယ်ဆိုရင်တော့ ကျနော်တို့သွားချင်တဲ့ပုံစံတွေကို ပီပီပြင်ပြင်ရှင်းရှင်းလင်းလင်း ချမှတ်ထားပြီးတော့ ကျနော်တို့ချမှတ်တဲ့လုပ်ငန်းတွေ၊ စီမံကိန်းတွေ၊ ကျနော်တို့ မဟာဗျူဟာတွေ ရှင်းရှင်းလင်းလင်းရှိသင့်တယ်လို့ အကြံပြုချင်ပါတယ်။ ချမှတ်ပြီးတဲ့အတိုင်း တက်ညီလက်ညီ အကောင်အထည်ဖော်ဆောင်သွားဖို့လိုတယ်။ အများတွေရဲ့ပါဝင်လုပ်ဆောင်မှုကိုအဓိက အခြေခံထားဖို့၊ အလေးအနက်ထားဖို့လိုတယ်လို့ ကျနော်မြင်တယ်။ ရှိနေတဲ့လူအင်အားနဲ့ ငွေအင်အားတွေကို ထိထိရောက်ရောက်အကျိုးရှိရှိအသုံးချတတ်ဖို့ လိုပါတယ်။ အဲဒါကြောင့် ကျနော်တို့ NCUB လုပ်ငန်းတွေ ပြည်တွင်းပဲဖြစ်ဖြစ်၊ ပြည်ပပဲဖြစ်ဖြစ်၊ ဒီထက်မကအများကြီးထိုးဖောက်နိုင်တယ်လို့ ကျနော်မြင်တယ်။ နောက်တခု NCUB တခုတည်းနှင့် လှုပ်ရှားတာ မလုံလောက်ဘူး။ ဒါကြောင့်မို့လို့ မပါဝင်သေးတဲ့အဖွဲ့တွေလည်း လက်တွဲပြီးတော့ လုပ်သွားဖို့လိုတယ်။ ပြည်တွင်းအင်အားစုတွေ ဟန်ချက်ညီညီ လုပ်ငန်းတိုးချဲ့ဖို့လိုတယ်။ ကျနော်မကြိုက်တာက ''တူညီတာတွဲလုပ်၊ မတူညီတာခွဲလုပ်''ဆိုတာတော့မဖြစ်စေချင်ဘူး။ ကျနော်ဖြစ်စေချင်တာက အားလုံးတူညီတာကို ဝိုင်းပြီးတော့လုပ်မယ်။ မတူညီတာကိုလည်း တူညီလာအောင် တဖြည်းဖြည်းနှင့်ညှိနှိုင်းပြီးလုပ်ဖို့လိုတယ်လို့ ကျနော်မြင်တယ်။ တူညီတဲ့ဟာတွဲလုပ်၊ မတူညီတဲ့ဟာ ခွဲလုပ်ဆိုတဲ့စနစ်ဆိုရင်တော့ တဖြည်းဖြည်းနဲ့ဝေးသွားမယ်လို့ကျနော်မြင်တယ်။ တူညီတဲ့ဟာကိုတက်ညီလက်ညီတွဲလုပ်ပြီးတော့ မတူညီတဲ့ဟာကို ဘယ်နေရာတွေမှာ မတူညီသေးတာလည်းဆက်လက်ညှိနှိုင်းပြီးတော့ တဖြည်းဖြည်းနဲ့အားလုံးတူညီလာအောင် တွဲလုပ်သွားရင် ပိုပြီးတော့ ထိရောက်သွားမယ်လို့ ကျနော်မြင်တယ်။ ❖

## လိုင်စင်မဲ့ကားများကို ဝေစုခွဲပြီ

လွန်ခဲ့သောတနှစ်ကျော်က မြန်မာပြည်အနှံ့မှ သိမ်းဆည်းထားသော လိုင်စင်မဲ့ကားများကို ပြီးခဲ့သည့်လအတွင်းက စီမံကိန်းဦးစီးဌာနသို့ လွှဲပြောင်းပေးပြီးဖြစ်သည့်အပြင် မော်တော်ယာဉ်အချို့ကို လေလံပစ်နေပြီဖြစ်သည်။

၂၀၀၅ ခုနှစ် မတ်လ (၃၁) နေ့ နောက်ပိုင်းတွင် မြန်မာနိုင်ငံအနှံ့စစ်တပ်၊ အကောက်ခွန်ဦးစီး၊ အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့နှင့် မော်တော်ယာဉ်ရဲတပ်ဖွဲ့တို့ ပူးပေါင်း၍လိုင်စင်မဲ့ကားများကို သိမ်းခဲ့သည်။

လိုင်စင်မဲ့ကား (၁၅,၅၀၀) ကျော် ဖမ်းမိခဲ့ပြီး ၎င်းကားများကို ပြည်နယ်၊ တိုင်းမော်တော်ယာဉ်ထိန်းသိမ်းရေးဌာနများမှတဆင့် ရန်ကုန်နှင့်မန္တလေးရှိ တပ်မတော်ယာဉ်တပ်တွင် သိမ်းဆည်းထားခဲ့သည်။

တပ်မတော်မော်တော်ယာဉ်တပ်များကို စစ်တပ်၊ ရဲတပ်ဖွဲ့နှင့် ဝန်ကြီးဌာနများတွင် အသုံးပြုမည့်ယာဉ်အမျိုးအစား ခွဲခြားပြီး စီမံကိန်းဦးစီးဌာနကို လွှဲပေးခဲ့သည်။ စီမံကိန်းဦးစီးဌာနက ခွဲတမ်းပြန်ချပေးသော လိုင်စင်မဲ့ကားအချို့ကို ၇/ခ နံပါတ်နှင့် အသုံးပြုနေပြီဖြစ်သည်။

စစ်အစိုးရဌာနများနှင့် ၎င်းတို့အသိုင်းအဝိုင်းက ဝေစုခွဲနေသောကားများသည် စစ်ထောက်လှမ်းရေးခေတ်က စစ်အစိုးရနှင့် ငြိမ်းချမ်းရေးယူထားသော လက်နက်ကိုင်တပ်ဖွဲ့များ၊ ထောက်လှမ်းရေးနှင့်သင့်မြတ်သူ စီးပွားရေးသမားများက ထိုင်းနိုင်ငံမှနယ်စပ်ဂိတ်များ ဖြတ်ကျော်သွင်းခဲ့သော ကားအများစုဖြစ်သည်။ ❖

## ဒေါ်လာ ၇၅ သန်းတန် ကျောက်မျက်ရတနာပြပွဲ

အမေရိကန်ဒေါ်လာ (၇၅) သန်းရရှိမည်ဟု ခန့်မှန်းထားသော ၂၀၀၆ ခုနှစ်နှစ်လည် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို အောက်တိုဘာလ (၁၉) ရက်နေ့မှ တပတ်ကြာ ရန်ကုန်မြို့၌ ကျောက်မျက်ရတနာပြခန်းတွင် ကျင်းပသည်။

တရုတ်၊ ထိုင်း၊ ကိုရီးယား၊ ဂျပန်နိုင်ငံများမှ ရတနာကုန်သည်များအပါအဝင် ကမ္ဘာတဝှမ်းမှ ရတနာကုန်သည် (၁,၅၀၀) ကျော်ကို ပစ်မှတ်ထားရောင်းချမည့် (၁၀) ရက်ကြာ မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ရတနာအတွဲပေါင်း (၅,၀၀၀)၊ ပုလဲ၊ ကျောက်စိမ်း၊ ကျောက်ရိုင်းတုံးများ ပြသရောင်းချခဲ့သည်။

တနှစ်နှစ်ကြိမ်ကျင်းပသော ရတနာပြပွဲသည် အနောက်နိုင်ငံအစိုးရများ၏ စီးပွားရေးပိတ်ဆို့ခြင်းခံထားရသော နအဖစစ်အစိုးရ၏ နိုင်ငံခြားဝင်ငွေဝင်ပေါက် လမ်းကြောင်းတခုဖြစ်သည်။ ၎င်းပြပွဲသို့ အာရှရတနာကုန်သည်များသာမက အမေရိကန်နှင့် အနောက်နိုင်ငံများမှ ရတနာကုန်သည်များလည်း လာရောက်လေ့ရှိသည်။

၁၉၆၄ မှ ယနေ့တိုင် တရားဝင်ရောင်းချခဲ့သော မြန်မာ့ကျောက်မျက်ရတနာများ၏တန်ဖိုးမှာ အမေရိကန်ဒေါ်လာသန်းပေါင်း (၆၀၀) ကျော်နေပြီဖြစ်ပြီဖြစ်သည်။ ❖




သူဟာ ဆိတ်ငြိမ်မှုအတွက်၊ ငြိမ်းချမ်းမှုတခုတည်းအတွက်နဲ့
ကိုယ်ယုံကြည်ရာကို ဖွင့်မပြောရဲတဲ့သူမဟုတ်ဘူးဆိုတာ
တိတိကျကျ
ရှင်းရှင်းလင်းလင်းသိစေသူပါပဲ ...
သူက
တော်လှန်ရေးကို ပြည်တွင်းမှာ
ဖော်ဆောင်မှုထိရောက်မှာလို့ အရွယ်ခပ်ငယ်ငယ်ကတည်းက
ခိုင်ခိုင်မာမာယုံကြည်ခဲ့သလို
လက်တွေ့လည်း အကောင်အထည်ဖော်နိုင်သလောက်
ဖော်ခဲ့တယ်ဆိုတာ ...

## ဒေါင်းပျိုမေ

အောက်တိုဘာလ (၁၆) ရက်နေ့ ညဘက် ဘီဘီစီသတင်းအပိတ်မှာ မြန်မာနိုင်ငံတွင်းက နောက်ဆုံးဝင်လာတဲ့သတင်းကို ကြေညာပါမယ်ဆိုတော့ နားစိုက်ထောင်မိတယ်။

မန္တလေးအကျဉ်းထောင်မှာ ထောင်ဒဏ် (၅၉) နှစ်ကျခံနေရတဲ့ နိုင်ငံရေးအကျဉ်းသား သက်ဝင်းအောင် ယနေ့ ကွယ်လွန်သွားကြောင်း သတင်းရရှိပါတယ်လို့ ကြေညာလိုက်သံကြားရတဲ့အခါ "ဟာ" ကနဲဖြစ်သွားတယ်။ အေအေပီပီက ကိုတိတ်နိုင်ဆီ ချက်ချင်းပဲ ဖုန်းဆက်မေးလိုက်တော့ ဟုတ်တယ်။ ဒီနေ့ ညနေ (၄) နာရီခွဲက ဆုံးသွားတယ်။ လွန်ခဲ့တဲ့ (၁) နာရီလောက်ကပဲ ဖုန်းရတယ်လို့ပြန်ဖြေတော့၊ လူကို ခွေးကသတ်ပြန်ပြီ ကိုတိတ်ရေ။ အဲဒီခွေးကို ခုထိမသတ်နိုင်သေးဘူးလား ကျမတော်တော်စိတ်မကောင်းဖြစ်မိတယ်လို့ ပြောပြမိတယ်။

မင်းဇင်ဆီ အီးမေးလ်ပို့နေတာလို့ ကိုတိတ်ကပြန်ပြောတော့ ကျမစိတ်တွေက သူတို့သူငယ်ချင်းတစုဆီကို ပြန်ရောက်သွားပြန်တယ်။ ခုတော့ မင်းဇင်ဆိုတာ အာအက်ဖ်အေမှာ၊ ရဲတေဇက အမေရိကန်မှာ နိုင်ငံရေးဒုက္ခသည်အဖြစ် အခြေချနေထိုင်လို့၊ ကိုတိတ်က ထိုင်းနိုင်ငံမှာ၊ သက်ဝင်းအောင်ကတော့ အကျဉ်းထောင်ထဲမှာ ကျဆုံးလို့ပေါ့။

ဟိုးလွန်ခဲ့တဲ့ ၁၉၉၇ ခုနှစ်က ....

ဗမာပြည်ထဲက ကျမတို့ရဲ့အိမ်ကလေးကို ပြန်သတိရစေတဲ့အကြောင်းထဲမှာ တဲသာသာ အိမ်ကလေးသေးသေးရယ်။ အဲဒီအိမ်မှာ ကျမတို့ဇနီးမောင်နှံအတွက် အထူးမဖိတ်ခေါ်ပဲရောက်လာတဲ့ဧည့်သည်က အခုအေအေပီပီ (ဘီ) အတွင်းရေးမှူးဖြစ်လာတဲ့ ကိုတိတ်နိုင်။ ကိုတိတ်ကလည်း သူ့ကို စစ်ထောက်လှမ်းရေးလိုက်ဖမ်းလို့ ပြေးရတာမြို့စုံနေပြီ။ နောက်ဆုံးကျမတို့အိမ်ကိုရောက်လာခဲ့ရတာဖြစ်ပါတယ်။

သူရောက်ပြီး တလလောက်ကြာတော့ နောက်ထပ် နှစ်ယောက်ထပ်ရောက်လာပြန်တယ်။ လူဖမ်းပွဲကိုပြေးလာကြတဲ့ အကျိုးတွေပါ။ သူတို့က မပြေးလဲရတဲ့သူတွေ။ ပြေးချင်တဲ့သူတွေလာဖို့ အဆင်ပြေမပြေလာစုံစမ်းတာတဲ့။ အရမ်းခက်ခဲနေရင် လာခဲ့ပါလို့ကြိုဆိုလိုက်တဲ့အခါ ရောက်လာသူတွေက မင်းဇင်၊ သက်ဝင်းအောင်နဲ့ရဲတေဇပါပဲ။ အိမ်က ကျဉ်းကျဉ်း၊ အခန်းသေးသေး (၂) ခန်းရှိတဲ့အထဲက တခန်းမှာ နှစ်ယောက်အိပ်ခြင်ထောင်နဲ့ သူတို့သုံးယောက်အိပ်တဲ့အခါ အမြဲပဲခြင်ထောင်အပြင်မှာ မင်းဇင်ရဲ့ခြေထောက်က ထွက်နေတာ။ ခြင်ထောင်ကို နေ့ဖက်လည်း ထောင်ထားပြီး တရားထိုင်ကြတာ။ အကုန်အမှတ်ရစရာချည်းပါ။

သူတို့ရောက်ပြီး မရှေးမနှောင်း ထပ်ရောက်လာတာက အကိုကြီးတယောက်ပါပဲ။ (သူ့ကိုတော့ တနေ့ကျရင် နာမည်ဖော်ရေးပါ့မယ်) အမြဲပဲပြုံးနေတတ်ပြီး စကားနည်းတဲ့ အဲဒီအကိုကြီးက ကိုယ်ဝန်ရှစ်လလောက်နဲ့ ထမင်းကြော်စားဖို့ မနက် ဆန်တပြည်၊ နေ့လည် ဆန်တပြည်၊ ညနေ ဆန်တပြည် ချက်နေတဲ့ ကျမကို ဝင်ကူလုပ်ပေးတိုင်း အဲဒီအကိုကြီးကိုကူလုပ်ပေးသူက သက်ဝင်းအောင်ပါပဲ။ နောက် ရေတွင်းကရေကို ကျမ မခပ်ရအောင် အမြဲရေဖြည့်ပေးသူက သက်ဝင်းအောင်ပဲဖြစ်နေပြန်ပါတယ်။

ကျမမီးဖွားပြီးရင် မီးတွင်းသုံးဖို့ ထင်းပကာသားတွေ ကားကြီးတစီးတိုက်ကို ပုံထားပြီး ကျမယောက်ျားက တနေ့နည်းနည်းထင်းခွဲတာကို သူမြင်တဲ့အခါ ညနေရေမချိုးခင် အချိန်တိုင်း သူကလည်း ထင်းခွဲတော့တာပါပဲ။ ခြေတံရှည်ကျမတို့အိမ်ကလေးရဲ့ အောက်ခြေပတ်လည်မှာ ခွဲပြီးသားထင်းတွေက အပြည့်အသိပ်ဖြစ်သွားတာ သက်ဝင်းအောင်ကောင်းမှုပေါ့လို့ သူ့ကို သတိတရပြောမိစေအောင်လည်း အလိုက်သိတတ်သူပါ။

မျက်လုံးတောက်တောက်၊ နှာတံချွန်ချွန်၊ လေးထောင့်ကျကျ နဖူးကျယ်ကျယ်၊ ခပ်ပါးပါး မျက်ခုံးမွှေးနဲ့ ခပ်နွယ်နွယ်ဆံပင်တွေက သူ့ရဲ့အေးဆေးမှုကို ပိုပြီးအသက်ဝင်စေပါတယ်။ ကျမကိုယ်တိုင်လည်း ဗကသအဖွဲ့ဝင်ဖြစ်တာ။ နိုင်ငံရေးအကျဉ်းသားဖြစ်ခဲ့တာလည်း ဗကသအထိမ်းအမှတ်စာစောင်ထုတ်ဝေခဲ့လို့ဆိုတာတွေ သိပြီးတဲ့နောက်မှာတော့ ကျမတို့ရဲ့ စကားဝိုင်းတွေက ရေပက်မဝင်တော့ပါဘူး။ ကျောင်းသားလှုပ်ရှားမှုတွေ၊ ရန်ကုန်ထဲမှာ သူတို့အုပ်စုလိုက်ကြီး ရှောင်ပုန်းနေကြပုံတွေကိုပြောပြတဲ့အခါ တောက်ပတဲ့ သူ့မျက်လုံးတွေက ပိုပြီး အရောင်လက်လာတတ်ပါတယ်။ ရယ်စရာတွေကို မင်းဇင်နဲ့ ရဲတေဇက အများဆုံးပြောပြတတ်ပြီး သူကတော့ ခပ်ပြုံးပြုံးလေးလုပ်နေတတ်သူပါ။ အပြောင်အပျက်မပြောတတ်သလို အမြဲပဲ လေးလေးနက်နက် တည်တည်ကြည်ကြည်နေတတ်တာက သူ့ရဲ့ ထင်ရှားတဲ့စရိုက်လက္ခဏာပါပဲ။ သူစကားပြောရင် နိုင်ငံရေးအကြောင်းကလွဲလို့ ဘာမှ မပြောသလောက်ပါပဲ။

သူနဲ့ရွယ်တူ (၈၈) ကတည်းက တောခိုလာသူတွေ၊ (၉၀) ဝန်းကျင်တောခိုလာသူတွေနဲ့စကားလက်ဆုံပြောကြတဲ့အခါ တချို့သဘောထားမတိုက်ဆိုင်မှုတွေမှာတော့ သူက သူ့ယုံကြည်ချက်ကို လုံးဝမလျှော့ပဲ တင်းတင်းမာမာပြန်ပြောတဲ့အခါမှာ ကျမက သူ့ရဲ့အေးဆေးမှုနဲ့အတူ သူ့ရဲ့အတွေးအခေါ် ယုံကြည်ချက်ခိုင်မာတာကို အမှတ်ထင်ထင်နဲ့ လေးစားခဲ့မိပြန်ပါတယ်။ သူဟာ ဆိတ်ငြိမ်မှုအတွက်၊ ငြိမ်းချမ်းမှုတခုတည်းအတွက်နဲ့ ကိုယ်ယုံကြည်ရာကို ဖွင့်မပြောရဲတဲ့သူမဟုတ်ဘူးဆိုတာ တိတိကျကျ ရှင်းရှင်းလင်းလင်းသိစေသူပါပဲ။

သူယုံကြည်ရာအတိုင်း လွတ်မြောက်နယ်မြေကို သူရောက်ရှိခဲ့ပေမယ့် ပြည်တွင်းမှာပဲ သူပြန်အလုပ်လုပ်တာကို တွေ့ရှိရမှာဖြစ်ပါတယ်။ သူက တော်လှန်ရေးကို ပြည်တွင်းမှာ ဖော်ဆောင်မှုထိရောက်မှာလို့ အရွယ်ခပ်ငယ်ငယ်ကတည်းက ခိုင်ခိုင်မာမာယုံကြည်ခဲ့သလို လက်တွေ့လည်း အကောင်အထည်ဖော်နိုင်သလောက် ဖော်ခဲ့တယ်ဆိုတာ တွေ့ရမှာဖြစ်ပါတယ်။ သူ့ကို ပြည်တွင်းပြန်ဝင်လို့မိခဲ့ရင် သေဒဏ်အထိကျနိုင်တယ်ဆိုတာ အဲဒီတုန်းကတည်းက ကျမတို့ပြောပြ ဆွေးနွေးထားပြီးသားပါ။ သိသိကြီးနဲ့ သူနိုင်သလောက်ပြန်လုပ်တာမို့ သူ့ကို ပိုပြီးလေးစားမိပါတယ်။

ကျမတို့ထက် အသက်ငယ်ပေမဲ့ သူတို့အုပ်စုက ကျမတို့ကို ဆရာကြီး ဦးဂိုအင်ကာရဲ့တရားထိုင်နည်းကို သင်ပေးခဲ့တာပါ။ နင်တို့ ဘယ်လိုသိခဲ့တာလဲလို့မေးတော့ အမရယ်၊ ပြေးနေရင်းနဲ့ တရားထိုင်တဲ့စခန်းသွားဝင်နေလိုက်တာလေ။ တချက်ခုတ် နှစ်ချက် သုံးချက်ပြတ်လုပ်လိုက်တာ ကောင်းသွားတယ်လို့ ပြောပြကြပါတယ်။ သူတို့တရားထိုင်တာ အဖြစ်မဟုတ်ပဲ စိတ်ပါလက်ပါ တရားကျင့်တာမို့ ကိုယ်ကတောင် အတုခိုးရပါသေးတယ်။ နေ့တိုင်း ပုံမှန်တရားထိုင်တတ်တဲ့ သက်ဝင်းအောင်ရဲ့စိတ်ဟာ ဘယ်လောက် သမာဓိရှိနေပြီလဲဆိုတာ မှန်းသာကြည့်ကြပါတော့။ စိတ်တည်ငြိမ်တာကတော့ အသေအချာပါပဲ။

အပြင်သိပ်မထွက်ကြနဲ့။ ထောက်လှမ်းရေးသိသွားဦးမယ်လို့ ပြောတဲ့အခါ ခြင်ထောင်ထဲမှာ တရားထိုင်ချိန်တွေ ပိုများလာတာပဲတွေ့ရပါတယ်။ အပြင်ဖက် လမ်းမလျှောက်ရတဲ့အခါ အိမ်ကျဉ်းကျဉ်းလေးကို အိမ်ရှေ့နဲ့နောက်ဖေး ခေါက်တုံ့ခေါက်ပြန်လျှောက်နေတော့တာပါပဲ။

လယ်ကွင်းထဲက ထီးတည်းရှိနေတဲ့ ကျမတို့အိမ်မှာ စိတ်ရှည်ရှည်စောင့်နေကြသူတွေကို ကျမက အားတောင်နာလာခဲ့ရပါတယ်။ ကျမ မီးဖွားရက်နီးလာတော့ သူတို့တွေကပဲ ချက်ပြုတ်ကျွေးခဲ့တာပါ။

ကလေးမွေးခါနီး ဗိုက်နာတဲ့အချိန်က သန်းခေါင်ကြီးဖြစ်နေတော့ မျက်နှာငယ်ငယ်လေးတွေနဲ့ သူတို့လည်း မအိပ်နိုင်ကြပါဘူး။ မနက်စောစော ဆေးရုံသွားတဲ့ ကျမကို အိမ်ပေါက်ဝက ရပ်ကြည့်နေတာကို ကျမ ခုထိမှတ်မိနေတုန်းပါ။ အဲဒီ သားဦးကလေးလေးက မွေးပြီးနောက်တရက်မှာပဲ ဆုံးသွားပါတယ်။

ဆေးရုံက ငိုပြီးဆင်းလာတဲ့ ကျမကို သူတို့က မျက်စိမျက်နှာပျက်ပျက်နဲ့ ဆီးကြိုကြပါတယ်။ အဲဒီညနေမှာပဲ သူတို့ခရီးစထွက်ရပါတယ်။ ကျမသားလေးနဲ့ သေကွဲကွဲပြီး ဆေးရုံကဆင်းလာချိန်မှာ သူတို့တစုနဲ့လည်း ရှင်ကွဲကွဲသွားရတာပါပဲ။ အဲဒီ တချိန်တုန်းကတော့ တနေ့နေ့ တိုင်းပြည်ဒီမိုကရေစီရရင် ပြန်တွေ့ကြမယ်လို့အားတင်းပြီး အားပေးစကားတွေပြော နှုတ်ဆက်ခဲ့ကြပေမဲ့ သက်ဝင်းအောင်ကတော့ တကယ့်ကို ပြန်မတွေ့နိုင်အောင် ခွဲခွာသွားခဲ့ပါပြီ။

တော်လှန်ရေးကြီးထဲက ကျမဘဝမှာ တွေ့ဆုံကြုံကွဲလောကဓံကို မကြာခဏတွေ့ရဖန်များပေမယ့် သက်ဝင်းအောင်လို ထူးထူးခြားခြားမှတ်မိစေနိုင်သူကတော့ လက်ချိုးရေလို့ရပါတယ်။

သူတို့နယ်စပ်ဖက်ကို သွားတဲ့လမ်းဟာ ကြမ်းတမ်းပါတယ်။ တကယ့်ကို တောထဲတောင်ထဲက ဖြတ်သန်းသွားရတာပါ။ (၅)ရက်ခွဲသွားရတဲ့ အဲဒီခရီးကိုလည်း သူ မညည်းမညူ အပြုံးမပျက်သွားနိုင်ခဲ့တယ်လို့ ကိုတိတ်နဲ့မင်းဇင်က ကျမတို့ပြန်တွေ့ချိန် (၇ နှစ်အကြာ) မှာ ပြောပြပါတယ်။ အဲဒီခရီးလမ်းအတွက် ကျမတို့ငှားပေးလိုက်တဲ့ တိုင်းရင်းသားလမ်းပြကတော့ သူတို့ကို နယ်စပ်ပို့ပြီး အပြန် နဝတစစ်တပ်ကဖမ်းမိပြီး တောထဲမှာပဲ သတ်ပစ်လိုက်တယ်ဆိုတာကို ကျမကလည်း ပြောပြတော့ သက်ဝင်းအောင်သာသိရင် စိတ်မကောင်းဖြစ်မှာပဲ။ သူက အန္တရာယ်ကြီးတယ်။ မပြန်နဲ့ ကျနော်တို့နဲ့လိုက်ခဲ့ပါလို့ လမ်းပြကို ခေါ်သေးတယ်တဲ့။

တကယ်တော့ စစ်အာဏာရှင်ရဲ့ လက်အောက်မှာ ဘယ်နေရာမှမလုံခြုံတာ၊ အန္တရာယ်ကြီးတာကိုသိရက်နဲ့ ကိုယ့်အသက်၊ ကိုယ့်ဘဝ၊ ကိုယ့်မျှော်လင့်ချက်တွေကို နောက်တန်းမှာထားပြီး အများအကျိုး၊ နောက်မျိုးဆက်တွေအကျိုးကို ဖန်တီးပေးချင်သူ သက်ဝင်းအောင်လို စွန့်စားတိုက်ပွဲဝင်ရဲသူတယောက်အတွက် တထောင့်တနေရာက ဖြည့်ဆည်းပေးလိုက်နိုင်ခဲ့တဲ့ ကျမက အမြဲပဲကျေနပ်ဂုဏ်ယူနေမယ်ဆိုတာ သက်ဝင်းအောင်သိအောင် ပြောပြခွင့်ရရင် ပြောပြချင်ပါသေးတယ်။

သက်ဝင်းအောင် ကောင်းရာသုဂတိလားပါစေ .... ....

# ကျောင်းသားခေါင်းဆောင်ကိုသက်ဝင်းအောင် သေဆုံးသည့်ကိစ္စ အမှုမှန်ဖော်ထုတ်ပေးရန် နိုင်ငံတကာတောင်းဆို



စစ်အစိုးရထောင်တွင်း ကျဆုံးခဲ့ရသော ကျောင်းသားခေါင်းဆောင် ကိုသက်ဝင်းအောင်

ပြည်ပအခြေစိုက် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) က နအဖသည် ကိုသက်ဝင်းအောင်ကို ထောင်တွင်း၌သေဆုံးခဲ့သော အခြားနိုင်ငံရေးအကျဉ်းသား (၁၀၀) ကျော်ကိုသတ်ပစ်ခဲ့သည့် နည်းအတိုင်း စနစ်တကျ စီမံသတ်ပစ်ခဲ့သည်ဟု ဆိုသည်။

ကိုသက်ဝင်းအောင်သည် စစ်ကြောရေးကာလ ညှဉ်းပမ်းနှိပ်စက်မှုဒဏ်ကြောင့် အကျဉ်းကျစဉ်ကာလအတွင်း ကျန်းမာရေးချူချာလာပြီး လွန်ခဲ့သောတနှစ်မှစ၍ ကောင်းစွာလမ်းမလျှောက်နိုင်တော့ကြောင်း သတင်းများကဆိုသည်။

အာဏာပိုင်များက ကိုသက်ဝင်းအောင် သေဆုံးခြင်းရခြင်းအကြောင်းအရင်းကို မိသားစုအား ပြောပြခြင်းမရှိခဲ့ပေ။

ကိုသက်ဝင်းအောင်သေဆုံးမှုနှင့် ပတ်သက်၍ အမေရိကန်အစိုးရက ပြောခွင့်ရသူ Tom Casey က "ကိုသက်ဝင်းအောင် သေဆုံးမှုဟာ ဖိနှိပ်တဲ့အစိုးရကို ဆန့်ကျင်ပြီး ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးအတွက် ရပ်တည်နေတဲ့ မြန်မာပြည်က လူထုတွေပေးဆပ်နေရတဲ့ ဝမ်းနည်းဆို့နစ်ဖွယ်ရာ တန်ရာတန်ကြေးတွေပဲ ဖြစ်ပါတယ်" ဟုပြောဆိုသည်။

၎င်းနှင့်ဆက်စပ်၍ နေအိမ်အကျယ်ချုပ်ကျခံနေရသော ဒေါ်အောင်ဆန်းစုကြည်၊ ပြီးခဲ့သည့်လက အဖမ်းခံခဲ့ရသော မင်းကိုနိုင်နှင့် (၈) လေးလုံးမျိုးဆက်ကျောင်းသား (၅) ဦးနှင့် ကြည်မြင့်တိုင်မြို့နယ် အဲန်အယ်လ်ဒီ ဥက္ကဌဟောင်း ဦးမြင့်အေးတို့ကို ခြွင်းချက်မရှိ ပြန်လွှတ်ပေးရန် အမေရိကန်အစိုးရက ထပ်မံတောင်းဆိုသည်။

ကိုသက်ဝင်းအောင်၏ ရျာပနကို မန္တလေးမြို့၊ ကြာနီကန်သုသာန်တွင် အောက်တိုဘာလ (၁၇) နေ့ကပြုလုပ်ခဲ့ပြီး မိသားစုဝင်များ၊ ဆွေမျိုးရင်းချာများ၊ မိတ်ဆွေအပေါင်းအသင်းများနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်များ စုစုပေါင်းပရိသတ် (၃၀၀) ခန့် တက်ရောက်ခဲ့သည်။ ❖

နအဖစစ်ထောင်အတွင်း ညှဉ်းပမ်းနှိပ်စက်မှုဒဏ်ကြောင့် အောက်တိုဘာလ (၁၆) ရက်နေ့က မန္တလေးထောင်တွင်း၌ ကိုသက်ဝင်းအောင် သေဆုံးသည့်ကိစ္စကို အမှုမှန်ဖော်ထုတ်ပေးရန် နိုင်ငံတကာက နအဖကိုတောင်းဆိုလိုက်သည်။

၁၉၉၈ ခုနှစ်က ပညာရေးစနစ်အပြောင်းအလဲအတွက် တောင်းဆိုသော ကျောင်းသားလှုပ်ရှားမှုကို ဦးဆောင်ခဲ့သော အသက် (၃၄) နှစ်အရွယ် ကိုသက်ဝင်းအောင်သည် မန္တလေးထောင်တွင် ထောင်ဒဏ် (၅၉) နှစ်ချမှတ်ခံထားရရာမှ ရုတ်တရက်ကွယ်လွန်သွားသည်။

နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီးနှင့် ဩစတြေးလျအစိုးရ၊ အမေရိကန်အစိုးရနှင့် နယူးဇီလန်၊ နယ်သာလန်အစိုးရတို့က ကိုသက်ဝင်းအောင်သေဆုံးရသည့်ကိစ္စကို စုံစမ်းဖော်ထုတ်ပေးရန် နအဖကိုတောင်းဆိုထားသော်လည်း နအဖကကိုသက်ဝင်းအောင်သေဆုံးမှုသည် သွေးရိုးသားရိုးသာဖြစ်ကြောင်း တုံ့ပြန်ပြောဆိုသည်။

"ညှဉ်းပမ်းနှိပ်စက်တာကို ကျနော်တို့လုံးဝမလုပ်ပါဘူး။ အကျဉ်းသားတွေကို စော်ကားအနိုင်ကျင့်တဲ့ကိစ္စတွေကို မဖြစ်အောင် တင်းတင်းကြပ်ကြပ် စည်းကမ်းသတ်မှတ်ထားတယ်"ဟု နအဖပြန်ကြားရေးအရာရှိတဦးကဆိုသည်။

ကိုသက်ဝင်းအောင်၏ ရက်လည်ဆွမ်းသွတ်အခမ်းအနားကို ရန်ကုန်မြို့ နေအိမ်တွင်ကျင်းပခဲ့သည်။



# ဗိုလ်သန်းရွှေ၏ သမီးထွေးမင်္ဂလာပွဲ ဗွီဒီယိုခွေကြောင့် ဆင်းရဲတွင်းနက်နေသော ပြည်သူလူထုဒေါသထွက်





သန္တာရွှေဝတ်ဆင်ထားသော စိန်တွေတန်ဖိုးနှင့် ဗိုလ်သန်းရွှေအား လာဘ်စားမှုဖြင့် သေဒဏ်ချမှတ်နိုင်

တိုင်းပြည် ဆင်းရဲတွင်းနက်နေချိန်တွင် ပကာသနအလွန်အကျွံဖြင့် မင်းပွဲသဘင်ကဲ့သို့ ဆင်ယင်ကျင်းပသော ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ သမီးထွေးမင်္ဂလာဆောင် ဗွီဒီယိုအခွေကြောင့် ပြည်တွင်းပြည်ပမှ မြန်မာများအလွန်ဒေါသထွက်နေကြသည်။

မိနစ် (၂၀) ကြာသော ၎င်းဗွီဒီယိုအခွေသည် မကြာမီရက်များအတွင်းက ပြည်တွင်း၌ပျံ့နှံ့ခဲ့ပြီး၊ ချင်းမိုင်အခြေစိုက် ဧရာဝတီအင်တာနက်စာမျက်နှာတွင်လည်း ကြည့်ရှုနိုင်သဖြင့် ကမ္ဘာအရပ်ရပ်မှ မြန်မာများအကြားတွင် မကျေမနပ်ပြောဆိုမှုများ ပျံ့နှံ့လာခြင်းဖြစ်သည်။

ခြေစွန်းမှခေါင်းဖျားအထိ စိန်များဝတ်ဆင်ထားပြီး၊ လည်တိုင်အပြည့် စိန်များဝတ်ဆင်ထားသော ဗိုလ်ချုပ်သန်းရွှေသမီးထွေး၏ မင်္ဂလာဆောင်ဗွီဒီယိုအခွေကို ကြည့်ခဲ့သူ ရန်ကုန်မှ လူငယ်တဦးက "ဒီလောက်တန်ဖိုးကြီးတဲ့စိန်တွေ တသက်နဲ့တကိုယ်တခါမှ မမြင်ဖူးဘူး"ဟု မှတ်ချက်ချသည်။

အမည်မဖော်လိုသူနောက်တဦးကလည်း "ဒါကြမ်မှာင်နေတဲ့ကိစ္စပဲ။ ကိုယ့်အထုပ် ကိုယ်ဖြေပြနေတာ။ လူတွေငတ်နေတုန်းမှာ သူတို့မို့ အရှက်မရှိလုပ်ပြရဲတာ"ဟုဆိုသည်။

၎င်းဗွီဒီယိုအခွေတွင် တပ်ချုပ်ကြီးသမီးနှင့်သတို့သားတို့အတွက် ရွှေသားမွမ်းမံထားသော အိပ်ယာကုတင်၊ အဆင့် (၄) ဆင့်ပါသော မင်္ဂလာကိတ်မုန့်နှင့် မင်္ဂလာမောင်နှံတို့ ရှန်ပိန်ငှဲ့နေသောရိုက်ကွက်များလည်းပါဝင်သည်။

ရန်ကုန်မှ ဆရာတော်တပါးက "သူများတွေကို လာဘ်စားတယ်ဆိုပြီး ဖြုတ်ပစ်နေတဲ့ ဗိုလ်ချုပ်သန်းရွှေသမီးက ဒီလောက်များတဲ့ စိန်တွေဘယ်ကရတာလဲ။ သူ့သမီးဝတ်ထားတဲ့စိန်တွေတန်ဖိုးက ဗိုလ်ချုပ်သန်းရွှေကို လာဘ်စားမှုနဲ့ သေဒဏ်ချလို့ရလောက်တယ်" ဟု အမိန့်ရှိသည်။

နအဖအရာရှိကြီးများ၊ ပန်းရောင်ဝတ်စုံများဝတ်ဆင်ထားသော ကတော်များနှင့် နာမည်ကြီးစီးပွားရေးသမားများသာ တက်ရောက်ခွင့်ရသော မင်္ဂလာပွဲသို့ ဗိုလ်ချုပ်ကြီးကိုမျက်နှာလုပ်ကာ လက်ဖွဲ့ကြသော မင်္ဂလာလက်ဖွဲ့ပစ္စည်း စုစုပေါင်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ သန်း (၅၀) ၊ မြန်မာကျပ်ငွေ သန်း (၅သောင်းခန့်) ရှိပြီး မင်္ဂလာအခမ်းအနားကုန်ကျစရိတ်မှာ ဒေါ်လာ (၃) သိန်း (မြန်မာကျပ်ငွေ သိန်း ၃၀၀၀) ကျော် ကြောင်း ဧရာဝတီသတင်းကဆိုသည်။

မင်္ဂလာပွဲမတိုင်ခင်လပိုင်းက စိန်ဈေးကွက်တွင် စိန်တရတီကို သိန်း (၄၀) ကျော်ခုန်တက်ခဲ့ကြောင်း သတင်းများကဆိုသည်။

စစ်တပ်အသိုင်းအဝိုင်းနှင့် စီးပွားလုပ်ငန်းရှင်များမှ လက်ဖွဲ့သော အိမ်၊ ကားနှင့်အခြားလက်ဖွဲ့ပစ္စည်းတန်ဖိုးသည် မြန်မာပြည်မှ လူသန်း (၅၀) ကျော်အတွက် စစ်အစိုးရက နှစ်စဉ်အသုံးပြုနေသော ကျန်းမာရေးစောင့်ရှောက်မှု အသုံးစရိတ်ထက် (၃) ဆပိုများနေသဖြင့်လူထုက မုဒိတာမပွားနိုင်ဘဲ ဒေါသထွက်နေကြသည်။

သန္တာရွှေသည် ကုန်သွယ်ရေးဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဗိုလ်မှူးဇော်ဖိုးဝင်းနှင့် လက်ထပ်ခဲ့ခြင်းဖြစ်ပြီး မင်္ဂလာအခမ်းအနားကို ဇူလိုင် (၂) ရက်နှင့် (၃) ရက်နေ့များတွင် ရန်ကုန်မြို့၊ ကုန်းမြင့်သာယာရှိ ဇေယျာသီရိဗိမာန်နှင့် စစ်အုပ်စုရုံးစိုက်ရာကြပ်ပြေးတို့တွင် ကျင်းပခဲ့သည်။

မင်္ဂလာအခမ်းအနား ဗွီဒီယိုအခွေကို ကြည့်ပြီးသူတိုင်းက တပ်ချုပ်ကြီးသမီးထွေး၏ မင်္ဂလာပွဲသည် ကြုံဖူးကြားဖူးသမျှ မင်္ဂလာပွဲများတွင် အကြီးကျယ်ဆုံးနှင့် အကုန်အကျအများဆုံးဖြစ်ကြောင်း မှတ်ချက်ချကြသည်။

မင်္ဂလာအခမ်းအနားကျင်းပစဉ်က မင်္ဂလာပွဲသို့လာရောက်မည့်သူများကို သေသေချာချာ စစ်ဆေးခဲ့သည့်အပြင် အခမ်းအနားမှတ်တမ်းဗွီဒီယိုကိုလည်း စစ်ဖက်ကသာတာဝန်ယူခဲ့ပြီး အရပ်ဘက်မှ ရန်ကုန်မှနာမည်ကြီးဗွီဒီယိုရိုက်ကူးသူ စိုင်းဘုန်းထူးတဦးသာ တရားဝင်ရိုက်ကူးခွင့်ရခဲ့သည်။

စိုင်းဘုန်းထူးက မိမိရိုက်ကူးတည်းဖြတ်ပြီးစီးသော အခမ်းအနားမှတ်တမ်းခွေကို ကာယကံရှင်များထံအပြီး အပ်နှံပြီးဖြစ်သဖြင့် ဗွီဒီယိုအခွေပျံ့နှံ့နေသည့်ကိစ္စမှာ မိမိနှင့်မသက်ဆိုင်ကြောင်းငြင်းဆိုသည်။

လွန်ခဲ့သော (၅) နှစ်ကလည်း ရန်ကုန်ဆီဒိုးနားဟိုတယ်တွင်ပြုလုပ်ခဲ့သော အာဏာရှင်ဗိုလ်ချုပ်နေဝင်း၏ အသက် (၉၀) ပြည့်မွေးနေ့ ဗွီဒီယိုအခွေ၊ ဗိုလ်နေဝင်း၏သမီးဒေါ်စန္ဒာဝင်းနှင့်အေးဇော်ဝင်းတို့၏ မင်္ဂလာနှစ်ပတ်လည်ဗွီဒီယိုအခွေများလည်း လူထုကြားသို့ ပျံ့နှံ့ခဲ့သည်။

ထိုသို့ပျံ့နှံ့ပြီးနောက်တနှစ်တွင် အာဏာရှင်ဗိုလ်နေဝင်းကွယ်လွန်ပြီး ဒေါ်စန္ဒာဝင်း၏ မိသားစုတစုလုံးလည်း ဖမ်းဆီးခံခဲ့ရသည်ကို ထောက်ပြ၍ အာဏာရှင်ဗိုလ်သန်းရွှေမိသားစု၏နေဝင်ချိန်လည်း မကြာမီရောက်လာတော့မည်ဟူသော နိမိတ်ဖတ်မှုများလည်း ပျံ့နှံ့နေသည်။ ❖

**လက်ဖွဲ့သော အိမ်၊ ကားနှင့်အ ခြားလက်ဖွဲ့ပစ္စည်းတန်ဖိုးသည် မြန်မာပြည်မှ လူသန်း (၅၀) ကျော်အတွက် စစ်အစိုးရက နှစ်စဉ်အသုံးပြုနေသော ကျန်းမာရေးစောင့် ရှောက်မှုအသုံးစရိတ်ထက် (၃) ဆပိုများနေသဖြင့်လူထုက မုဒိတာမပွားနိုင်ဘဲ ဒေါသထွက်နေကြသည်။**

# ညွှန်ချုပ်နောက်တယောက်ကို ထောင်ဒဏ် (၆၆) နှစ်ချလိုက်ပြီ

ဇွန်လအတွင်း အဖမ်းခံထားရသော အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး ခင်မောင်လင်းကို လာဘ်ပေးလာဘ်ယူမှုနှင့် ပြီးခဲ့သည့်လကုန်ပိုင်းတွင် ထောင်ဒဏ် (၆၆) နှစ် ချမှတ်လိုက်ပြီဖြစ်သည်။ ၎င်းအား အင်းစိန်ထောင်တရားခုံရုံးက ပြစ်မှုပေါင်း (၁၁) မှုဖြင့်တရားစွဲကာ ယင်းသို့ နှစ်ရှည်ထောင်ဒဏ်ချမှတ်လိုက်ခြင်းဖြစ်ကြောင်း တရားရုံးချုပ်နှင့်နီးစပ်သော သတင်းများကဆိုသည်။ တရုတ်–မြန်မာနယ်စပ်၊ နာမည်ကြီး (၁၀၅) မိုင်အကောက်ခွန်ဂိတ်တွင် လာဘ်ပေးလာဘ်ယူမှုများကြောင့် ဦးခင်မောင်လင်းအပါအဝင် ရန်ကုန်အကောက်ခွန်အရာရှိများ၊ (၁၀၅) မိုင်ဂိတ်မှဝန်ထမ်းများ ရာနှင့်ချီအဖမ်းခံခဲ့ရသည်။

ယခုကိစ္စကို အဓိကဖော်ထုတ်ခဲ့သူ ဗိုလ်ချုပ်မြင့်လှိုင်နှင့် (၁၀) မိုင်ဂိတ်မှ အကောက်ခွန်အရာရှိများအကြား အပေးအယူမတည့်ရာမှ လူသိရှင်ကြားအခြေအနေပေါ်ပေါက်လာခြင်းဖြစ်ကြောင်း တရုတ်–မြန်မာနယ်စပ်မှ ဦးအောင်ကျော်ဇောကပြောသည်။ ဗိုလ်ချုပ်မြင့်လှိုင်နှင့် အပေးအယူလုပ်ထားသော လားရှိုးမှကုန်သည်များသည် (၁၀၅) မိုင်ဂိတ်သို့ဖြတ်သန်းသောအခါ စစ်ဆေးခံရမှုများရှိသည်ကို ဗိုလ်ချုပ်မြင့်လှိုင်က အခဲမကျေဖြစ်ရာမှ ယင်းအကောက်ဂိတ်မှဝန်ထမ်းများအပေါ် အငြိုးထားခဲ့ခြင်းဖြစ်သည်။ ဗိုလ်ချုပ်မြင့်လှိုင်သည် နအဖ နံပါတ် (၂) ခေါင်းဆောင် ဗိုလ်ချုပ်မောင်အေး၏ နီးစပ်သူဖြစ်ပြီး၊ အရေးယူခံရသော ဗိုလ်မှူးကြီးဟောင်းမှာ ဗိုလ်ချုပ်သန်းရွှေ၏ဘက်တော်သားဖြစ်သော်လည်း ယခုကိစ္စတွင်၊ အာဏာလွန်ဆဲ့မှုနှင့်မဆိုင်ဘဲ ဝေစားမျှစား မတည့်သောကိစ္စသာဖြစ်ကြောင်း သုံးသပ်သူများကဆိုသည်။ ❖

# မှတ်မိနေဆဲ ဟိုနားတစ ဒီနားတစ ရှစ်လေးလုံးကာလ



စောဝေ

**အခုကျမှ ပေါ်လာလိုက်တဲ့သမဂ္ဂတွေ၊ အဖွဲ့အစည်းတွေ၊ ဘာတွေညာတွေ အစုံပဲကွာ။ တခါမှမကြားဘူးတဲ့ နိုင်ငံရေးသမားကြီးတွေဆိုလား" သခင်ခေတ်က သခင်ပျက်တွေဆိုလား၊ အို စုံလို့စုံလို့**

အစပိုင်းမှာတော့ တပ်မတော်ကအတ္တသမားကြီးပြောသလိုဘဲ တည့်တည့်ပစ်ပါတယ်။ နေ့မထွက်ရ၊ ညမထွက်ရ၊ လူ (၅) ဦးထက်မပိုရစတဲ့ ပုဒ်ထီး၊ ပုဒ်မတွေကို စုံနေအောင်လည်းထုတ်ပါတယ်။ ကျောင်းသားထုကြီးကလည်း အနိုင်မခံအရှုံးမပေး ပြိမ့် ဟောမြဲပါဘဲ။ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ သင်္ဃန်းကျွန်းဘက်တွေမှာဆိုရင် ပြည်သူလူထုတွေလည်းပူးပေါင်းပြီး ကျောင်းသားတွေနဲ့ အတူ တိုက်ပွဲဝင်ကြတာကြားရတာ အားရစရာပါဘဲ။ အဲဒီမှာ သူရဲကောင်း "ယောင်ကြီးပွေ"တို့လိုလူမျိုးတွေထွက်ပေါ်လာတော့တာပါဘဲ။ ကျောင်းသားတွေထဲမှာလည်း သပိတ်ခေါင်းဆောင်၊ သမဂ္ဂခေါင်းဆောင်တွေ အမြောက်အများထွက်ပေါ်လာပါတယ်။ အဲဒီထဲမှာ ပြည်သူတွေအမှတ်ရရဖြစ်တဲ့နာမည်တွေကတော့ မင်းကိုနိုင်၊ နေဝင်းနိုင် စတဲ့နာမည်တွေပေါ့။ စာစောင်တွေလည်း အမြောက်အများထွက်ပေါ်လာပါတယ်။ တိုင်းပြည်မှာလဲအုပ်ချုပ်ရေးစနစ် စတင်လျှော့ရဲလာပြီးလေ။ စာစောင်တွေက ဘယ်ဝန်ကြီး၊ ဘယ်ဗိုလ်ချုပ်တွေ ဘာမကောင်းတာတွေ လုပ်ခဲ့တယ်ဆိုတာတွေကို အများအပြားရေးကြတာပါပဲ။ ဗိုလ်ချုပ်ကြီးနေဝင်းအကြောင်းကတော့ အဓိကပေါ့။ အရေးတော်ပုံနေ့စဉ်ထုတ်စာစောင်ကတော့ နေဝင်းအကြောင်း အကျင့်စရိုက်ကို ဖြန်းဖြန်းကွဲရေးချလိုက်တာဖတ်ရတာကောင်းမှကောင်း၊ မင်းသားမျက်နှာဖုံးစွပ်ဘီလူးယုတ်ကြီးလို့ မှတ်ထားရပါတော့တယ်။

ဒီလိုနဲ့ ရှစ်လစ်လုံးဆန္ဒပြပွဲကြီးဟာ ကျောင်းသားထုဦးဆောင်မှုအောက်မှာ ဟိုတကွက် ဒီတကွက်ကနေ ပြည်သူလူထု၊ ရဟန်းရှင်လူ၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ အနုပညာရှင်အပေါင်း အားလုံးပါဝင်လာတော့တာပါပဲ။ ရှစ်လေးလုံးသပိတ်မှသည် အထွေထွေသပိတ်ကြီး၊ လူထုအုံကြွဆန္ဒပြပွဲကြီးသို့ ရောက်ရှိလာပါတော့တယ်။ အဲဒီအချိန်မှာတော့ ဗိုလ်နေဝင်းဟာ သူ့အစိုးရအဖွဲ့ထဲမှာ သူဟာ ရှေ့မထွက်လာတော့ဘဲ နောက်ကွယ်ကပဲ စီမံခန့်ခွဲပါတော့တယ်။ ဗိုလ်ချုပ်စိန်လွင်ကို ရာထူးတက်ပေးပြီး သမတလုပ်ခိုင်းပါတယ်။ ဇာတ်ကြမ်းတိုက် ခြိမ်းခြောက်ခိုင်းတာပေါ့။ ပြည်သူလူထုကတော့ လုံးဝဂရုမစိုက်တော့ဘဲ သမတစိန်လွင်ကို ဘွဲ့ထူးပေးလိုက်ပါတော့တယ်။ "စိန်လွင်ခြောက်တန်း၊ တစောက်ကန်း"တဲ့။ မကြာပါဘူး စိန်လွင်လည်းဆင်းပြေးပြီး ဘုန်းတော်ကြီးဘဝရောက်သွားပါတယ်။ အဲဒီတော့ ဗိုလ်နေဝင်းက အလျှော့မပေးသေးဘဲ နိုင်ငံတော်ကောင်စီဝင် ဒေါက်တာမောင်မောင်ကို သမတရာထူးပေးပြန်တယ်။ ဒေါက်တာမောင်မောင်က ပျော့ပျော့နဲ့နှံတဲ့ကြောင်ချေးပေါ့။ လေချိုသွေးပြီး" မစောင့်နိုင်တော့ဘူးလားဗျာ။ တဖြည်းဖြည်းနဲ့နိုင်ငံတော်ကြီး ပြုပြင်ပြောင်းလဲပြီးတော့ ဒီမိုကရေစီရပြီးမှ ကျောင်းသားသမဂ္ဂကြီးကို ပျော်ပျော်ပါးပါးအုတ်မြစ်ချကြတာပေါ့ဗျာ"လို့ပြောပါတယ်။ နဂိုကမှ စစ်အာဏာရှင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအဖွဲ့ကြီးကို ခါးခါးသီးသီးမုန်းတီးနေကြတာ ဒီလောက်လေချိုကလေးနဲ့ ကလိမ်စေ့ဉာဏ်ဆင်ချင်လို့တော့ ဘာရတော့မှာလဲ။ သွားပြန်ရော နောက်တယောက်။ သူ့ကိုလည်း ပြည်သူတရပ်လုံးကဘဲ နာမည်ပေးကင်ပွန်းတပ်လိုက်ပါသေးတယ်။ "နဖူးပြောင်ပြောင် ဦးမောင်မောင်"တဲ့။ နောက်ဆုံးတော့ စောစောက ကျနော်ပြောခဲ့သလိုပါပဲ မဆလပါတီကြီး ပြုတ်ကျသွားပါတော့တယ်။

"ဟာ .... သူငယ်ချင်း၊ ဘယ်ကနေမျက်စိလည်လာတာလည်း လုပ်စမ်းပါဦး" "လာ .... လ္ဘက်ရည်ဆိုင်သွားကြစို့။ အေးအေးဆေးဆေး စကားပြောကြတာပေါ့" ဆန္ဒပြပွဲကြီးကာလ ပစ်ကျခတ်ကျကာလကတည်းက ယခုမှပြန်တွေ့ရသော သူငယ်ချင်း စပ်စုမောင် (နာမည်ရင်းမဟုတ်ပါ) ကို အမှတ်မထင်တွေ့ရ၍ ဝမ်းသာအားရကြိုဆိုမိပါတယ်။ "အေး .... ငါလဲ မင်းနဲ့ဘဲတွေ့ရအောင်လာခဲ့တာပါ။ လာသွားကြတာပေါ့။" ဆိုင်ရောက်တော့ သူကပဲ စတင်ပြီးပြောပါတယ်။ "ဒိုးဝေးကောင်၊ မင်းလည်း ဒီရှစ်လေးလုံးအရေးတော်ပုံမှာ တဖက်တလမ်းကပါနေတယ်ဆိုတာ ငါတို့သမဂ္ဂထဲဝင်ပါကွာ၊ အဲဒါ ငါလာပြောတာ ခတ်ပုံ (၂) ပုံနဲ့ အမက (၁) ဗဟိုကျောင်းကိုလာခဲ့ပါ။ ဒီနေ့ဘဲ ဆက်ဆက်လာခဲ့ကွာ။ ငါရှိနေမယ်။" "အေး .... ဒီလိုဆိုလဲဝင်ရတာပေါ့။ ဒါနဲ့ နေစမ်းပါအုံး။ အခုကျမှပေါ်လာလိုက်တဲ့ သမဂ္ဂတွေ၊ အဖွဲ့အစည်းတွေ၊ ဘာတွေညာတွေ အစုံပဲကွာ။ တခါမှမကြားဘူးတဲ့ နိုင်ငံရေးသမားကြီးတွေဆိုလား။" သခင်ခေတ်က သခင်ပျက်တွေဆိုလား၊ အို စုံလို့စုံလို့ ငါတော့ခုမှကြားဖူးတော့တယ်။ လင်းပါဦးဟ" "ဒါကတော့ ဒီလိုရှိတယ် သူငယ်ချင်းရ၊ ခုချိန်မှာက အချိန်ကောင်းလေ။ သူတို့အတွက်က ဒီအချိန်အခါကို လက်လွှတ်မခံနိုင်ဘူးလေ။ အဲဒီတော့ သူတို့လုပ်ခဲ့တာလေးတွေကို စမြို့ပြန်ပြောပြ။ ဘယ်နေရာ၊ ဘယ်ပါတီ၊ ဘယ်အဖွဲ့အစည်းတွေမှာ လူကြီးဝိုင်းကနေ ထိုင်ချင်ကြတာပေါ့။ အသက်ကြီးလာတော့လဲ အထိုင်ကောင်းကောင်းရှာတဲ့သဘောလဲပါတာပေါ့။ အဲဒီထဲမှာ တကယ်လုပ်မဲ့လူစွမ်းကောင်းမျိုးလဲပါမှာပေါ့။ အီးယောင်ဝါးလုပ်တဲ့လူလဲပါမှာပေါ့။

တကယ်လုပ်မဲ့လူတန်းစားထဲမှာတော့ ဒေါ်အောင်ဆန်းစုကြည်ကို ငါထောက်ခံတယ်ကွ" သူငယ်ချင်းက စကားကိုခေတ္တရပ်ပြီး ခပေါင်းစီးကရက်ကို တချက်ဖွာရှိုက်ပြီး စကားကိုဆက်ပြန်တယ်။ "နောက်ပြီးတော့ ငါတို့ကျောင်းသားတွေဟာလည်း နိုင်ငံတော်မှာ ဝန်ကြီးချုပ်တို့ သမတတို့၊ အမတ်မင်းတို့ ဘာတို့လုပ်ဖို့ ဆန္ဒမရှိပါဘူး။ ကျောင်းသားအခွင့်ရေးကို အပြည့်အဝရပြီး ပညာကိုဆက်သင်ပြီး ပညာတတ်ကြီးတွေဖြစ်ဖို့ကိုပဲလိုလားကြတာပါ။ ဒါကိုတော့ မင်းရော ငါရောသိပါတယ်" "အေး .... ဒါဘဲကောင်းပါတယ်ကွာ။ ကဲ .... လ္ဘက်ရည်တွေအေးတော့မယ်။ သောက်ကြစို့။ ပြီးရင် ဓာတ်ပုံပြန်ယူပြီး မင်းဆီလိုက်ခဲ့မယ်။"

သမဂ္ဂအဖွဲ့ဝင်အဖြစ် အသိအမှတ်ပြုကတ်စ္စများဝင်လုပ်ပြီး အပြန်၌ လမ်းမှာရောင်းချသောစာစောင်များကိုဝယ်လာပြီး အိမ်၌ အေးအေးဆေးဆေးထိုင်ဖတ်ဖြစ်ခဲ့တယ်။ အလိုလေးများလိုက်တဲ့ သမဂ္ဂတွေအဖွဲ့အစည်းတွေ၊ တချို့ ဆိုရင်အိမ်ရှင်မများသမဂ္ဂ၊ သဘာဝအလှဖန်းတီးသူများသမဂ္ဂတွေတောင်ပါလာပါသေးတယ်။ ထိုအချိန်တွင် ကျနော်တင်ပြခဲ့သလိုပင် အရင်ကမသိခဲ့ရသော နိုင်ငံရေးသမားကြီးများလည်း မိုးဦးကျ မှိုပေါက်သကဲ့သို့ အများအပြားပေါ်လာကြပါတယ်။ ဦးတင်ဦး၊ ဒေါ်စု၊ ဦးနုတို့က ဒီမိုကရေစီအဖွဲ့ချုပ်တည်ထောင်ပြီးမကြာမီ ဦးနုနှင့် ဦးအောင်ကြီးတို့ကခွဲထွက်ပြီး ဒီမိုကရေစီနှင့်ငြိမ်းချမ်းခေါ်သော ဒီငြိမ်းကိုထူထောင်လိုက်ကြပြန်သည်။ တဆက်တည်းမှာပင် ယှဉ်ပြိုင်အစိုးရဖွဲ့ရန်ပြောပြန်သည်။ ထိုအချိန်က ကျနော့်အထင်မှာ မဆလအစိုးရပြုတ်ကျသွားပြီးဖြစ်သဖြင့် ယှဉ်ပြိုင်ရမည့်အစိုးရမရှိဟု ထင်ပါသည်။ သို့သော်လည်းကိုယ်ကဘာမဂဃနဏနားမလည်၍ အများနည်းတူ စောင့်၍သာကြည့်နေရပါသည်။ ကြားရသောသတင်းများကလည်း မရောင်ရာဆီလူးပုံစံမျိုးများဖြစ်နေသည်ဟုထင်မိပါသည်။ ဒေါ်စုကလည်း သူ့ဖခင် ဗိုလ်ချုပ်အောင်ဆန်း တည်ထောင်ဖွဲ့စည်းခဲ့သော စစ်တပ်ကြီးဟူ၍ တပ်မတော်အပေါ် အယုံအကြည်များခဲ့သည်။ သူမ၏ ဖြူစင်ရိုးသားစိတ်ဖြင့် အရာရာကို အေးအေးဆေးဆေးနူးညံ့သောသဘောဖြင့်သာလုပ်ဆောင်စေချင်သည်။

"ဂျပန်ကလာတဲ့သွပ်တွေ တချပ်ကိုဆယ့်ငါးကျပ်။ ကြိုက်တာယူ ဆယ်ငါးကျပ်" ဂိုဒေါင်နှင့်မနီးမဝေးတွင် ဈေးပွဲတော်ကြီးကစည်းကားနေသည်။ " ဆယ့်ငါးကျပ်မလျှော့ဘူးလား။ များများယူမယ်လေ" "ဘယ်လောက်ယူမှာလဲ""အခုခင်ဗျားရှိသလောက်ကိုယူမှာ" "ဒါဆိုတဆယ်နဲ့ယူသွား" "ဟာဗျာ .... အကုန်ယူမဲ့ဟာဆိုတော့ ငါးကျပ်ထားလိုက်ပါ။ ဆယ့်ငါးကျပ်တန်တရွက်ကို (၃) ချပ်နှုန်းပေါ့ဗျာ" "ကောင်းပြီ။ ဒါဆိုယခုရှိတာတွေရေတွက်ထားလိုက်။ ခဏကြာရင် ဒီထက်မကရောက်လာဦးမှာ"အရောင်းအဝယ်ကတည့်သွားလိုက်ကြသည်။ ခေတ်ပျက်သူဌေးများပေါ်လာကြသည်။ ငွေကလည်းရှားပါးလှသောကြောင့် ဂိုဒေါင်များဖောက်ပြီး ငွေရှာကြတာပါ။ တကယ်တော့ ဂိုဒေါင်ဖောက်ဆင်းရဲသားများက မချမ်းသာဘဲ ခေတ်ပျက်တုန်း စီးပွားရှာကြသူများသာ ချမ်းသာသွားကြပါသည်။ အိမ်ရိုက်သံများလည်း အထုပ်လိုက် ဈေးပေါပေါဖြင့် ရောင်းချဝယ်ယူကြပါသည်။ ၅လက်မ၊ ၆လက်မ သံထုပ်များကို လုယက်ဝယ်ကြသည်။ ဂျင်ကလိလုပ်ရောင်းကြသည်။ ရှစ်လေးလုံးအရေးတော်ပုံကြီးတွင် ဂျင်ကလိလက်နက်ဆန်းကလည်း အလွန်ခေတ်စားလှပါသည်။ "ဟောဒီမှာ ပဒုမ္မာဆိုင်မှာဘဲရောင်းတဲ့ ငါးသေတ္တာတွေတဗူးမှ နှစ်ကျပ်။ ကြိုက်သလောက်ယူ။ လာပါ လာပါ။ တဗူးနှစ်ကျပ်""ဟာ .... များတယ်။ တကျပ်ထားပါ အလုံး (၂၀) ယူမယ်" "ဟုတ်တယ် ဟုတ်တယ် ကျမတို့လည်းယူမယ်" "ကဲကဲ .... ထားပါတယ် ယူကြပါ ယူကြပါ" ငါးသေတ္တာဂိုဒေါင်လည်း မကျန်ဖောက်ကြပါသည်။ ပဒုမ္မာဆိုင်ဆိုသည်မှာ မဆလတခေတ်မှာ မဆလလူကြီးမင်းများသာ ဝယ်ယူခွင့်ရရှိထားသော ဆိုင်ဖြစ်ပါသည်။ အပြင်လူတွေအတွက် လုံးဝမရောင်းချပေးပါ။ ထိုဆိုင်တွင် ဈေးနှုန်းချိုသာ၍ ပစ္စည်းကောင်းများသာရောင်းပါသည်။ မဆလ၏ လူတန်းစားခွဲခြားသောစနစ်တခုဖြစ်ပါသည်။

မကြာလိုက်ပါ ဂိုဒေါင်ဖေါက်သောသူများကို စစ်တပ်က စတင်၍ ပစ်ခတ်ပေးရပါတော့သည်။ ထိုအချိန်တွင် အင်းစိန်ထောင်ကြီးထဲမှ ထောင်သားများအားလုံးကို လွှတ်ပေးထားပြီးဖြစ်သည်။ ထောင်တွင်းလူမိုက်ကြီး အမြောက်အများလည်း ပြင်ပတွင်ရောက်ရှိနေကြပြီဖြစ်ပါသည်။ ဗိုလ်နေဝင်းနှင့် နောက်လိုက်တစု၏ အကြံအစည်ဖြစ်ပါသည်။ အုပ်ချုပ်ရေးယန္တရားပျက်စီးနေချိန်တွင် အရပ်ထဲတွင် ပြဿနာပေါင်းစုံဖြစ်နေစေချင်သော ဗိုလ်နေဝင်း၏စေတနာဆိုလျှင်လည်း မမှားတော့ပါ။ ဤသို့ဖြင့် ကျနော်တို့ပြည်သူလူထုများသည် ညညဆို ကိုယ့်ရပ်ကိုယ့်ရွာတွင် ကင်းစောင့်၍ လုံခြုံရေးတာဝန်များကို ယူရပါတော့သည်။ ရပ်ကွက်အဝင်အထွက်နေရာများတွင် (၂၄) နာရီ ကင်းစခန်းများချထားရပါသည်။ ရပ်ကွက်ထဲသို့ ရောင်တော်ပြန်များဝင်၍မရအောင် သတိထားစောင့်ကြပ်နေကြပါသည်။ ထိုအချိန်က ခေါ်ကြသော ရောင်တော်ပြန်ဆိုသည်မှာ ဗိုလ်နေဝင်း၏ မဆလပြုတ်အဖွဲ့မှလူများကို ငွေပေးငှားရမ်းပြီး ပြည်သူလူထုအတွင်းဝင်ရောက်၍ အများပြည်သူများ အတိဒုက္ခရောက်အောင် တမင်ပြုလုပ်ခိုင်းသောသူများကို ရောင်တော်ပြန်ဟုခေါ်ကြပါသည်။ အချို့ရပ်ကွက် အတော်များများသည် ၎င်းတို့လက်ချက်ကြောင့် ခံလိုက်ရသူများမနည်းပေ။

ဤသို့ပုံဖြင့် ကျနော်တို့သည် ဘာတွေဖြစ်လာမလဲ ဒီမိုကရေစီရတော့မှာလား မြန်မြန်ရချင်နေပြီး ကိုယ်က ဘာမှလုပ်နိုင်သောသူမဟုတ် အထက်ရှိ အကြီးအကဲများကသာလုပ်ကိုင်ဆောင်ရွက်နိုင်ပေမည်။ ဤအချိန်တွင် မြန်မာ့အသံ မြန်မာ့ရုပ်သံနှင့် ထုတ်ဝေနေကြ သတင်းစာ (၄) စောင်တို့မှာလည်း သတင်းမှန်များ၊ အဖြစ်မှန်များကိုသာ ရွေးချယ်၍ ပေးနေကြပြီး ယခင့် ယခင် ကလိမ့်စေ့ငြမ်းဆင်ဝါရေသတင်းများကို လုံးဝထုတ်လွှင့် မရေးသားကြတော့ပါ။ ထိုအချိန်ခါကဖတ်ရသောသတင်းစာများသည် သတင်းစာအမှန်အကန်များဖြစ်နေပြီး ရုပ်/သံ ထုတ်လွှင့်မှုအစီစဉ်တွင်လည်း အမှန်သတင်း အမှန်ဖြစ်ရပ်များကိုသာ ထုတ်လွှင့်တင်ဆက်ကြပါသည်။ ထိုအချိန်က သတင်းများကို ကြေငြာပေးကြသူများဖြစ်သည့် ဦးသိန်းလှမော်၊ ဦးခင်မောင်ငြိမ်း၊ ဒေါ်မြနှစ်၊ စသောသူများ၏ သတင်းကြေငြာပုံများသည် စိတ်လက်ပေါ့ပါးပြီး အပူသောကများကင်းဝေးပြီး ကြည်လင်တောက်ပသောမျက်နှာများဖြင့် ကျက်သရေရှိလှပါတော့သည်။

နောက်လတွင်ဆက်လက်ဖော်ပြပါမည်။

# မြန်မာနှင့်အရှေ့တောင်အာရှတွင် အလုပ်လက်မဲ့လူငယ်ဦးရေ ပိုများလာနေဟု ကမ္ဘာ့အလုပ်သမားအဖွဲ့၏ အစီအရင်ခံစာတွင် ထုတ်ပြန်

ကမ္ဘာ့အလုပ်သမားအဖွဲ့ကြီးက နိုဝင်ဘာလ (၁) ရက်နေ့တွင်ထုတ်ပြန်သောအစီရင်ခံစာအရမြန်မာနှင့် အရှေ့တောင်အာရှနိုင်ငံများတွင် အလုပ်လက်မဲ့လူငယ်ဦးရေမှာ လွန်ခဲ့သော (၁၀) နှစ်အတွင်း (၁) ဒသမ (၈) ရာခိုင်နှုန်းပိုများလာသည်ဟု ဖော်ပြသည်။

အသက် (၁၅) နှစ်နှင့် (၂၄) နှစ်အကြားအလုပ်လုပ်နိုင်သောလူငယ် (၃) ဦးအနက် (၁) ဦးသည် အလုပ်လုပ်လိုသော်လည်း အလုပ်ရှာမရဘဲဖြစ်နေသည်ဟု အစီရင်ခံစာကဆိုသည်။

အရှေ့တောင်အာရှဒေသသည် (၁၀) နှစ်အတွင်း အလုပ်လက်မဲ့လူငယ်ဦးရေနှုန်းမှာ(၂၅) ဒသမ (၇) ရာခိုင်နှုန်းတက်လာခဲ့သောအရှေ့အလယ်ပိုင်းနှင့် အာဖရိကမြောက်ပိုင်းဒေသများနှင့်နှိုင်းစာလျှင် အလုပ်လက်မဲ့ပြဿနာ အကြပ်အတည်းဆိုက်နေသော ဒေသတခုအခြေသို့မဆိုက်သော်လည်း စိုးရိမ်ဖွယ်ဖြစ်ကြောင်း အစီရင်ခံစာကဆိုသည်။



အရှေ့တောင်အာရှ၏ တိုးတက်လာသောလူဦးရေတွင် အလုပ်လက်မဲ့ဦးရေလည်း တိုးပွားလျက်ရှိသည်။

ကမ္ဘာ့တဝှမ်းလူငယ်များ၏ (၂၅) ရာခိုင်နှုန်း၊ လူငယ်သန်း (၃၀၀) ကျော်သည် နေ့စဉ်ဝင်ငွေ အမေရိကန်ဒေါ်လာ (၂) ဒေါ်လာထက်နည်းသော လုပ်အားခဝင်ငွေဖြင့် အသက်မွေးဝမ်းကျောင်းနေရသော အခြေအနေကိုလည်း အစီရင်ခံစာက မီးမောင်းထိုးပြထားသည်။

(၁၉၉၅) နှင့် (၂၀၀၅) ခုနှစ်အကြား ကမ္ဘာ့တဝှမ်း အလုပ်လက်မဲ့ဖြစ်နေသော လူငယ်ဦးရေမှာ (၇၄) သန်းမှ (၈၅) သန်းအထိတိုးများလာခဲ့သည်ဟု အစီရင်ခံစာကဆိုသည်။

ကမ္ဘာ့နိုင်ငံတချို့သည် စီးပွားရေးဖွံ့ဖြိုးမှုအထိုက်အလျောက်ရှိနေသော်လည်း လူငယ်များအား အလုပ်အကိုင်ဖန်တီးပေးရာတွင် အားနည်းသဖြင့် အလုပ်လက်မဲ့ဒဏ်ကို လူငယ်များခါးစည်းခံနေရကြောင်း အိုင်အယ်လ်အိုကထောက်ပြထားသည်။ ❖

# ထိုင်းတောင်ပိုင်းအကြမ်းဖက်မှုအတွင်း မြန်မာအလုပ်သမားတဦး ခေါင်းဖြတ်သတ်ဖြတ်ခံရ

အောက်တိုဘာ (၁၃)၊ TNA

အကြမ်းဖက်မှုဖြစ်ပွားနေသော ထိုင်းနိုင်ငံတောင်ပိုင်း နွန်းဂျစ်ခရိုင်အနီး၊ ပတာနီမြို့တွင် မြန်မာအလုပ်သမားတဦးကို အမည်မသိလက်နက်ကိုင်များက သေနတ်ဖြင့်ပစ်သတ်ပြီး ခေါင်းဖြတ်သည့်အမှုတခု ယမန်နေ့ကဖြစ်ပွားခဲ့သည်။

အသတ်ခံရသူမှာ အသက် (၄၀) ဝန်းကျင်ရှိပြီး ပုစွန်မွေးမြူရေးလုပ်ငန်းတခုတွင် အလုပ်လုပ်နေသူဖြစ်သည်။

ယမန်နေ့က နွန်းဂျစ်ခရိုင်ရှိ ဒေသရဲစခန်းသို့ လူခေါင်းပြတ်တခုတွေ့ရှိကြောင်း အကြောင်းကြားရာ တွေ့ရှိသည့်နေရာသို့ ရဲများအရောက်တွင် အဝေးထိန်းစနစ်ဖြင့် ထောင်ထားသော ဗုံးတလုံးပေါက်ကွဲခဲ့သည်။

ရဲအရာရှိများမှာ သံချပ်ကာကားအတွင်းတွင်ရှိနေသောကြောင့် ထိခိုက်ဒဏ်ရာရခြင်းမရှိဟုသိရသည်။

အသတ်ခံရသူနှင့် အတူပါသွားသည့် သမီးဖြစ်သူမှာ ကြိုးဖြင့်ချည်တုပ်ပြီး မျက်စိကိုအဝတ်ဖြင့် ပိတ်စည်းထားခြင်းခံရသည့်အတွက် ဖခင်ကိုသေနတ်ဖြင့်ပစ်သတ်၍ ခေါင်းဖြတ်ခြင်းကိုမမြင်လိုက်ရဟုဆိုသည်။ သမီးဖြစ်သူမှာ အသက် (၁၆) နှစ်အရွယ်ဖြစ်သည်။

ဤလုပ်ရပ်မှာ မြန်မာအလုပ်သမားကို သတ်ဖြတ်လိုသည်က အဓိကမဟုတ်ပဲ ဒေသခံရဲအရာရှိများကို လုပ်ကြံလိုခြင်းသာဖြစ်သည်ဟု ပတာနီအခြေစိုက် Raks Thai Foundation မှ ဝန်ထမ်းတဦးက ပြောသည်။

အာဏာပိုင်များက ယခုလုပ်ရပ်သည် ဒေသခံသောင်းကျန်းသူများ၏ လက်ချက်ဟု ယုံကြည်နေကြသည်။

ထိုင်းတောင်ပိုင်းတွင်ဖြစ်ပွားသော အကြမ်းဖက်မှုများအတွင်း ၂၀၀၄ ခုနှစ်အစောပိုင်းမှ ယခုအချိန်အထိ လူပေါင်း (၁,၇၀၀) အသက်ဆုံးရှုံးခဲ့ပြီဖြစ်သည်။

နွန်းဂျစ်ခရိုင်ရှိ ပုစွန်မွေးမြူရေးလုပ်ငန်းတွင်အလုပ်လုပ်နေသော မြန်မာမိသားစုမှာ သုံးဆယ်ခန့်ရှိပြီး ယခုကဲ့သို့ သတ်ဖြတ်ခံရခြင်းကြောင့် ကြောက်လန့်နေကြသည်ဟု ၎င်း ကပြောသည်။

❖

# မလေးရှားရောက် နိုင်ငံခြားသားအလုပ်သမားများကို အရပ်သားအဖွဲ့များက အကြမ်းဖက်နေ



မလေးရှားရှိ နိုင်ငံခြားသားအလုပ်သမားများတွင် တရားမဝင် မြန်မာနိုင်ငံသား (၇၀၀၀၀) ပါဝင်သည်။

မလေးရှားတွင် တရားမဝင်နိုင်ငံခြားအလုပ်သမားများကို ဖမ်းဆီးရာတွင် အစိုးရကကအာဏာလွှဲအပ်ထားသော ရေလား (RELA) အဖွဲ့သည် အလွန်အကျွံ အာဏာသုံး အကြမ်းဖက်နေကြောင်း မလေးလူ့အခွင့်အရေးအဖွဲ့တဖွဲ့က အောက်တိုဘာလကုန်ပိုင်းတွင် ထုတ်ဖော်ပြောဆိုလိုက်သည်။

နိုင်ငံခြားအလုပ်သမားများအား ဖမ်းဆီးရာတွင် ရေလားအရပ်သားအဖွဲ့သည် မလိုအပ်ဘဲ အကြမ်းဖက်မှုများပြုလုပ်နေသဖြင့် စုံစမ်းပေးရန် SUARAM မလေး လူ့အခွင့်အရေးအဖွဲ့က မလေးရှားလူ့အခွင့်အရေးအဖွဲ့ကြီးကို တိုင်တန်းလိုက်သည်။

ယခုလပိုင်းအတွင်း ရေလားအဖွဲ့၏ ကျူးလွန်မှုများဖြစ်သော နိုင်ငံခြားသားအလုပ်သမားများကို ရိုက်နှက်ခြင်း၊ နေအိမ်များအတွင်း အတင်းဝင်ရောက်စီးနင်းပြီး ပစ္စည်းများကိုဖျက်ဆီးခြင်း၊ တရားဝင်အလုပ်သမားလက်မှတ်ရှိသူများကိုပါ မှားယွင်းဖမ်းဆီးခြင်း၊ အလုပ်သမားပိုင်ပစ္စည်းများကို သိမ်းယူခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးသူငယ်၊ နေထိုင်မကောင်းသူ၊ မသန်စွမ်းသူများကို ဖမ်းဆီးခြင်းများပြုလုပ်နေသော အချက်အလက်များကို အဖွဲ့က စုံစမ်းတင်ပြထားသည်။

အာဏာအလွဲသုံးစားလုပ်ပြီး အလုပ်သမားများအား နိုင်ထက်စီးနင်းလုပ်နေသော ရေလားအဖွဲ့ကို ဖျက်သိမ်းပေးရန် တောင်းဆိုထားသော အစီရင်ခံစာတွင် ထိန်းသိမ်းရေးစခန်းများ၏ ဆိုးဝါးသောအခြေအနေများကိုလည်း ထောက်ပြထားသည်။

ထို့အပြင်မလေးရှားအစိုးရကို နိုင်ငံတကာအလုပ်သမားအခွင့်အရေး စာချုပ်စာတမ်းများတွင် လက်မှတ်ထိုးရေးဖိအားပေးရန် SUARAM အဖွဲ့က မလေးရှားလူ့အခွင့်အရေးအဖွဲ့ကို တိုက်တွန်းထားသည်။

မလေးရှားတွင် အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံမှ နိုင်ငံခြားအလုပ်သမား (၂) သန်းခွဲခန့်ရှိပြီး၊ ၎င်းတို့တွင် တရားမဝင် မြန်မာအလုပ်သမား (၇၀,၀၀၀ ) ရှိကြောင်းသိရသည်။ ❖

**မင်းဆိုးကို မိုးကြိုးပစ်ဖြို**

# ဆူနာမီအတွင်းကသေဆုံးသွားသော မြန်မာအလောင်း (၄၀၀) ကျော်မြေမြှုပ်



ဆူနာမီအတွင်းသေဆုံးသွားသူများအတွက် ဆွမ်းသွပ်တရားနာနေစဉ်



ဆူနာမီအတွင်းသေဆုံးသွားသော မြန်မာအလောင်းများ

ထိုင်းနိုင်ငံတောင်ပိုင်းတွင် ဆူနာမီအတွင်းကသေဆုံး၍ ဆွေမျိုးရှာမရသော မြန်မာအလောင်း (၄၂၂) လောင်းကို တက်အာဖခရိုင်အတွင်းရှိ၊ ဘန်မောင်းရွာ သုသာန်တွင် အောက်တိုဘာ (၁၇) နေ့က စတင်မြေမြှုပ်သင်္ဂြိုလ်သည်။

ဆွေမျိုးမသိသောအလောင်းများကို ဒီအဲန်အေစစ်ဆေးထားသော အချက်အလက်များနှင့် အတူမြေမြှုပ်ထားမည်ဖြစ်သဖြင့် ကွယ်လွန်သူများ၏ဆွေမျိုးများအနေဖြင့် အချိန်မရွေး ပြန်လည်တူးဖော်ယူနိုင်ကြောင်း ဆူနာမီအလောင်းထိန်းသိမ်းရေးဌာနမှ ရဲဗိုလ်မှူးကြီးကင်မလီအာစီလီက ပြောသည်။ ❖

နိုင်ငံတကာ

# ထိုင်းတောင်ပိုင်းတွင် တက်ဆင်အစိုးရ၏ မှားယွင်းမှုများအတွက် ထိုင်းဝန်ကြီးချုပ်သစ်တောင်းပန်

လွန်ကဲစွာ ကိုင်တွယ်ဖြေရှင်းမှုများကြောင့် ရာထူးမှဖယ်ရှားခြင်းခံရပြီး သက်ဆင်ရှင်နာဝပ်တြာအစိုးရမှ လှုပ်လှုပ်ရှရှဖြစ်နေသော ဒေသအတွင်းဖြစ်ပေါ်ခဲ့သည့် ပြဿနာများအတွက် ဝန်ကြီးချုပ် ဆူလာယုချူလာနော့သည် ယမန်နေ့က တောင်ပိုင်းရှိပြည်သူများကို တောင်းပန်လိုက်သည်။

လွန်ခဲ့သောနှစ်နှစ်က Tak Bai တွင်ဖြစ်ခဲ့သည့် ဆန္ဒပြမှုများတွင်ပါဝင်ခဲ့သော ဆွေမျိုးသားချင်းများ၊ ဒုက္ခခံစားရသူများ၏ရှေ့တွင် ဗိုလ်ချုပ်ကြီးဆူရာယုက သက်ာမကင်းခံနေရသည့် (၅၈) ဦးအပေါ်တွင် စွဲချက်များကို တတ်နိုင်သမျှ လျှော့ချပေးရန်၊ ရပ်ဆိုင်းပေးရန်အတွက် စုံစမ်းစစ်ဆေးပေးမည်ဖြစ်ကြောင်းကို ပတာနီတွင်ပြောကြားခဲ့သည်။

ယင်းတောင်းပန်မှုအတွက် မူစလင်ဘာသာရေးခေါင်းဆောင်များ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများမှ ခေါင်းဆောင်များ၊ မြို့တွင်းရှိဟော်တယ်များမှ ပုဂ္ဂလိကအဖွဲ့အစည်းအဖွဲ့ဝင်များက လက်ခုတ်သြဘာသံများကို လူ (၁၀,၀၀၀) ကျော်ပါဝင်သောအုပ်စုက သြဘာပေးချီးမွမ်းကြသည်။ Tak Bai မှဒုက္ခသည်ဆွေမျိုးအများစုတို့မှာ ပျော်ရွှင်မှုကြောင့်ကျသော မျက်ရည်စက်များဖြင့် တမ်းတငိုကြွေးကြသည်။

ပထမဦးဆုံးသော တရားဝင်ခရီးစဥ်အဖြစ် တောင်ပိုင်းဒေသသို့ခရီးထွက်ရာတွင် ဗိုလ်ချုပ်ကြီးဆူရာယုက မူစလင်လူထုကြီး၏ မကြေချမ်းနိုင်မှုများအား လျှော့ချရန်နှင့် ဆက်လက်ဖြစ်ပွားနေသော အကြမ်းဖက်မှုများအဆုံးသတ်ကြရန် ပန်ကြားခဲ့သည်။

Tak Bai ဖြစ်ပွားမှုတွင် မယုံသင်္ကာဖြစ်သူ (၅၈) ဦးတို့အတွက် စွဲချက်ကိုပယ်ရှားပေးနိုင်ရန်အတွက် သူသည် ဥပဒေကျွမ်းကျင်သူများထံမှလည်း အကြံဥာဏ်များ ရယူခဲ့သည်။

ဒေသအတွင်းရှိ လူငယ်များနှင့်တွေ့ဆုံပြီး ၎င်း၏အတွေ့အကြုံများကို ပြောကြားရန်လိုလားခဲ့ပါသည်ဟု သူကပြောကြားသည်။

ဒေသတွင်းရှိ အစ္စလမ်ခေါင်းဆောင်များက ဝန်ကြီးချုပ်၏မှတ်ချက်များ၊ ပြောကြားချက်များကို ကြိုဆိုကြသည်။

၎င်း၏တောင်းပန်မှုပြုခြင်းကြောင့် ဗိုလ်ချုပ်ကြီးဆူရာယုသည် သူ၏ဌာနေလုပ်ဖော်ကိုင်ဖက်များထက် ခေါင်းဆောင်မှုကို ပိုမိုပြနိုင်သည့်အပြင် တောင်ပိုင်းဆိုင်ရာပြဿနာများကို ဖြေရှင်းရာ၌လည်း အစိုးရသည် တရားဥပဒေစည်းမျဥ်းစည်းကမ်းများကို ထိန်းသိမ်းထားမည်ဟု ၎င်းတို့က ပြောကြားသည်။

ဘန်ကောက်တွင် ထင်ရှားသော ဒီမိုကရေစီလှုံ့ဆော်မှုအဖွဲ့၏ အထွေထွေအတွင်းရေးမှူးဖြစ်သူ Uriyasai Katasis ကမဆိုင်းမတွတောင်းပန်ခြင်းသည် အမျိုးသားချင်းပြန်လည်စည်းလုံးရေးဖြစ်စဉ်၏ အစဟုဆိုသည်။ ❖



တက်ဆင်အစိုးရ၏ မှားယွင်းမှုများကို တောင်းပန်နေသော ထိုင်းဝန်ကြီးချုပ်သစ် ဆူလာယုချူလာနော့

# မြောက်ကိုးရီးယားနျူးကလီးယားစမ်းသပ်မှုအောင်မြင် မြောက်ကိုးရီးယားသားများအမိမြေကိုစွန့်ခွာထွက်ပြေး



အမိမြေကိုစွန့်ခွာထွက်ပြေးလာပြီး ထိုင်းနိုင်ငံတွင်အဖမ်းဆီးခံရသော မြောက်ကိုရီးယားသားများ

အောက်တိုဘာ (၂၄)၊ AFP

ထိုင်းနိုင်ငံသို့ တရားမဝင် ဝင်ရောက်လာသော မြောက်ကိုးရီးယားနိုင်ငံသား (၇၀) ကို ထိုင်းလူဝင်မှုကြီးကြပ်ရေးအဖွဲ့က ယနေ့ ဖမ်းဆီးလိုက်သည်။

ထိုင်းနိုင်ငံမြောက်ဘက် ချင်းရိုင်ခရိုင်မှ ဝင်ရောက်လာသော မြောက်ကိုရီးယားနိုင်ငံသားများသည် ဘန်ကောက်ဆင်ခြေဖုံးရှိ ပါသမ်သနီအရပ်တွင် အငှါးနေ့ နံနက်စောစောကဖမ်းဆီးလိုက်ပြီး လူဝင်မှုကြီးကြပ်ရေးဥပဒေဖြင့် တရားစွဲခံရမည်ဖြစ်သည်။

လောလောဆယ်တွင် ၎င်းတို့အားလုံးကို ဘန်ကောက်ရှိ လူဝင်မှုကြီးကြပ်ရေးဌာနတွင် ဖမ်းဆီးထိန်းသိမ်းထားသည်။

မြောက်ကိုးရီးယား၏ နျူးကလီးယားစမ်းသပ်မှုကို ကမ္ဘာ့က ဒဏ်ခတ်ပိတ်ဆို့မှုအသစ်ပြုလုပ်လိုက်သော လောလောဆယ်အခြေအနေအောက်တွင် မြောက်ကိုရီယားသားများသည် အစာရေစာရှားပါးမှုနှင့် စွမ်းအင်မလုံလောက်မှုများနှင့် ရင်ဆိုင်လာရသဖြင့် တိုင်းပြည်စွန့်ခွာရသည့်အခြေအနေသို့ တွန်းပို့ခံလိုက်ရခြင်းဖြစ်သည်။

ယခုနှစ်များအတွင်း ထိုင်းနိုင်ငံသည် နိုင်ငံစွန့်ခွာလာသော မြောက်ကိုးရီးနိုင်ငံသားများအတွက် တောင်ကိုးရီးယားသို့မရောက်ခင်စပ်ကြား ခေတ္တကွန်းခိုရာနေရာဖြစ်လာသည်။မြောက်ကိုးရီးယားသားများသည် ထိုင်းနိုင်ငံသို့ တရုတ်၊ မြန်မာနှင့်လာအိုနိုင်ငံများကိုဖြတ်ကျော်၍ ရောက်ရှိလာလေ့ရှိသည်။

ယမန်နှစ်က အလားတူအဖမ်းခံရသူ မြောက်ကိုရီးယားလူမျိုး (၅၀) သာရှိခဲ့ရာမှ ယခုနှစ်တွင် (၄၀၀) အထိများပြားလာသည်။

ကွန်မြူနစ်မြောက်ကိုးရီးယားနိုင်ငံမှ (၁၇၅) ဦးပါသောအဖွဲ့သည် သြဂုတ်လအတွင်းက ထိုင်းနိုင်ငံတွင် အဖမ်းခံခဲ့ရပြီး စက်တင်ဘာလအတွင်း မြောက်ကိုရီးယားသို့ ထွက်ခွာသွားကြပြီဖြစ်သည်။

တရားမဝင်နိုင်ငံဝင်ရောက်မှုဖြင့် တရားစွဲခံရသူ မြောက်ကိုရီးယားသားများသည် ထိုင်းဥပဒေအရ ဘတ်ငွေ (၆,၀၀၀) ဒဏ်ဆောင်ခိုင်းပြီး၊ ဒဏ်ငွေမဆောင်နိုင်ပါက ထောင်တလချမှတ်ခံရလေ့ရှိသည်။ ❖

## သတင်းတိုထွာ

### အာဏာရှင်ဆက်ဒမ်ကို ကြိုးမိန့်ချပြီ

အီရတ်အာဏာရှင်ဟောင်း ဆက်ဒမ်ဟူစိန်သည် လူလူချင်းစာနာမှုကင်းမဲ့မှု ရာဇဝတ်ပြစ်မှုများကျူးလွန်မှုခိုင်လုံကြောင်း တွေ့ရှိရသဖြင့် ကြိုးမိန့်သေဒဏ်စီရင်ချက်ချမှတ်လိုက်သည့်သတင်းကြောင့် အီရတ်နိုင်ငံတဝှမ်းရှိ ရှီးရိုက်မွတ်ဆလင်များက ဝမ်းသာအားရ ပျော်ရွှင်မြူးတူးနေကြသည်။

အီရတ်ရာဇဝတ်မှုခုံရုံးက ဆက်ဒမ်ဟူစိန်ဟာ လွန်ခဲ့သော နှစ်ဆယ့်လေးနှစ်က ရှီးရိုက်လူမျိုး အရပ်သား (၁၄၈) ယောက်ကို သတ်မိန့်ပေးခဲ့သည့်အတွက် ပြစ်ဒဏ်စီရင်ချက်ချမှတ်လိုက်ခြင်းဖြစ်သည်။ ရွာသားများသည် ဆက်ဒမ်ဟူစိန်ကိုလုပ်ကြံရန်ကြိုးပမ်းရာ အထမမြောက်ဘဲ သေမိန့်ပေးခံခဲ့ရခြင်းဖြစ်သည်။

စီရင်ချက်ကိုဖတ်ပြစဉ် ဆက်ဒမ်ဟူစိန်သည် သိသိသာသာ တုန်တုန်ရင်ရင်ဖြစ်နေပြီး အီရတ်အဓွန့်ရှည်တည်တံ့ပါစေ၊ ဘုရားသခင်ကောင်းချီးပေးပါစေ စသဖြင့် အော်ဟစ်နေခဲ့သည်။ သမတဟောင်း၏ရှေ့နေများက ပြစ်မှုအတွက် အယူခံဝင်မည်ဟုလည်း ဆိုသည်။

ဆက်ဒမ်ဟူစိန်ကို အဆုံးစီရင်မှုသည် သူ့အစိုးရလက်ထက်တွင် ထောင်သောင်းချီ အသတ်ခံခဲ့ရသော မိသားစုများအတွက် စိတ်သက်သာရာ ရရှိနိုင်ကြပါလိမ့်မည်ဟု အီရတ်ဝန်ကြီးချုပ်နူရီအယ်လ်မာလီကီက ရုပ်မြင်သံကြားကတဆင့် နိုင်ငံတဝှမ်းကို ပြောကြားခဲ့သည်။

❖

### ဆင်းရဲမှုတိုက်ဖျက်ရေး တကိုယ်တော်စစ်ဆင်သူကို နိုဘယ်ဆုချီးမြှင့်

ဘင်္ဂလားဒေ့ရှ်မှ စီးပွားရေးပညာရှင် ဒေါက်တာမိုဟာမက်ယူနွတ်နှင့် သူ၏ဂရာမီန်းဘဏ်ကို ၂၀၀၆ ခုနှစ်အတွက် နိုဘယ်လ်ငြိမ်းချမ်းရေးဆု ပူးတွဲချီးမြှင့်လိုက်သည်။ မစ္စတာယူနွတ်၏ဂရာမီန်ဘဏ်သည် ဘင်္ဂလားဒေ့ရှ် ကျေးရွာပေါင်း (၇၁,၃၇၁) ရွာတွင်ဘဏ်ခွဲပေါင်း (၂,၂၂၆) ခုဖွင့်လှစ်ထားပြီး အမျိုးသမီးအများစုပါဝင်သော ငွေချေးသူ (၆) သန်း (၇) သိန်းကို အမေရိကန်ဒေါ်လာ (၅ ဒသမ ၇) ဘီလီယံ ထုတ်ချေးပေးထားသည်။ ယူနွတ်သည် သူ၏ဘဏ်ကို ၁၉၆၇ ခုနှစ်တွင် သူ၏ကိုယ်ပိုင်ငွေ (၂၇) သန်းဖြင့် စတင်တည်ထောင်ခဲ့သည်။ ဒေါက်တာယူနွတ်က“ကျနော့်အတွေ့အကြုံအရတော့ ပိုက်ဆံတပြားမှမရှိတဲ့ ကျောမွဲတွေကိုလည်း ပိုက်ဆံချေးလို့ရတယ်ဗျ။ ကမ္ဘာမှာ ဒီလိုလူမျိုးတွေဟာ ကမ္ဘာ့လူဦးရေရဲ့ (၃) ပုံ (၂) ပုံလောက်ရှိနေတယ်။ ဂရာမီန်းဘဏ်က ဆင်းရဲသားတွေကိုပိုက်ဆံချေးတယ်။ အမျိုးသမီးတွေကိုပိုက်ဆံချေးတယ်။ ဘာစာချုပ်စာတမ်းမှမလိုပါဘူး။ ယုံကြည်မှုနဲ့ပဲ အလုပ်လုပ်နေတယ်”ဟုပြောသည်။ အသေးစားချေးငွေစီမံကိန်းကို လမ်းပြထူထောင်သူ၊အသက် (၆၆) နှစ်အရွယ် မစ္စတာယူနွတ်က နိုဘယ်ဆုအတွက်ရရှိမည့် အမေရိကန်ဒေါ်လာ (၁) ဒသမ (၃၅) ကို အရင်းအနှီးနည်းနည်းနှင့် လုပ်ငန်းလုပ်ကိုင်နိုင်သောလုပ်ငန်းများတွင် အသုံးပြုသွားမည်ဟုပြောသည်။

❖

### အာဆီယံချာတာ ထူးခြားမည်ဟုသတင်းထွက်

နိုဝင်ဘာ (၆)၊ အေအက်ဖ်ပီ

အသစ်ရေးဆွဲနေသော အရှေ့တောင် အာရှနိုင်ငံများအသင်း၏ချာတာကို လာမည့်ဒီဇင်ဘာအတွင်း ဖိလစ်ပိုင်၌ကျင်းပမည့် အာဆီယံခေါင်းဆောင်များ၏ ထိပ်သီးအစည်းအဝေးသို့တင်ပြမည်ဟု အစိုးရအရာရှိတဦးက တနင်္ဂနွေနေ့တွင် ပြောကြားလိုက်သည်။

ချာတာရေးဆွဲရာတွင်ပါဝင်သော ဖိလစ်ပိုင်သမတဟောင်း ဖီဒယ်ရားမို့စ်ကို ကိုးကား၍ Ignacio Bunye က ဖိလစ်ပိုင်နိုင်ငံမြို့တော် ဆီဘူးတွင်ကျင်းပမည့် အာဆီယံထိပ်သီးအစည်းအဝေးအတွင်း အဆိုပါချာတာမူကြမ်းကိုတင်ပြမည်ဟုပြောသည်။

သမတဟောင်းက အသစ်ရေးဆွဲထားသောချာတာသည် ပြတ်သားဆန်းသစ်သော ချာတာဖြစ်ကြောင်း မှတ်ချက်ချသော်လည်း အသေးစိတ်အချက်အလက်များကိုထုတ်ဖော်ပြောဆိုခြင်းမရှိပေ။ အာဆီယံချာတာတွင် အာဆီယံအဖွဲ့ဝင်တနိုင်ငံချင်းစီ၏ အိမ်နီးချင်းနိုင်ငံများအပေါ် ထိခိုက်သက်ရောက်သော ပြည်တွင်းရေးကိစ္စများကို ကိုင်တွယ်ရန်ယန္တရားများထည့်သွင်းထားသည်ဟု ဖိလစ်ပိုင်သံတမန်များကဆိုသည်။

အစောပိုင်းသတင်းများအရ ချာတာတွင် အဖွဲ့ဝင်နိုင်ငံများက သဘောတူဆုံးဖြတ်ချက်ကို မလိုက်နာသောနိုင်ငံကို အရေးယူပိတ်ဆို့နိုင်သော ဥပဒေတရပ်ပါဝင်သည်ဟုဆိုသည်။ ၎င်းဥပဒေသည် အာဆီယံ၏ ပြည်တွင်းကိစ္စဝင်မစွက်ရေး ရိုးရာအစဉ်အလာမှခွဲထွက်သော ပြောင်းလဲတိုးတက်မှုအဖြစ် ယူဆနိုင်ဖွယ်ရှိသည်။

❖

နိုင်ငံတကာ

## အီရတ်စစ်ပွဲဗိသုကာ အမေရိကန်ကာကွယ်ရေးဝန်ကြီး ဒေါင်နယ်လောင်းစဖဲ ရာထူးမှဖယ်ရှားခံရ

နိုဝင်ဘာ (၈) ၊ ဝါရှင်တန်ပို့စ်၊ ဘီဘီစီ

ပင်တဂွန်စစ်ဌာနချုပ်၏မူဝါဒများကို "ရှု ထောင့်အသစ်ဖြင့် ပြန်သုံးသပ်ရန်"လိုအပ်နေ သည်ဟုဆိုကာ အမေရိကန်သမတ ဘုရှ်သည် ကာကွယ်ရေးဝန်ကြီးအဖြစ် (၆) နှစ်ကြာ တာ ဝန်ထမ်းဆောင်ခဲ့သော ဒေါင်နယ်လောင်းစဖဲကို ရာထူးမှဖယ်ရှားလိုက်သည်။

အမေရိကန်နိုင်ငံ၏ ကြားဖြတ်လွှတ်တော် ရွေးကောက်ပွဲတွင် ရီပက်ပလစ်ကန်ပါတီကအ ကြီးအကျယ်ရှုံးနိမ့်ခဲ့ပြီး နောက်တနေ့တွင်ပြုလုပ် သော သတင်းစာရှင်းလင်းပွဲတွင် သမတဘုရှ် က စီအိုင်အေညွှန်ကြားရေးမှူးဟောင်း ရော ဘတ်ဂိတ်ကို ဒေါင်နယ်လောင်းစဖဲနေရာတွင် အစားထိုးခန့်အပ်မည်ဟု ကြေညာသည်။

"ချင့်ချိန်စဉ်းစားပြီး အတန်ကြာဆွေးနွေး ပြီးတဲ့အခါမှာ ခုအချိန်ဟာ ပင်တဂွန်မှာခေါင်း ဆောင်မှုအသစ်လိုအပ်နေပြီဆိုတာ ကာကွယ် ရေးဝန်ကြီးရော၊ ကျနော်ရော နှစ်ဦးစလုံး သဘောတူခဲ့ကြတယ်"ဟု သူကပြောသည်။

အီရတ်စစ်ပွဲ၏ဗိသုကာ၊ ဒေါင်နယ်လောင်း စဖဲသည် အမေရိကန်၏မှားယွင်းသော အီရတ် စစ်ပေါ်လစီကြောင့် ပြည်သူများနှင့်နိုင်ငံရေး အသိုင်းအဝိုင်းတွင် အတန်ကြာကတည်းက အကြီးအကျယ်ဝေဖန်ခံနေရသည်။

"အမေရိကန်ပြည်သူတွေ မနေ့ကပေး တဲ့မဲဟာ အီရတ်စစ်ပွဲအပေါ် သူတို့ရဲ့ မနှစ်မြို့ မှုတွေကို စာရင်းလာပေးကြတာပဲဆိုတာကို ကျနော်သိပါတယ်။ ဒါပေမယ့် ဝါရှင်တန်မှာရှိ နေတဲ့ ရီပက်ဘလစ်ကန်ပဲဖြစ်ဖြစ်၊ ဒီမိုကရက်ပဲ ဖြစ်ဖြစ် အရှုံးက ဘယ်သူမှခံယူချင်ကြမှာမဟုတ် ပါဘူး"ဟု သမတဘုရှ်ကပြောသည်။

သတင်းစာရှင်းလင်းပွဲတွင် သမတဘုရှ်က အောက်လွှတ်တော်ကို ဒီမိုကရက်ကထိန်းချုပ် လိုက်သည့်အပေါ် အကြီးအကျယ်စိတ်ပျက် ကြောင်းပြောကြားခဲ့ပြီး အမေရိကန်၏ရန်သူ များအနေဖြင့် လက်ရှိအပြောင်းအလဲအတွက် ဝမ်းမမြောက်ကြရန် သမတက သတိပေးလိုက် သည်။

ကာကွယ်ရေးဝန်ကြီးသစ်အဖြစ် ခန့်အပ် လိုက်သောရောဘတ်ဂိတ်သည် အမေရိကန်တွင် အတွေ့အကြုံအရင့်ကျက်ဆုံး လုံခြုံရေးတာဝန် ရှိပုဂ္ဂိုလ်များအနက် တဦးဖြစ်ကြောင်း၊ အ ကြမ်းဖက်ဝါဒတိုက်ဖျက်ရေး စစ်ဆင်နွှဲနေ သော ယခုကာလတွင် အမေရိကန်တပ်များ ကို အမိန့်ပေးရန်၊ သမတကို လုံခြုံရေးဆိုင်ရာ အကြံဉာဏ်များပေးရန်၊ ကာကွယ်ရေးဝန်ကြီး တဦးရင်ဆိုင်ရမည့် စိန်ခေါ်မှုများအတွက် ရော ဘတ်ဂိတ်တွင် အရည်အချင်းအပြည့်ရှိကြောင်း အာမခံခဲ့သည်။

သူ၏ ကာကွယ်ရေးဝန်ကြီးဟောင်းကို လည်း တာဝန်သက်တမ်း (၆) နှစ်အတွင်း အမေ ရိကန်၏ကာကွယ်ရေးနည်းဗျူဟာများကို တဟုန်ထိုးဆောင်ရွက်နိုင်ခဲ့သည်ဟု သမတဘုရှ် က ထုတ်ဖော်ချီးကျူးခဲ့သည်။ သမတဘုရှ်သည် လွန်ခဲ့သောတပတ်က ဒေါင်နယ်လောင်းစဖဲကို သူ့သမတသက်တမ်းကုန်သည်အထိ အစိုးရအဖွဲ့ တွင်ဆက်ထားရန် ပြောဆိုခဲ့သည်။

ကာကွယ်ရေးဝန်ကြီးအပြောင်းအလဲနှင့် ဆီးနိတ်တွင် ဒီမိုကရက်ဘက်က အားကောင်း လာနေခြင်းသည် အီရတ်စစ်ပွဲအပေါ် အမေရိ ကန်၏သဘောထား အပြောင်းအလဲရှိနိုင်သော် လည်း မလွယ်ကူသောပြဿနာ၏ ရှေ့အလား အလာနှင့်ပတ်သက်၍ ပါတီနှစ်ဘက်စလုံးက သတိဖြင့် အတန်ကြာပြန်လည်သုံးသပ်ကြဦး မည်ဖြစ်သည်။ ❖

## ဆင်းရဲသားများက ဘရာဇီးသမတအဖြစ် သမတလူလာကို ပြန်လည်ရွေးချယ်

အောက်တိုဘာလ (၂၉) ရက်နေ့ကပြု လုပ်သောရွေးကောက်ပွဲတွင် ဘရာဇီးသမတ လူရစ်ဇ်အင်နာစီယို လူလာဒါဆီးလ်ဗားသည် ပြိုင်ဘက်သမတလောင်း ဂီရယ်လ်ဒိုအဲခ်မင် အား ဆန္ဒမဲ (၆၁) ရာနှုန်းကျော်အသာဖြင့် အနိုင်ရယူကာ ဆင်းရဲမွဲတေမှုနှင့် ရင်ဆိုင်နေ ရသော လက်တင်အမေရိက၏ အကြီးဆုံး တိုင်းပြည်ကို (၄) နှစ် ထပ်မံအုပ်ချုပ်ခွင့် ရသွားပြီဖြစ်သည်။ သူအပါအဝင် လုပ်ဖော် ကိုင်ဘက် အလုပ်သမားပါတီခေါင်းဆောင် များအပေါ် အတိုက်အခံများက အဂတိလိုက် စားသည်ဟု စွဲချက်တင်နေသည့်ကြားမှ ဆင်း ရဲသားအများစုပါဝင်သော မဲပေးသူများက သမတလူလာအား နောက်တကျော့ မဲပေး လိုက်ကြခြင်းဖြစ်သည်။ အောင်ပွဲခံမိန့်ခွန်း တွင် သမ္မတလူလာက သူ၏ဒုတိယသက်တမ်း အတွင်း ဘရာဇီးတွင် ဆင်းရဲနွမ်းပါးမှုလျှော့ ချရေး၊ ဝင်ငွေမျှတရေးနှင့် ပညာရေးအခြေ အနေကောင်းမွန်ရေးတို့အတွက် ဦးစားပေး သွားမည်ဟုဆိုသည်။ အောက်တိုဘာ (၃၁)


ပြန်လည်ရွေးကောက်ခြင်းခံရသော ဘရာဇီးသမတ လူလာဒါဆီးလ်ဗျား

ရက်နေ့ကပြောကြားသောမိန့်ခွန်းတွင် သမတလူလာက ရွေးကောက်ပွဲကြောင့် ဘရာဇီးနိုင်ငံ (၂) ခြမ်းကွဲတော့မည်ဟူ သောဝေဖန်ချက်ကိုငြင်းဆန်လိုက်ပြီး စိတ် ရှည်ရှည်နှင့် စည်းလုံးညီညွတ်ကြရန် တိုင်း ပြည်သို့ ပန်ကြားခဲ့သည်။ ❖

## တရုတ်နှင့်အာဖရိကနိုင်ငံများ ဆက်ဆံရေးထပ်မံတိုးမြှင့် ကမ္ဘာကြီး၏မဟာဗျူဟာမြေပုံသစ်ပြန်လည်ရေးဆွဲ


ဘေကျင်းမြို့တွင် အောက်တိုဘာ (၃) ရက်နေ့မှ (၅) ရက်နေ့ထိကျင်းပသော ထိပ်သီးအစည်းအဝေးသို့တက်ရောက်လာကြသည့်ခေါင်းဆောင်များ

အမေရိကန်ဒေါ်လာ (၂) ဘီလီယံတန် စီးပွားရေး သဘောတူညီချက်များကို အာဖရိ ကတိုက်နိုင်ငံ (၄၀) ကျော်နှင့် တရုတ်နိုင်ငံတို့ လက်မှတ်ထိုးခဲ့ကြသည်။

တရုတ်နိုင်ငံမြို့တော် ဘေကျင်းတွင် အောက်တိုဘာလ (၃) ရက်နေ့မှ (၅) နေ့ အထိကျင်းပသော ထိပ်သီးဆွေးနွေးပွဲကြီး၏ နောက်ဆုံးနေ့ရက်တွင် လက်မှတ်ထိုးခဲ့ခြင်း ဖြစ်သည်။

အာဖရိကအစိုးရများ၊ စီးပွားရေး လုပ်ငန်းများနှင့် (၃) ဒေါ်လာ (၉) ဘီလီယံ တန်ဖိုးရှိသောသဘောတူညီချက် (၁၆) ခုကို လက်မှတ်ထိုးခဲ့ကြောင်း အစိုးရအာဘော် ဆင်ဟွာသတင်းဌာနကကြေငြာသည်။

### တရုတ်၏ ကတိကဝတ်

တရုတ်ဝန်ကြီးချုပ်ဝမ်ကျားပေါင်အပါ အဝင် ခေါင်းဆောင်များ တက်ရောက်ကြ သော တရုတ် – အာဖရိကစီပွားရေးလုပ် ငန်းရှင်များ၏ အစည်းအဝေးတွင် တရုတ် ဝန်ကြီးချုပ်ဝမ်ကျားပေါင်က"တရုတ်နိုင်ငံနဲ့ အာဖရိကနိုင်ငံတွေဆက်ဆံမှုဟာ ရိုးသား တယ်။ တကိုယ်ကောင်းမဆန်ဘူး။ ပြီးတော့ နိုင်ငံရေးအရ နှောင်ကြိုးတွေ ဘာမှမရှိပါ ဘူး"ဟု ပြောကြားခဲ့သည်။

ဆက်လက်၍ "တရုတ်နှင့်အာဖရိက တိုက်ဆက်ဆံရေးတွင် ပွင့်ပွင့်လင်းလင်း၊ တရားနည်းလမ်းကျကျ၊ မျှမျှတတ၊ ထင်သာ မြင်သာရှိစေမည်ဖြစ်ကြောင်း မစ္စတာဝမ်က ကတိပြုသည်။

တရုတ်သမတ ဟူကျင်းတောင်းက အာ ဖရိကတိုက်အတွက် တရုတ်နိုင်ငံ၏အကူ အညီကို ၂၀၀၉ ခု နှစ်တွင် နှစ်ဆတိုးပြီး ထောက်ပံ့ရန်နှင့် ဒေါ်လာ (၅) ဘီလီယံဖိုး ချေးငွေနှင့် ကြွေးမြီအစီအစဉ်များအတွက် ကတိပေးသည်။

### ကုန်သွယ်မှု

တရုတ်နှင့် အာဖရိကနိုင်ငံများအကြား ကုန်သွယ်မှုသည် ၁၉၉၅ ခုနှစ်နှင့် ၂၀၀၅ ခုနှစ်ကြားတွင် (၁၀) ဆတိုးလာခဲ့ပြီး၊ ယမန် နှစ်က ဒေါ်လာ (၅၀) ဘီလီယံဖိုးရှိမည်ဟု ခန့်မှန်းထားသည်။ ၎င်းပမာဏကို ၂၀၂၀ ခုနှစ်တွင် ဒေါ်လာဘီလီယံ (၁၀၀) အထိ တိုးမြှင့်ရန် ဝန်ကြီးချုပ်ဝမ်ကျားပေါင်က နှိုး ဆော်ခဲ့သည်။

တရုတ်နှင့် အာဖရိကနိုင်ငံများအကြား အဓိကကုန်သွယ်သောအရာမှာ ရေနံဖြစ် သည်။ အာဖရိကတိုက်မှ ဆူဒန်အန်ဂိုလာ၊ အီကွေတို၊ ရီရယ်ဂီနီ စသော လူ့အခွင့်အ ရေးချိုးဖောက်မှုနှင့် နာမည်ပျက်သောနိုင်ငံ များမှတင်ပို့သော လောင်စာပမာဏမှာ တရုတ်နိုင်ငံကပြည်ပမှဝယ်ယူသော လောင် စာအားလုံး၏ သုံးပုံတပုံရှိသည်။

ထိပ်သီးဆွေးနွေးပွဲမတိုင်မီက သဘော တူညီချက်ပေါင်း (၂၅၀၀) ကို ဆွေးနွေးခဲ့ သည့်ကိုကြည့်ခြင်းအားဖြင့် ကုန်ကြမ်းရရှိရေး အပူတပြင်းကြိုပမ်းမှုမှာ သိသာနေကြောင်း သုံးသပ်မှုများလည်းရှိသည်။

### တရုတ်၏မြှုပ်ကွက်

အာဖရိကတိုက်နိုင်ငံပေါင်း (၅၃) နိုင်ငံ အနက် (၄၈) နိုင်ငံမှ ခေါင်းဆောင်များနှင့် တရုတ်ခေါင်းဆောင်များတွေ့ဆုံသော ထိပ်သီး ဆွေးနွေးပွဲ၏ တရားဝင်ရည်ရွယ်ချက်မှာ တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုနှင့်အတူလို အပ်နေသော ရေနံနှင့်သံ၊ သတ္တုရိုင်းတို့ ဖူလုံ ရေးအတွက် အာဖရိကနိုင်ငံများက ဖြည့် ဆည်းပေးရန်ဖြစ်ပြီး အာဖရိကနိုင်ငံများတွင် မီးရထားလမ်းနှင့် ကျောင်းများအခြေအနေ ကောင်းမွန်ရေးအတွက် တရုတ်ကအကူအညီ ပေးရေးဖြစ်သည်။ သို့သော် အမေရိကန်နှင့် အနောက်အစိုးရများ၏ ဥပေက္ခာပြုခံနေရ သည့်ကိစ္စအပေါ် မကျေမနပ်ဝေဖန်လေ့ရှိ သော အာဖရိကန်အစိုးရများနှင့် စီးပွားရေး တရှိန်ထိုးတိုးတက်နေသော တရုတ်တို့အကြား ခိုင်မာလာသောဆက်ဆံရေးသည် ကမ္ဘာ့ဗျူ ဟာမြေပုံသစ်ကို ပြန်လည်ရေးဆွဲခြင်းဖြစ် သည်ဟု နယူးယောက်တိုင်းသတင်းစာက ရေးသည်။ "အာဖရိကန်ခေါင်းဆောင်တွေ က တရုတ်ဆီကနေအကူအညီတွေရမယ်။ တရုတ်ကသူတို့ကို တူတူတန်တန် ဆက်ဆံ တယ်လို့မြင်တယ်။ တရုတ်ကလည်း အာဖရိ ကကိုမဟာဗျူဟာအမြင်နဲ့ အပေါင်းအသင်း လုပ်တယ်"ဟု အယ်လ်ဘက်တာတက္ကသိုလ်မှ တရုတ်–အာဖရိက ဆက်ဆံရေးလေ့လာသူ Wenran Jiang က ပြောသည်။

### အနောက်၏သောက

တရုတ်နှင့်အာဖရိကနိုင်ငံများ၏ တက် ကြွသောကုန်သွယ်မှုသည် လောလောဆယ် တွင် အကြမ်းဖက်သမားများနှင့် ခေါင်းမ ဖော်နိုင်အောင် စစ်တိုက်နေရသော အမေရိ ကန်နှင့်အတိတ်က အာဖရိကနိုင်ငံများအား ကိုလိုနီပြုခဲ့သော်လည်း ယခုအခါ ယင်းနိုင်ငံ များအပေါ် ဩဇာအရှိန်ကျဆင်းနေသော ပြင်သစ်၊ ဗြိတိန်စသောနိုင်ငံများ၏ စိုးရိမ် သောကကို တိုးပွားစေသည်။

### ဝိရောဓိ

တရုတ်အစိုးရသည် အာဖရိကနိုင်ငံများ သို့ ငွေချေးရာတွင် နိုင်ငံတကာစံနှုန်းများကို လိုက်နာခြင်းမရှိဟူသော ကမ္ဘာ့ဘဏ်နှင့် အိုင် အမ်အက်ဖ်ကဲ့သို့သော နိုင်ငံတကာငွေကြေး အဖွဲ့အစည်းများ၏ ဝေဖန်မှုများလည်းရှိနေ သည်။ ဆူဒမ်၊ ဇင်ဘာဘွေကဲ့သို့ဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် ဖိအားပေးခံနေရသော အာဖရိကန်အစိုးရ များအား လုံခြုံရေးကောင်စီတွင် တရုတ်က အကာအကွယ်ပေးသည်ဟူသောစွပ်စွဲချက်ကို တရုတ်ခေါင်းဆောင်များက ပယ်ချသည်။ လူ့ အခွင့်အရေးအဖွဲ့များက တရုတ်လက်နက် များ ဆူဒမ်သို့ပေးပို့ခြင်းဖြင့် တရုတ်သည် ဒါဖောဒေသက တိုက်ခိုက်မှုများကို မီးမွှေး ပေးသည်ဟုစွပ်စွဲသည်။ လွန်ခဲ့သော (၃) နှစ်အတွင်း ဒါဖောတွင် လူပေါင်း တသိန်း ရှစ်သောင်းသေဆုံးခဲ့ရပြီး (၂) သန်းကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်ကို ဝါရှင်တန်ပို့စ် သတင်းစာက ထောက်ပြသည်။

❖

# အုံးပြန့်



တထစ်ချင်း ...
တထစ်ချင်း ...
သွေးချင်းချင်းနဲ့
ဆင်းခဲ့ရာ တက်ခဲ့ရာ
မိုးကြမ်းထဲလဲနေတဲ့  တောင်တက်လမ်းများ

တလှမ်းချင်း ...
တလှမ်းချင်း ...
အလွမ်းအချင်းချင်းနဲ့
ပွေ့ခဲ့ရာ ပိုက်ခဲ့ရာ
မျက်ရည်နဲ့  ချောနေတဲ့တောင်တက်လမ်းများ

ကိုယ်တိုင်က‘တောမီး’ဖြစ်ပြီး
တငွေ့ငွေ့လောင်ကျွမ်းကြရတဲ့အခါ

သက်ကယ်တပြစ်စာလရောင်မှာ
ဟူးဟူးရိုင်းရိုင်း
ငယ်သံပါအောင်ညည်းညူ
လေရိုင်းတွေ ...
လေရိုင်းတွေ ...
လေရိုင်းတွေ ...

လေရိုင်းတွေထဲမှာ  လူ့သမိုင်းတွေ

နှစ်သန်းပေါင်း (၄၀၀၀) မက
ငိုချင်းဟာရှည်ကြာခဲ့

မြူတွေတောင်မှ
မြူမဆန်တော့လောက်အောင်
တတောလုံးတတောင်လုံးမှိုင်းမှောင်လို့
လွှမ်း ...
ထား ...
လိုက် ...
တာ ...

ဟိုးက ... မော့ကြည့်ပြန်တော့
မြင်ကွင်းတွေက  စိမ်းစိမ်းစိုစို
ဟိုးက ... စီးကြည့်ပြန်တော့လည်း
မြင်ကွင်းတွေက  စိမ်းစိမ်းစိုစို

အေးလေ ...
ဒုက္ခဆိုတာ
အဝေးကကြည့်တော့လည်း‘ရသ’ပေါ့
‘လှတယ်’။ ။

သစ်ကောင်းအိမ်
(၈၊ ၁၀၊ ၀၆)

အုံးပြန့်– ထိုင်း–မြန်မာနယ်စပ်တနေရာက ဒုက္ခသည်စခန်းတခု

# တနိုင်ငံနှင့်တနိုင်ငံ ပြည်တွင်းဝင်မစွက်ရေးမူအပေါ် တရုတ်၊ ထိုင်းနှင့်နအဖတို့သဘောတွေ့နေကြ



(၁၅) ကြိမ်မြောက် တရုတ်–အာဆီယံထိပ်သီးဆွေးနွေးပွဲ

သံတမန်ဆက်ဆံရေးတွင် တနိုင်ငံပြည်တွင်းရေးကို တနိုင်ငံက ဝင်ရောက်မစွက်ဖက်ရေးအခြေခံမူပေါ်တွင်သာ ဆက်လက်ရပ်တည်သွားမည်ဖြစ်ကြောင်း တရုတ်၊ ထိုင်းနှင့်နအဖတို့က နိုဝင်ဘာ (၁) ရက်နေ့က ထပ်မံကတိပြုလိုက်ကြသည်။

နန်ကျင်းမြို့တွင်ပြုလုပ်သော (၁၅) ကြိမ်မြောက် တပြည်တွင်းဝင်မစွက်ရေးမူအပေါ် တရုတ်၊ ထိုင်းနှင့် နအဖတို့ သဘောတွေ့နေသော တရုတ်–အာဆီယံထိပ်သီးဆွေးနွေးပွဲတွင် တရုတ်ဝန်ကြီးချုပ် ဝမ်းကျားပေါင်၊ ထိုင်းဝန်ကြီးချုပ် ဆူရာယုချူလာနော့နှင့် နအဖဝန်ကြီးချုပ် ဗိုလ်ချုပ်စိုးဝင်းတို့သည် အစည်းအဝေးပြင်ပတွင် သီးခြားစီတွေ့ဆုံပြီး ယင်းသို့ သဘောတူခဲ့ကြခြင်းဖြစ်သည်။

ဝမ်ကျားပေါင်က တရုတ်နိုင်ငံသည် မြန်မာနှင့်ဆက်ဆံရာတွင် အစဉ်အလာအတိုင်း ငြိမ်းချမ်းစွာအတူယှဉ်တွဲရေး ဘန်ဒေါင်းမူငါးချက်ပေါ် အခြေခံရပ်တည်သွားမည်ဖြစ်ကြောင်းပြောကြားလိုက်ပြီး၊ မြန်မာနိုင်ငံတွင် နိုင်ငံရေး၊ စီးပွားရေး တည်တည်ငြိမ်ငြိမ်အခြေအနေတရပ်ကိုမြင်လိုကြောင်းမှာကြားခဲ့သည်ဟုဆိုသည်။

စစ်အစိုးရကိုယ်စားလှယ် ဗိုလ်ချုပ်စိုးဝင်းက မိမိတို့အနေဖြင့်လည်း တရုတ်အစိုးရမြင်ချင်သည့်ပုံစံဖြစ်အောင် လုပ်ဆောင်နေကြောင်း၊ တရုတ်၏အားပေးထောက်ပံ့မှုအပေါ် ကျေးဇူးတင်ကြောင်းနှင့် မြန်မာနိုင်ငံသို့ တရုတ်ကုမ္ပဏီများထပ်မံလာရောက်ရန် ဖိတ်ခေါ်ခဲ့သည်။

ထိုင်းနိုင်ငံ၏ဝန်ကြီးချုပ်သစ် ဆူရာယုချူလာနော့လည်း နိုင်ငံတကာက မျက်စိဒေါက်ထောက်အကြည့်ခံနေရသော လောလောဆယ်အခြေအနေကို ကျော်လွှားနိုင်ရန် ထိုင်းနှင့်မြန်မာနှစ်နိုင်ငံစလုံးသည်  မိမိတို့ပြည်တွင်းရေးကို ပြေလည်အောင်ဖြေရှင်းကြရမည်ဖြစ်ကြောင်း ဗိုလ်စိုးဝင်းကိုသတိပေးခဲ့သည်။

“ကျွန်ုပ်တို့နှစ်နိုင်ငံစလုံးအပေါ်မှာ ကမ္ဘာက နောက်ထပ်အာရုံအစိုက်မခံဖို့ဆိုရင် ကိုယ့်ပြည်တွင်းရေးပြဿနာကို ပြေလည်အောင်ဖြေရှင်းဖို့လိုတယ်ဆိုတဲ့အကြောင်းကို ကျနော်ပြောလိုက်ပါတယ်”ဟု မစ္စတာဆူလာယုက သတင်းထောက်များအားပြောသည်။

နအဖဝန်ကြီးချုပ်ကလည်း မြန်မာပြည်တွင်းရေးပြဿနာကိုဖြေရှင်းရန် ဆန္ဒရှိကြောင်း အရိပ်လက္ခဏာပြသခဲ့သဖြင့် ထိုင်းနှင့် တရုတ်ဝန်ကြီးချုပ်နှစ်ဦးလုံး အားတက်ခဲ့ကြောင်း အေဂျင်စီသတင်းများတွင်ဖော်ပြထားသည်။

❖

# မြန်မာနှင့် အခြားနိုင်ငံများသို့ မြောက်ကိုးရီးယားဒုံးကျည်ရောင်း

မြန်မာအပါအဝင် အရှေ့တောင်အာရှနိုင်ငံများ၊ အာဖရိကနှင့်အရှေ့အလယ်ပိုင်းနိုင်ငံများသို့ မြောက်ကိုရီးယားက အဝေးထိန်းစနစ်သုံး ဒုံကျည်များရောင်းချခဲ့ကြောင်း အစီရင်ခံစာနှင့်ပတ်သက်သော သတင်းတပုဒ်ကို နယူယောက်တိုင်းမ်းသတင်းစာက အောက်တိုဘာလ (၃၁) ရက်နေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန်ပြည်ထောင်စု ကွန်ဂရက်စ်လွှတ်တော်သုတေသနဌာန၏ အစီရင်ခံစာကို ကိုးကားသော သတင်းတွင်လွန်ခဲ့သောနှစ်ပေါင်း (၄၀) အတွင်း မြောက်ကိုရီးယားနိုင်ငံမှကမ္ဘာ့နိုင်ငံပေါင်း (၁၈) ခုသို့ တင်ပို့ခဲ့သော အဝေးထိန်းစနစ်သုံး ဒုံးကျည်အရေအတွက်မှာ (၄၀) ကျော်သွားပြီဟုဆိုသည်။

ပြီးခဲ့သည့်ဇူလိုင်လက ဩစတြေးလျနိုင်ငံထုတ် The Australian သတင်းစာတွင်လည်း မြန်မာစစ်အစိုးရနှင့် မြောက်ကိုရီးယားအစိုးရအကြားတွင် တရားဝင်သံတမန်ဆက်ဆံရေးမရှိသည့်တိုင် လက်နက်နည်းပညာဖလှယ်မှုများ တိုးတိုးတိတ်တိတ်ရှိနေကြောင်း ဖော်ပြခဲ့သည်။

စစ်အုပ်စုသည် မြောက်ကိုးရီးယားမှ မြေပြင်မှဝေဟင်ပစ်ဒုံးကျည်လက်နက်ကြီး၊ လက်နက်ငယ်များဝယ်ယူထားရုံနှင့် အားမရသေးဘဲ မြောက်ကိုးရီးယား၏နျူးကလီယားနည်းပညာကိုလည်းရရှိရန်အားထုတ်နေသည်ဟု The Australian သတင်းစာက ရေးသည်။

၂၀၀၃ ခုနှစ်၊ နိုဝင်ဘာလကလည်း အရှေ့ဖျားဒေသ စီးပွားရေးစာစောင်တွင် နအဖကို မြောက်ကိုရီးယားက ခေတ်မီလက်နက်များပံ့ပိုးနေကြောင်း ရေးသားထားချက်များပါဝင်ခဲ့သည်။



မြောက်ကိုရီးယားတို့၏ ဒုံးကျည်များ စမ်းသပ်ပစ်လွှတ်နေစဉ်

ယခုနှစ်ဆန်းပိုင်းတွင် မြန်မာနှင့်မြောက်ကိုရီးယားတို့အကြားသံတမန်ဆက်သွယ်ရေး ပြန်လည်ထူထောင်တော့မည်ဟူသော သံတမန်အသိုင်းအဝိုင်းကို ကိုးကားသော ခိုင်လုံသော သတင်းများ ထွက်ပေါ်လာခဲ့သည်။

နိုဝင်ဘာလဆန်းပိုင်းကလည်း မြောက်ကိုရီးယားသင်္ဘောတစင်းသည် ရန်ကုန်မြို့၊ သီလဝါဆိပ်ကမ်းသို့ ဆိုက်ကပ်ခဲ့သဖြင့် အာဏာရှင်နှစ်နိုင်ငံ၏ တိုးတိုးတိတ်တိတ် ဆက်ဆံရေးအပေါ် နိုင်ငံတကာက စိုးရိမ်မှုတိုးပွားလျက်ရှိသည်။

သင်္ဘောပေါ်တွင် ကုလသမဂ္ဂဆုံးဖြတ်ချက်အရ တားမြစ်ထားသော စစ်ရေးသုံးပစ္စည်းများကို သယ်ဆောင်နိုင်ခြေရှိသဖြင့် သင်္ဘောကိုရှာဖွေစစ်ဆေးရန် ဂျပန်နှင့်အမေရိကန်ပြည်ထောင်စုက စစ်အစိုးရကို တောင်းဆိုခဲ့ကြောင်း ရိုက်တာသတင်းတပုဒ်ကဆိုသည်။

သက်ဆိုင်ရာသံရုံးများသို့ မြန်မာနိုင်ငံခြားရေးဌာနမှ ပြန်ကြားသောစာတွင် မြောက်ကိုရီးယားကုန်တင်သင်္ဘောသည် ဘေးအန္တရာယ်ကျရောက်ပြီး သီလဝါဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် လူသားချင်းစာနာမှုအနေနှင့် လက်ခံကြောင်းဖြေရှင်းထားသည်။

❖

အခုအချိန်ဟာ နအဖစစ်အုပ်စု ဘယ်လောက်ခေါင်းမာသလဲဆိုတာကို ကိုယ့်အချင်းချင်း ငြင်းခုံနေရမယ့်အခြေအနေမဟုတ်တော့ဘူး။ ကိုသက်ဝင်းအောင်ကို သတ်ပြလိုက်ပြန်ပြီ။ နအဖက ညောင်နှစ်ပင်နဲ့အချိန်ဆွဲလေလေ၊ ပြည်သူ့သားကောင်းရတနာတွေ ကျဆုံးရလေဆိုတာကို ဒါကဖော်ပြနေတယ်။ လက်မှတ်ထိုးရေးလှုပ်ရှားမှုနဲ့ အဖြူရောင်လှုပ်ရှားမှုကို တမင်တုန့်ပြန်အဖြေပေးလိုက်တာလားလို့တောင် စဉ်းစားစရာဖြစ်နေတယ်။

အခုတလော ပြည်ပရောက်အင်အားစုတွေထဲမှာ အချင်းချင်းညီညွတ်ရေးကိုတင်လာကြတာတွေ တွေ့နေရတာ အားရစရာပဲ။ ကိုယ့်တပ်ကိုယ် သေချာစုစည်းရမယ်ဆိုတာ အားလုံးသဘောပေါက်ဖို့လိုတယ်။ ကိုယ့်တပ်မယ့်ပုံတွေ တွေ့နေရတယ်။ မထွေးလေး မြွေမြိုခံရသလိုဖြစ်လာနေတာ အားလုံးအမြင်ပဲ။ ဒီချုပ်အဖို့လည်း ဒီအတိုင်းအမြုပ်ခံမလား၊ ရုန်းထွက်မလား။ ဘယ်လိုရုန်းထွက်မလဲဆိုတာကို စဉ်းစားနေရချိန်ဖြစ်တယ်။ နအဖဘက်ကတော့ မကြာခဏပဲ ကိုယ်ကလက်ဦးမှုယူပြီး‘ချ’တယ်ဆိုတာတွေ လုပ်နေတယ်။ ကိုယ်ကကော ဘာမှလက်ဦးမှုမယူတော့ဘူးလား။

လက်ရှိ ဒီချုပ်ခေါင်းဆောင်စုအဖွဲ့မှာ ဝါရင့်တပ်မတော်ခေါင်းဆောင်ဟောင်းတွေ ပါနေတာရယ်၊ တပ်မတော်ဖခင်ရင်းရဲ့သမီး ပါနေတာရယ်ကြောင့် ဒီအတွဲအဖက်ဟာ စေ့စပ်ဆွေးနွေးပွဲလုပ်ဖို့ အကောင်းဆုံး အတွဲအဖက်ဖြစ်တယ်လို့ တင်ပြနေကြတယ်။ သူတို့က နအဖစစ်အုပ်စုအတွက် အာဃာတအစားအမွေခံအသစ်ကို သူကိုယ်တိုင် ရွေးချယ်ပေးချင်ပါတယ်။ ဒါကြောင့်လည်း ဗိုလ်အောင်ကြီး (ဒီချုပ်ရဲ့ ပထမဆုံးဥက္ကဋ္ဌ) ကို အမေရိကန်လွှတ်ပြီး ‘အာဏာဟူသမျှ ဗိုလ်နေဝင်းကိုအပ်’ဖို့ “လော်ဘီ”လုပ်ခိုင်းတယ်။ ဒီလိုလုပ်တော့ နအဖဗိုလ်သန်းရွှေတို့နဲ့ ထိပ်တိုက်တွေ့တာပဲ။ ဒီအခါမှာ ဗိုလ်နေဝင်းကိုလည်း တဆွေတမျိုးလုံး အပြတ်ရှင်းတော့တာပဲမဟုတ်လား။

နဝတ/နအဖဟာ အာဏာနဲ့ပတ်သက်လာရင် အလွန်အကဲဆတ်တယ်။ ‘ဗကပဟာ အာဏာကို ဖြုတ်လမ်းကရချင်တာ’လို့ စွပ်စွဲလိုက်၊ ‘ဒီချုပ်ဟာ အာဏာကို ဖြုတ်လမ်းကရချင်တာ’လို့ စွပ်စွဲလိုက်လုပ်နေတာကို ကြည့်ရင် ရှင်းပါတယ်။ ဒါနဲ့ပတ်သက်ရင် ဘယ်သူနဲ့မှအပေးအယူ မလုပ်ချင်တာရှင်းနေတယ်။ သားရင်ကြားစေ့ရေးဆိုတာထက် စစ်အုပ်စုတွင်း ရင်ကြားစေ့ရေးကိုပဲ လုံးပမ်းနေကြရတာဖြစ်တယ်။ ကြာတာမဆန်းဘူး။ နအဖ ဖက်ဆစ်လမ်းစဉ်ကို ဆက်ခံအကောင်အထည်ဖော်မယ့်လူတွေဆိုတော့ ဒီလမ်းစဉ်အပေါ်မှာသစ္စာရှိဖို့နဲ့ ခေါင်းထဲမှာ ဒီလိုအတွေးအခေါ်ကို စွဲစွဲမြဲမြဲစိုက်ထူနိုင်ဖို့အတွက် သူတို့ကို စားပေါက်တွေနဲ့ အစွယ်ပေါက်အောင် လုပ်ပေးနေကြရသေးတယ်။

‘ဗကပခွဲထွက်တွေ’အပါ ‘ငြိမ်းအဖွဲ့’ ဆိုတာတွေက ကြက်ပြေးကအာဏာကို စိန်မခေါ်နိုင်ဘူး။ မလုနိုင်ဘူး။ သူတို့ဟာ ဒေသန္တရအာဏာလောက်ပဲ မှန်းနိုင်ကြသူတွေဖြစ်တယ်။ ဒါပေမဲ့ ပြဿနာက သူတို့လက်ထဲမှာ လက်နက်တွေရှိနေတယ်။ ဒီလက်နက်တွေဟာ ဗမာပြည်အတိုင်းအတာနဲ့ဆိုရင် အရေးရတော့မယ်ဆိုတာ သိတယ်။

– စီးပွားရေးချွတ်ခြုံကျနေတာကို သိတယ်။

– လူထုက အုံကြွနေချင်ပြီဆိုတာကို သိတယ်။

– နိုင်ငံတကာအခြေအနေက ပြောင်းနေပြီဆိုတာသိတယ်။

ဒါပေမဲ့ သိသာသိတယ်။ ဖြေရှင်းရမယ့်နည်းနာကို သူမသိဘူး။ ရှာမတွေ့ဘူး။ ယေဘုယျပဲ ပြောနိုင်တယ်။ အာဏာကို ချောမွေ့ညင်သာစွာ လွှဲပြောင်းပေးရမယ်လောက်ပဲ ပြောပါတယ်။ (အခု နအဖပြောတဲ့ လမ်းပြမြေပုံနဲ့ အတူတူပဲ။) ဗိုလ်နေဝင်းတယောက် မျက်ရည်လည်ရွဲနဲ့ပြောပြီး ပလ္လင်ပေါ်ကနေ ငိုချင်းချတာကို သိမှီတဲ့ ဗမာပြည်သားတွေ ကောင်းကောင်းမှတ်မိနေကြသေးတယ်။

... သိသာ သိတယ်။

ဖြေရှင်းရမယ့် နည်းနာကို

သူမသိဘူး ...။ ရှာမတွေ့ဘူး။

ယေဘုယျပဲ ပြောနိုင်တယ်။

အာဏာကို ချောမွေ့ညင်သာစွာ လွှဲပြောင်းပေးရမယ်လောက်ပဲ

ပြောပါတယ် ... ...

ဗိုလ်နေဝင်းတယောက် မျက်ရည်လည်ရွဲနဲ့ပြောပြီး ပလ္လင်ပေါ်ကနေ

ငိုချင်းချတာကို သိမှီတဲ့ ဗမာပြည်သားတွေ

ကောင်းကောင်း မှတ်မိနေကြသေးတယ် ...။

# ဖက်ဆစ်မို့ ခေါင်းမာသူကိုရင်ဆိုင်ခြင်း



ဗညို

ပြင်ဆင်ရေးကိုလည်း ကုလသမဂ္ဂလုံခြုံရေးကောင်စီကိုလွှဲထားလို့တော့ ဒုက္ခပဲ။

‘ဒီမိုကရေစီတော်လှန်ရေး’ရဲ့ အလံကိုင် (အားလုံးကဝိုင်းပြီးတင်ထားတဲ့ အလံကိုင်) ဟာ ဒီချုပ်ပဲ။ ဒါပေမဲ့ သူက မြေပေါ်ဥပဒေဘောင်တွင်းမှာ လုပ်နေတဲ့ပါတီဖြစ်တယ်။ စစ်အာဏာရှင်တွေရဲ့ မာရှယ်လောအောက်မှာလုပ်နေရတဲ့ မြေပေါ်ပါတီတရပ်အဖို့ ‘လုပ်ပိုင်ခွင့်’ သိပ်မရှိဘူးဆိုတာ လူတိုင်းအသိ။ ဆိုလိုတာ လုပ်ချင်စိတ်ရှိဦးတော့ သိပ်မလုပ်နိုင်ဘူးဆိုတာကို ပြောတာ။ ဒါပေမဲ့ ဒီချုပ်အနေနဲ့ ဒီပုံစံအတိုင်းဆက်ရပ်တည်နေဖို့ ဆိုတာကလည်း ကြာလေ ခက်လေဖြစ်တော့ကင်းဆုံးဖြစ်နိုင်တဲ့ အတွဲအဖက်ဖြစ်တယ်လို့လည်း ထောက်ပြကြတယ်။ အဲဒီလို အတွဲအဖက်ရှိနေတဲ့ ဒီချုပ်ခေါင်းဆောင်စုအပေါ်မှာတောင် အာဃာတထားနေမှတော့ ရှမ်းဒီချုပ်လို တခြားပါတီတွေရဲ့ ခေါင်းဆောင်စုတွေကို အာဃာတနဲ့ချေမှုန်းနေတာဟာ မဆန်းလှဘူးလို့ဆိုရမယ်။

ဗိုလ်သန်းရွှေတို့တတွေဟာ အာဏာနဲ့ပတ်သက်လာရင် ဘယ်သူ့ကိုမှ သံယောဇဉ်မထားနိုင်ဘူးဆိုတာ ထိန်ဝှက်မထားဘူး။ နေရာတကာမှာ အကြိမ်ကြိမ်ဖော်ပြနေတယ်။ ဗိုလ်နေဝင်းအပေါ် ဆက်ဆံခဲ့ပုံကိုပဲ ပြန်စဉ်းစားကြည့်။ ဗိုလ်နေဝင်းက စစ်အုပ်စု အမွေနောက်ပြီး ဒါကို ပြောင်လည်းပြောတယ်။ သွယ်ဝိုက်လို့လည်း ပြောတယ်။

အခု ‘ညောင်နှစ်ပင်’ လုပ်နေတာဟာ အာဏာကို လူသစ် (စစ်အုပ်စုသစ်) တွေ လက်ထဲကို တည်တည်ငြိမ်ငြိမ်နဲ့လွှဲခဲ့ချင်လို့ လုပ်နေတာဖြစ်တယ်။ (တနည်းပြောရရင် အာဏာကိုစစ်အုပ်စုက ရာသက်ပန်ထိန်းသိမ်းထားနိုင်ရေးပဲ။) ‘ညီလာခံ’အချိန်ဆွဲလုပ်နေတာကလည်း ဒီချုပ်ပြဿနာ မရှင်းရသေးလို့ တခုထဲမဟုတ်ဘူး။ ‘စစ်အုပ်စုသစ်’ ကိုရွေးချယ်တာ မပြီးသေးလို့ဆိုတဲ့အချက်လည်း ထိပ်ကပါတယ်။ ပြည်တွင်းပြည်ပက၊ မိဘပြည်သူတွေကတောင်းဆိုနေတဲ့ အမျိုးအတွက်လည်းများတယ်။ အရည်အချင်းလည်း မညီဘူး။ ဒါကြောင့် ဗိုလ်သန်းရွှေတို့က ပေါ့ပေါ့ဆဆတော့ မလုပ်ဝံ့ဘူး။ အခုအခါ နိုင်ငံတကာအခြေအနေကလည်း သူတို့အတွက် ကောင်းလှတာမဟုတ်တော့ နအဖအနေနဲ့ ဒီနေ့အခါမှာ သူတို့ကို သပိတ်ဝင်အိတ်ဝင်လို့ သဘောထားလို့မရဘူး။ ချော့လိုက်၊ ခြောက်လိုက်လုပ်နေတာလည်း သိပ်မထိရောက်ဘူးဆိုတာ မြင်မြင်လာနေရတယ်။

‘ညောင်နှစ်ပင်’ကို အဲဒီလို နိုင်ငံရေးရာသီဥတု အခြေအနေကြည့်ပြီး လုပ်နေရတာဆိုတော့ ဗိုလ်သန်းရွှေတို့ဟာ ဘာကိုမှ အပြတ်မပြောနိုင်ဘဲ ဖြစ်နေကြတယ်။ လမ်းပြမြေပုံ ပြီးဆုံးအောင်မြင်အောင်လုပ်မယ်ဆိုတဲ့ ယေဘုယျသဘောလောက်ပဲ စမ်းတဝါးဝါး ပြောနေရတာ ဖြစ်တယ်။ ပြည်ပကလည်း သူတို့ကို ဒီမျက်လှည့်ပွဲရပ်ဖို့ ပြောနေကြပြီ။ တကယ်က သူတို့ရဲ့အခြေအနေကို သူတို့ မသိတာမဟုတ်ဘူး။ ‘ဗိုလ်နေဝင်းဒုက္ခ’မျိုး သူတို့တိုးမှာကို ကြောက်နေတာပါ။ အဲဒီအဖြစ်မျိုးအတွက် အလားအလာတွေကလည်း တွေ့လာနေရပြီ။

‘ဗိုလ်နေဝင်းဒုက္ခ’ဆိုတာက ဒီလို ....။ ၁၉၈၇ ခုထဲလောက်ရောက်တော့ ဗိုလ်နေဝင်းဟာ ....

– မဆလလမ်းစဉ် ကျဆုံးနေတာကို သိတယ်။

– အာဏာကိုအမွေပေးခဲ့ဖို့ လူရွေးချယ်

ဒါပေမဲ့ ဗိုလ်နေဝင်းဟာ အာဏာကို ချောမောညင်သာစွာ လွှဲပေးမသွားနိုင်ခဲ့ဘူး။ လူထုအုံကြွမှုကြီး ပေါ်လာနေတော့မှ ‘ဗိုလ်စိန်လွင်ကို နာမည်ပျက်ရှိမှန်းသိရက်နဲ့ ဖုတ်ပူမီးတိုက် နန်းအပ်ပြီး ကိုယ့်ရောင်ကိုယ်ဆွဲပြီး ဆင်းသွားရတယ်။ ဗိုလ်သန်းရွှေဟာ ဗိုလ်နေဝင်းလောက် တပ်ကိုမီးမသေပေမဲ့ ဗိုလ်နေဝင်းလိုပဲ “အဖေကြီး”လုပ်ချင်နေတယ်။ အများကတော့ ဘဝရှင်မင်းတြားကြီးလို့ပဲ မြင်ကြ၊ ခေါ်ကြတယ်။ ဗိုလ်နေဝင်းနဲ့ ဗိုလ်နေဝင်းရဲ့မွေးစားသားလို့အပြောခံရသူ ဗိုလ်ခင်ညွန့်တို့ကို ဖြုတ်ပစ်ခဲ့နိုင်လို့ သူကိုယ်သူ ဗိုလ်နေဝင်းထက် အစွမ်းထက်တယ်လို့ ယူဆနေဟန်လည်းရှိတယ်။ သူဟာဗိုလ်နေဝင်းလို နိုင်ငံရေးသမိုင်းမရှိပေမဲ့ ဗိုလ်နေဝင်းထက် ပိုပြီး ပြောင်ကျကျ ကိုယ့်အိတ်ထဲကိုယ် ထည့်ရဲတယ်။ ဒီပဲယင်းလိုကိစ္စမျိုး ဖန်တီးရဲတယ်။ ဘာပဲပြောပြော အခုတော့ဗိုလ်နေဝင်း ကံကြမ္မာမျိုးပဲ ဆိုက်နေပြီ။ အခုနောက်ပိုင်းမှာ ကျောင်းသားခေါင်းဆောင်တွေကို ဖမ်းလိုက်တာ၊ ကိုသက်ဝင်းအောင်ကျဆုံးတာ စတာတွေဟာ နအဖအဖို့ မမျှော်လင့်တဲ့ဘက်ကတိုက်ခိုက်တာခံရသလို အမှတ်မဲ့ဖြစ်ကုန်တယ်။

ရှေ့လျှောက် နအဖစစ်အုပ်စုအဖို့တော့ လှုပ်လေမြုပ်လေပဲဖြစ်တော့မယ် ....။

ဗညို

❖

BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ
မှထုတ်ဝေဖြန့်ချိသည်။

**အယ်ဒီတာချုပ်**
ဇီဝဇိုး

**တာဝန်ခံအယ်ဒီတာ**
နေသွင်

**သတင်းအယ်ဒီတာ**
စောမင်းထိုက်ကျော်၊ ကျော်ဦးညို၊
ဘုန်းမြင့်၊ ခွာညို

**စာမျက်နှာဖွဲ့စည်းမှု**
စောဒီထူး၊ အောင်ထက်

**မိုးကြိုး** သတင်းစဉ် သို့

စာမူများ၊
ဝေဖန်အကြံပြုစာများ
ဆက်သွယ်
ပေးပို့နိုင်သည်။

P.O.Box (91)
Mae Sod, 63110
Tak , Thailand.
www.binamojo.org
binamojo@cscoms.com

ပြည်တွင်းလှုပ်ရှားမှု
ဓာတ်ပုံများကို
အသုံးပြုခွင့်ပေးခဲ့သော
နိုင်ငံရေးအဲတုမှ ကော်မတီအား
မိုးကြိုးသတင်းစဉ်မှ
အထူးကျေးဇူးတင်ရှိပါသည်။

အယ်ဒီတာအဖွဲ့

# အာဏာရှင်စနစ်ကို အပြုတ်တိုက်မည့် လူထုတိုက်ပွဲနှင့် လက်နက်ကိုင်တိုက်ပွဲ ပေါင်းစပ်သွားမည်ဟု ကျောင်းသားတပ်မတော် (အေဘီအက်ဒီအက်ဖ်) ပြောကြား



ဒီမိုကရက်တစ်တပ်ဦးဖွဲ့စည်းခြင်း (၁၈) နှစ်ပြည့် အခမ်းနား

မြန်မာနိုင်ငံကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦးဖွဲ့စည်းခြင်း (၁၈) နှစ်ပြည့်ကြေညာချက်တွင် ကမ္ဘာ့တခုတည်းသော ကျောင်းသားတပ်မတော်က မြန်မာပြည်နိုင်ငံရေးအပြောင်းအလဲအတွက် လူထုတိုက်ပွဲနှင့်လက် နက်ကိုင်တိုက်ပွဲပေါင်းစပ်သွားမည်ဟု ကြေညာလိုက်သည်။

နိုဝင်ဘာလ (၁) ရက်၊ ကျောင်းသားတပ်မတော်ဖွဲ့စည်းခြင်း နှစ်ပတ်လည်အထိမ်းအမှတ်နေ့တွင် တပ်ဦးမှရဲဘော်ရဲဘက်များသို့ သဝဏ်လွှာပေးပို့ရာတွင် မြန်မာပြည်၏ လက်ရှိအခြေအနေ၊ (၈၈) မျိုးဆက်များ၏ လှုပ်ရှားမှုနှင့် ပြည်သူလူထုတရပ်လုံးစုစည်း၍ ဒီမိုကရေစီအရေး ကြိုးပမ်းနေမှုများသည် အားရဖွယ်ဖြစ်ကြောင်း ဖော်ပြထားသည်။

ထိုင်း–မြန်မာနယ်စပ်တနေရာတွင် ကျင်းပသော တပ်ဦးဖွဲ့စည်းခြင်းနှစ်ပတ်လည်နေ့တွင် ကျောင်းသားတပ်မတော်ခေါင်းဆောင်များက နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန်ငြင်းဆန်နေသော နအဖကို တိုက်ခိုက်ရာတွင် တပ်ဦးအနေဖြင့်တိုင်းပြည်၏လိုအပ်ချက်၊ သမိုင်းလိုအပ်ချက်အရ လက်နက်ကိုင်တိုက်ပွဲလုပ်ငန်းစဉ်ကို ဆက်လက်ဆင်နွှဲသွားရုံမှအပါး အခြားမရှိကြောင်း ပြောဆိုသွားခဲ့ကြသည်။

အေဘီအက်စ်ဒီအက်ဖ် ဒုဥက္ကဋ္ဌကိုမျိုးဝင်းက "ကျနော်တို့အနေနဲ့ စစ်ရေးလမ်းစဉ်ကိုစွန့်လွှတ်ပြီး အခြားနိုင်ငံရေးလမ်းစဉ်တွေကို ပြောင်းဖို့မရှိပါဘူး။ ကျောင်းသားတပ်မတော်ဟာ ရှစ်လေးလုံးက ပေါက်ဖွားလာတဲ့ လူထုတပ်မတော်ဖြစ်တယ်။ တပ်ဦးရဲ့ရည်ရွယ်ချက်နဲ့ ရှစ်လေးလုံးရဲ့ ရည်ရွယ်ချက်က ရှစ်လေးလုံးရဲ့ ရည်မှန်းချက်တိုက်ပွဲတွေကို ဖော်ဆောင်ဖို့ဖြစ်တယ်" ဟုပြောသည်။

တပ်ဦး၏ အထွေထွေအတွင်းရေးမှူးကိုကျော်ကိုက "ကျနော်တို့ တိုင်းပြည်ရဲ့ အပြောင်းအလဲ၊ ကျနော်တို့လိုချင်တဲ့ပန်းတိုင်မရောက်မချင်းတော့ လက်နက်ကိုင်တိုက်ပွဲ၊ လူထုတိုက်ပွဲ ဒီနှစ်ခုကို ကျနော်တို့ စွဲစွဲမြဲမြဲ ကြံ့ကြံ့ခိုင် တိုက်ပွဲဝင်သွားမှာ ဖြစ်ပါတယ်" ဟု ပြောသည်။

လက်နက်ကိုင်တိုက်ပွဲနှင့် လူထုတိုက်ပွဲ ပေါင်းစပ်နိုင်ရေးအတွက် တပ်ဦးအနေဖြင့် လူထုနှင့်ဆက်သွယ်နိုင်မည့် ဆက်သွယ်ရေးလမ်းကြောင်းများ ဖွင့်ထားပြီဟုခေါင်းဆောင်များ က ဆိုသည်။

အခမ်းအနားသို့ပေးပို့သော မဟာမိတ်အဖွဲ့အစည်းများ၏ သဝဏ်လွှာတွင် နိုင်ငံနှင့်ပြည်သူအတွက်တပ်ဦး၏အနစ်နာခံစွန့်လွှတ်မှုများကို ချီးကျူးဖော်ပြထားပြီး၊ အနာဂတ်တွင် ပြည်သူလူထုနှင့်အတူ အောင်ပွဲခံရေးနည်းလမ်းများကိုလည်း အခမ်းအနားတက်ရောက်လာသောခေါင်းဆောင်များက အကြံပြုဆွေးနွေးခဲ့ကြသည်။

ကျောင်းသားတပ်မတော် စတင်တည်ထောင်ချိန်မှ ယနေ့အထိ တိုက်ပွဲအတွင်းကျဆုံးသူ (၃၀၀)၊ ကိုယ်လက်အင်္ဂါစွန့်လွှတ်ခဲ့ရသူ (၄၀၀) ခန့်နှင့်ကွယ်လွန်သူ (၂၄၀)၊ စုစုပေါင်း (၉၇၀) ရှိပြီး စက်တင်ဘာလ (၅) ရက်နေ့ထုတ် ဒီမိုကရေစီသူရဲကောင်းများနေ့အထိမ်းအမှတ်ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားဒီမိုကရက်တစ်တပ်ဦးကို (၁၉၈၈) ခု နိုဝင်ဘာ (၁) ရက်နေ့တွင် ကရင်အမျိုးသားအစည်းအရုံးတပ်မဟာ (၇) ဒေသ၊ ကော်မှူးရာမြို့နယ်ရှိ ဝမ်းခစခန်းတွင် စတင်ဖွဲ့စည်းခဲ့သည်။ ❖

# လူမျိုးစုံသွေးစည်း ညီညွတ်မှုတွန်းအားဖြင့် တွေ့ဆုံဆွေးနွေးရေးလမ်းကိုဖွင့်လှစ်ကြ

လက်ရှိစစ်အုပ်စုသည် သမိုင်းအဆက်ဆက်ရှိခဲ့သော စစ်အုပ်စုများနည်းတူ ဒီမိုကရေစီရေး၊ တန်းတူရေးနှင့်ကိုယ်ပိုင်ပြဌာန်းခွင့်များကို ပြောင်ပြောင်တင်းတင်း ဆက်လက်ငြင်းဆန်နေသဖြင့် လူမျိုးစုံသွေးစည်းမှုတွန်းအားဖြင့် တွေ့ဆုံဆွေးနွေးရေးတံခါးကိုဖွင့်ကြရန် လူ့ဘောင်သစ်ပါတီက တိုက်တွန်းလိုက်သည်။

အောက်တိုဘာ (၁၄) ရက်၊ ပါတီဖွဲ့စည်းတည်ထောင်ခြင်း (၁၈) နှစ်ပြည့်နှစ်ပတ်လည်နေ့တွင် လူဘောင်သစ်ပါတီက ကြေညာချက်တစောင်ထုတ်ပြန်ရာတွင် နအဖသည် (၈၈) မျိုးဆက်များအား ဖမ်းဆီးပြလိုက်ခြင်းသည် ဒီမိုကရေစီအင်အားစုများအား စိန်ခေါ်လိုက်ခြင်းဖြစ်သဖြင့် အင်အားစုများအနေဖြင့် ယခင်ထက်ပိုမိုထိရောက်မည့် နည်းလမ်းများကို ရှာဖွေရမည်ဟုဖော်ပြထားသည်။

(၈၈) ဒီမိုကရေစီအရေးတော်ပုံကို အသရေဖျက်သော၊ ၁၉၉၀ ရွေးကောက်ပွဲကို ပုတ်ခတ်စော်ကားသော၊ ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ဝိုင်းပယ်စော်ကားသော နအဖ၏လုပ်ဆောင်ချက်အားလုံးကို လူ့ဘောင်သစ်ပါတီက ရှုတ်ချ



ပါတီဖွဲ့စည်းတည်ထောင်ခြင်း (၁၈) နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားကျင်းပနေစဉ်

ထားသည်။

နအဖအား တွေ့ဆုံရေးစားပွဲဝိုင်းသို့ တွန်းပို့ရာတွင် လူထုစွမ်းပကားသာ အဓိကဟု ယုံကြည်သဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား နအဖ၏လုပ်ကြံစွပ်စွဲချက်များနှင့် လက်ရှိအခြေအနေကို ပြည်သူလူထုအား ရှင်းရှင်းလင်းလင်းချပြစည်းရုံးရန် လူ့ဘောင်သစ်ပါတီက အကြံပြုတိုက်တွန်းထားသည်။

လူထုကို ကိုယ်စားမပြုသူများဖြင့် ညောင်နှစ်ပင်ညီလာခံကို ကျင်းပနေခြင်းနှင့် ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့်ကိုယ်ပိုင်ပြဌာန်းခွင့် အနှစ်သာရများမပါဝင်သော အခြေခံဥပဒေကိုရေးဆွဲနေခြင်းသည် ကာလရှည်ကြာနေသော မြန်မာပြည်ပြဿနာကို မှန်မှန်ကန်ကန် ဖြေရှင်းနိုင်မည်မဟုတ်ကြောင်း လူ့ဘောင်သစ်ပါတီ၏ ကြေညာချက်ကဆိုသည်။

ပြည်တွင်းပြဿနာကို ချဉ်းကပ်ရာတွင် သဘောထားမမှန်သောနအဖကြောင့် နိုင်ငံတကာက မြန်မာ့အရေးဝင်ရောက်ဖြေရှင်းပေးရသော အခြေအနေဖြစ်လာလျှင်လည်း တရားခံမှာ နအဖကိုယ်တိုင်သာဖြစ်ကြောင်း လူ့ဘောင်သစ်ပါတီက ထောက်ပြထားသည်။

တိုင်းပြည်ပြဿနာ တရက်ရှည်ကြာနေလျှင် တိုင်းပြည်တရက်နစ်နာမည်ဖြစ်သဖြင့် "ထိုပြဿနာကို အမှန်ကန်ဆုံး အမြန်ဆန်ဆုံး ဖြေရှင်းရေးသည် ကျနော်တို့ တတိုင်းတပြည်လုံးနှင့် လူမျိုးစုံပြည်သူများ၏ ပထမဦးစားပေးအမျိုးသားရေးတာဝန်သာ ဖြစ်ပါသည်" ဟု ကြေညာချက်၏နိဂုံးပိုင်းတွင် ဖော်ပြထားသည်။

ဆွေးနွေးပွဲ စကားဝိုင်းပုံစံကျင်းပသော လူ့ဘောင်သစ်ပါတီမွေးနေ့အခမ်းအနားတွင် မဟာမိတ်အဖွဲ့အစည်းများမှ ခေါင်းဆောင်များက ပါတီ၏အားနည်းချက် အားသာချက်များကိုထောက်ပြခဲ့ပြီး ရှေ့လုပ်ငန်းစဉ်နှင့်ပတ်သက်၍လည်း ပွင့်ပွင့်လင်းလင်း အကြံပြုခဲ့ကြသည်။

လူ့ဘောင်သစ်ပါတီသည် ၁၉၈၈ တွင် တက်ကြွစွာပါဝင်ခဲ့သော ကျောင်းသားလူငယ်များ၏ပါတီဖြစ်ပြီး ၁၉၉၀ ပြည့်ရွေးကောက်ပွဲတွင် အမျိုးသာဒီမိုကရေစီအဖွဲ့ချုပ်အနိုင်ရရေးအတွက် အဓိကပံ့ပိုးကူညီမှုများပေးခဲ့သောပါတီဖြစ်သည်။ ❖

**ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ သဘာပတိအဖွဲ့နှင့် အတွင်းရေးမှူးအစည်းအဝေးတရပ်ကို အောက်တိုဘာလ (၂၆) ရက်နေ့က ထိုင်း–မြန်မာနယ်စပ်တနေရာတွင်ကျင်းပရာ မြန်မာပြည်နိုင်ငံရေး၏ လက်ရှိအခြေအနေနှင့် အဲန်စီယူဘီ၏ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြပြီး၊ အရေးကြီးသော ဆုံးဖြတ်ချက်များကို ဆုံးဖြတ်ခဲ့ကြောင်းသိရသည်။**



**– ကိုယ့်အခွင့်အရေးအတွက် ကိုယ်တိုင်တိုက်ပွဲဝင်ကြ။**
**– ကောင်းတဲ့ကိစ္စ၊ တရားတဲ့ကိစ္စမှန်သမျှ ရဲရဲလုပ်ကြ။**
**– မတရားတဲ့အမိန့်အာဏာဟူသမျှ တာဝန်အရ ဖီဆန်ကြ။**